
www.burmeseclassic.com

# လွမ်းကျန်ရစ်သူရဲ့ကဗျာ




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၉၃၆ / ၉၉ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၆၉၆ / ၉၉ (၁၀)
ထုတ်ဝေသူ – ဒေါ်ရွှေအိမ် (၀၁၂၉၉)
တိုင်းလင်းစာပေတိုက်
အမှတ် ၈/၆၅ – အုပ်စု၊
၃/အောင်သိဒ္ဓိလမ်း၊စော်ဘွားကြီးကုန်း
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဒေါ်ခင်သန်း (၀၂၆၇၂)
နဝရတ်ပုံနှိပ်တိုက်
၁၈၊ သင်္ဂဟာလမ်း၊ ကျောက်မြောင်း။
ရန်ကုန်မြို့။
ကွန်ပျူတာစာစီ – နဝရတ်ကွန်ပျူတာစင်တာ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၂၀၀ကျပ်
ဒီဇင်ဘာလ၊ ၁၉၉၉ ခုနှစ်
ပထမအကြိမ်

# စုလှဖြူ

## ယွမ်းကျန်ရစ်သူရဲ့ကဗျာ

BURMESE CLASSIC .com

စုလှဖြူ

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း-၁

နဝရတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

နံနက်(၇)နာရီထိုးပြီး ဆယ့်ငါးမိနစ်ခန့်ရှိနေပြီ။

ရေကူးကန်တဝိုက် လူရှင်းနေသည်။

မြမြခက်ကို စောင့်မျှော်နေမိရင်း စိမ်းနုမေ သက်ပြင်းရှိုက်လိုက်မိ၏။

သည်ကနေ့ မြမြခက်နောက်ကျလိုက်တာ . .

စိမ်းနုမေသည် အာစီထဲဝင်လာခဲ့ပြီး ရေကူးဝတ်စုံကို လဲလှယ်ဝတ်လိုက်၏။

ဆံပင်တွေ မြင့်မြင့်ထုံးပြီး ပလပ်စတစ်ဦးထုပ်ဖြင့် စုသိမ်းလိုက်သည်။

ခက် ကြာလိုက်တာ . .

လမ်းမှာ မီးပွိုင့်တွေဖြတ်နေရပြီထင်ပါရဲ့ . .

မြမြခက်က မြို့ထဲမှာနေသည်။



www.burmeseclassic.com

www.burmeseclassic.com

နွေရာသီတွင် ရေကူးချင်သည်ဆိုပြီး စိမ်းနုမေတို့ F.M.I စီးတီးရေကူးကန်ကြီးမှာ နေ့စဉ်လာကူးနေကျ။

F.M.I စီးတီးထဲရှိ ရေကူးကန်ကြီးက ကျယ်ဝန်း သန့်ပြန့်ပြီး လူရှင်းသောကြောင့် မြမြခက်နံနက်တိုင်းလိုလို ရေကူးရန် ရောက်လာလေ့ရှိသည်။

စိမ်းနုမေက F.M.I စီးတီးထဲရှိ လုံးချင်းအိမ်ရာ တွင် နေထိုင်သူမို့ နေ့စဉ်မြမြခက်နှင့်အတူ ရေကူးဖြစ်ကြသည်။

ယခင်ရက်များက မြမြခက်တစ်ယောက် နံနက် ခုနစ်နာရီထိုးသည်နှင့် ရောက်လာလေ့ရှိသော်လည်း ယနေ့ ရောက်မလာသေးပေ။

စိမ်းနုမေသည် ရေကူးဝတ်စုံ အစိမ်းနုလေးဖြင့် ရေကူးကန်ရှိရာ လျှောက်လာခဲ့ပြီး သုံးမိနစ်ခန့်ရပ်နေသည်။

ရေကူးကန် ရေကန်ပေါင်ပေါ် လျှောက်လာပြီးမှ လက်က နာရီကို ငုံ့ကြည့်မိသည်။

"နာရီချွတ်ဖို့ မေ့နေလိုက်တာ"

နာရီကို ချွတ်လိုက်ပြီး ရေကူးကန်ပေါင်နှင့် မနီး မဝေးမြက်ခင်းစပ်မှာ အသာပစ်တင်ထားလိုက်မိ၏။

ပြီးတော့ ရေကူးကန်ထဲ ဆင်းခဲ့သည်။





ရေကူးကန်ထဲတွင် နာရီဝက်ခန့်ကြာခဲ့ပြီးဖြစ်သော် လည်း မြမြခက်က ရောက်မလာသေးပေ။

စိမ်းနုမေရေကူးကန်ထဲမှ တက်လာခဲ့၏။

"သည်ကနေ့ ခက်မလာတော့ဘူးထင်တယ်"

အာစီထဲ ဝင်ရန် ခြေလှမ်းပြင်လိုက်ပြီးမှ ရေကန် ပေါင်အနီးမြက်ခင်းပေါ် တင်ထားခဲ့သည့် နာရီလေးကို သတိရသွားမိသည်။

နာရီယူရန် သူပြန်လှည့်လာခဲ့၏။

"အို"

သွားပြီ . .

သူ့နာရီလေးကို မမျှော်လင့်ဘဲ တစ်စုံတစ်ဦးက နင်း ခြေမစ်လိုက်မိပြီ မဟုတ်ပါလား။

"အိုး ဆောရီး"

ထိုလူသည် သူ့ ရှူးဖိနပ်ဖြင့် တစ်စုံတစ်ရာအား နင်း မိပြီးမှ သတိပြုမိသွားပုံဖြင့် ခြေထောက်ကို ရွှေ့ကြည့်လိုက် သည်။

မှန်တွေကွဲကြေသွားပြီဖြစ်သည့် ရွှေရောင်ဒိုင်ခွက် လက်ပတ်ကြိုး အဖြူရောင်နှင့် လက်ပတ်နာရီလေးကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com

သွားပြီး မျက်စိမျက်နှာပျက်ပျက်ဖြင့် တောင်းပန်လိုက်ခြင်းပါ။

"ဒါခင်ဗျား နာရီလား၊ ဆောရီးပဲဗျာ"

သူတောင်းပန်နေပေမယ့် စိမ်းနုမေက စိတ်ဆိုးနေသည့် မျက်နှာအမူအရာဖြင့် ရန်တွေ့လိုက်သည်။

"ရှင်ဒီလောက်ပဲ မျက်စိလျှမ်းသလား"

"ကျွန်တော် အလျော်ပေးပါ့မယ်ဗျာ၊ ခင်ဗျားကလဲ နာရီကို မြက်ခင်းပေါ်မှာမှ ထားရသလားဗျာ"

"ဒါတော့ ရေကူးကာနီးမှ နာရီချွတ်ဖို့ သတိရတာကိုး"

ရေကူးဝတ်စုံနှင့်မို့ ထိုလူရှေ့တွင် ကြာကြာရပ်ပြောမနေသင့်တော့ဘဲ အာဝီထဲပြေးဝင်လာခဲ့သည်။

သူရပ်ကြည့်ပြီး ကျန်ရစ်ခဲ့သည်။

စိမ်းနုမေအဝတ်တွေလဲပြီး မျက်နှာသုတ်ပဝါသားဆန်ဆန်မွေးပွ အင်္ကျီရှည်ကြီးကို လုံခြုံစွာ ဝတ်လိုက်ပြီးမှပင် အာဝီထဲမှ ထွက်လာခဲ့သည်။

ထိုလူက စိမ်းနုမေ၏ မှန်ကွဲနေပြီဖြစ်သည့် နာရီလေးကို ဆုပ်ကိုင်ထားလျက် ရပ်စောင့်နေသည်။





"ဒီနာရီနဲ့ အမျိုးအစားတူတာ တစ်လုံးကျွန်တော်ဝယ်ပေးပါ့မယ်"

"ရှင် နင်းပစ်လိုက်လို့ ကွဲသွားတာပဲ ရှင်အလျော်ပေးရမှာပေါ့၊ ဒါလူမှုရေးလေ"

"ခင်ဗျားကလဲ လျော်ပါ့မယ်ဆိုမှဗျာ"

"ကောင်းပြီ"

မျက်နှာခပ်မာမာ၊ အသံပြတ်ပြတ်နှင့် စိမ်းနုမေမျက်နှာလေးကို သူငေးကြည့်နေရာမှ ပြုံးလိုက်၏။

"မြို့ထဲမှာ အခုပဲ သွားဝယ်ပေးပါ့မယ်၊ ခင်ဗျားအားရင်မြို့ထဲလိုက်ခဲ့ပါလား၊ ခင်ဗျားစိတ်ကြိုက်နာရီတစ်လုံးကို ရွေးပေါ့၊ ကျွန်တော်က ငွေထုတ်ပြီး ဝယ်ပေးမယ်"

သူ့စကားကြောင့် စိမ်းနုမေ နှုတ်ခမ်းကို မဲ့ပစ်လိုက်၏။

"ဒီလောက်မလိုဘူး ထင်တယ်၊ ဒီနာရီအမျိုးအစားနဲ့ အရွယ်ကိုမှတ်သွားပါ၊ ပြီးတော့ အလျော်အစားအတွက်အသစ်စက်စက်တစ်လုံးဝယ်လာခဲ့ပါ ဒါပဲ"

"ဒါဖြင့် ခင်ဗျားကိုယ်တိုင် လိုက်မရွေးဘူးပေါ့"

"အချိန်ဒီလောက်မရှိဘူးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . ဩော်"

"ရှင် ပြောစရာကုန်ပြီ မဟုတ်လား၊ ကျွန်မနာရီ ပြန်ပေး"

နာရီအကွဲကို ပြန်တောင်းနေသောကြောင့် အံ့အား သင့်သွားပြီး . .

"ကျွန်တော်ခဏ ယူသွားမယ်လေ၊ ဒါမှပုံစံတူ အမျိုး အစားတူတာ ကြည့်ပြီး ဝယ်လို့ရမှာပေါ့ဗျာ"

"ကျွန်မက ပစ္စည်းဟောင်းကို မစွန့်ပစ်တတ်ဘူး၊ ဒါကြောင့် မပေးလိုက်နိုင်ဘူး"

"မှန်လဲပြီး နာရီပြင်ခဲ့ပါ့မယ်၊ အသစ်တစ်လုံးလဲ ဝယ်ခဲ့မယ်"

"ရှင့်ကြည့်ရတာ ငွေကို ဖောဖောသီသီသုံးနေပုံ ရတယ်၊ ရှင် ဒီနေရာကို ရေကူးဖို့လာတာလား"

"ကျွန်တော် ဒီထဲက တိုက်တွေဆောက်ပေးနေတဲ့ ကံထရိုက်တာ တစ်ယောက်ပါ"

"ဘယ်ကုမ္ပဏီလဲ"

"ခြသေ့်မင်းပါ"

"ဩော် ဟုတ်လား"





စိမ်းနုပြောပြီး လှည့်ထွက်ခဲ့သဖြင့် သူက

"ခဏလေး"

"ဘာပြောဦးမလို့လဲ"

"ခင်ဗျားမေးစရာတစ်ခု ကျန်နေလို့"

"ပြောလေ"

"ကျွန်တော့်နာမည်"

"မသိချင်ဘူး"

"ဗျာ ခင်ဗျားနာရီလာပြန်ယူဖို့ရမယ့်နေ့နဲ့ အချိန်ကို လဲပြောပါဦး"

"မနက်ဖြန်မနက် သည်အချိန်ပဲ"

"ကောင်းပါပြီဗျာ . . မနက်ဖြန်မနက် ခုနစ်နာရီ လေးဆယ့်ငါးမိနစ်နော်"

"ဟုတ်ကဲ့"

"ခင်ဗျားနာမည်"

"ရှင်သိဖို့ မလိုပါဘူး"

"ဟောဗျာ မနက်ဖြန် မနက် ကျွန်တော်ဒီနေရာ ရောက်လာရင် ဘယ်လိုအော်ရမှာလဲ၊ နာရီပိုင်ရှင်ရဲ့ နာမည် တော့ သိခွင့်ရဦးမှပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ . . စိမ်းနုမေ"

"ကျွန်တော့်နာမည်က မိုးချိုပါ"

"မိုးချိုဟုတ်လား . . နာမည်က တစ်မျိုးပဲ"

"ခုလို သိကျွမ်းခင်မင်ခွင့်ရတာ ဝမ်းသာပါတယ် မစိမ်းနုမေ"

စိမ်းနုမေက ခေါင်းညိတ်ယုံညိတ်ပြီး သိပ်ဖော်ရွေဟန်မပြပေ။

သူ့မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်ပြီး နောက်လှည့်ထွက်ခဲ့သည်။

သူက ခြေလှမ်းကျဲကြီးများဖြင့် စိမ်းနုမေကို ကျော်ဖြတ်ပြီး လျှောက်သွားသည်။

အရပ်မြင့်မြင့် ကိုယ်လုံးတောင့်တောင့်၊ အသားလတ်လတ်နှင့် သူ့ပုံစံက သွက်လက်ဖျတ်လတ်လွန်းသည်။

လေးထောင့်ဆန်ဆန် မျက်နှာပေါ်မှ သူ့မျက်လုံးရွဲ့ရွဲ့များကား အင်အားရှိပေစွ။

စိမ်းနုမေ သူ့စက်ဘီးလေးနှင့် အိမ်ပြန်လာခဲ့ရင်း

အင်း. . မိခက်. . မိခက်. . သူ့ကိုမျှော်ရင်း နာရီကို ကသောအမြောချွတ်ပစ်ခဲ့ရလို့ ခုတော့ နာရီလည်း ပျက်စီးသွားရပြီ . .





တစ်စစီဖြစ်သွားသည့် နာရီလေးကို စိမ်းနုမေ မျက်လုံးတွေထဲမှာ မြင်ယောင်နေမိပြီး နှမြောဝမ်းနည်းမိ၏။

"မနက်ဖြန်မနက် ခုနစ်နာရီလေးဆယ့်ငါးမိနစ်နော်"

လျှင်မြန်စွာ ဆုံးဖြတ်ပြောဆိုပြီး ထွက်ခွာသွားသည့် သူ့ပုံစံချောချောက စိမ်းနုမေမျက်လုံးတွေထဲမှာ စွဲကျန်ရစ်ခဲ့၏။

သူတကယ်ပြောသွားတာ ဖြစ်မှာပါ။

သူ့ပုံစံက လူကြီးလူကောင်းဆန်ပါတယ်။

ပြီးတော့ လူလိမ်လူညာတစ်ယောက်နဲ့လဲ မတူပါဘူး . . .

စောင့်ကြည့်ရသေးတာပေါ့

မနက်ဖြန်မနက် ခုနစ်နာရီလေးဆယ့်ငါးမိနစ်တဲ့။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

စိမ်းနုမေတစ်ယောက်တည်း ဝတ္ထုတစ်အုပ်ကို ဖတ်နေစဉ် ဖုန်းသံမြည်လာ၏။

"ဟဲလို"

"စိမ်းနုလား"

"ဟာ မိခက် . . နင်ဒီကနေ့ဘာဖြစ်လို့ မလာတာလဲဟ"

"ငါ့အဒေါ် တစ်ယောက်နယ်က ရောက်လာလို့ ဘုရားလိုက်ပို့ပေးနေရတာနဲ့ နောက်ကျပြီး ရောက်မလာတာပါ"

"ကြိုပြီး ဖုန်းဆက်တာ မဟုတ်ဘူးကွာ"

"ဘု[illegible]ကနေ စောစောပြန်ရောက်ပြီး ရေကူးကန်သွားဖြစ်မယ်[illegible]င်ထားတာလေ၊ အိမ်ပြန်ရောက်တော့ ရှစ်နာရီကျော်နေပြီ၊ ဒါနဲ့ မလာဖြစ်တော့တာ"





"ကျုပ်ကဖြင့် တမျှော်မျှော်နဲ့ လည်ပင်းညောင်ရေအိုးဖြစ်တော့မယ်"

"မနက်ဖြန်လဲ ငါမလာဖြစ်ဘူး၊ အဲဒါကြို့ပြောတာနော်"

"ဘာဖြစ်လို့လဲ ခက်ရဲ့၊ ကျုပ်တစ်ယောက်တည်း စိတ်ညစ်လိုက်ရတာ"

"မနက်ဖြန်လဲ ဘုရားလိုက်ပို့ပေးရဦးမယ် မနက်ဖြန် မယ်လမုဘုရား ဖူးချင်တယ်တဲ့"

"ကျုပ်တစ်ယောက်ထဲပေါ့၊ ဒီနေ့လဲ"

စိမ်းနုမေစကားပြတ်သွားသောကြောင့် မြမြခက်က

"ပြောလေ ဒီကနေ့ဘာဖြစ်သလဲ"

"နင်ရောက်မလာလို့ မျှော်ရင်းနဲ့ ရေကူးကာနီးမှ နာရီချွတ်ဖို့ သတိရတော့တယ် . . နာရီကို ချွတ်ပြီး မြက်ခင်းစပ်မှာထားမိတယ်လေ၊ အဲဒါလူတစ်ယောက်က တက်နင်းမိသွားလို့"

"ဘာ"

"ကျုပ်နာရီ တစ်စစီ ကြေမွသွားတာပဲ"

"သူ့ကို လျော်ခိုင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တောင် မပြောရသေးဘူး၊ အဲဒီလူက အလျော်ပေးမယ်ဆိုပြီး နာရီကို ယူသွားတယ်"

"ဘယ်ကလူလဲ"

"F.M.I စီးတီးထဲမှာ အလုပ်လာလုပ်နေတဲ့ ကန်ထရိုက်တာတစ်ယောက်တဲ့"

"ဟုတ်လား"

"ဟုတ်တယ် ကျုပ်နာရီအကွဲလေးကို သူယူသွားတယ်လေ"

"စိမ်းနုတော့ ဇာတ်လမ်းလေး ဘာလေးရဦးမယ် ထင်တယ်"

"ကျုပ်ဒါတွေ ဂရုမစိုက်ပါဘူး၊ ပြီးတော့ ယောကျ်ားတွေကို စိတ်မှ မဝင်စားတာ၊ ကျုပ်ရင်ထဲမှာ မမအတွက် ရခဲ့တဲ့ နာကြည်းကြေကွဲမှုတွေက ပြည့်နေတယ်လေ"

"ဆောရီးပဲ စိမ်းနု၊ နင့်ကို ငါကနောက်တာပါ၊ နင့်ပတ်ဝန်းကျင်မှာ လူပျိုချောချောတွေ ဝိုင်းနေပေမယ့် နင်စိတ်မဝင်စားတာ ငါသိပါတယ်"

"မိခက်"

"ပြော"





"နင်နဲ့ သူ့ကို ကျုပ်က မိတ်ဆက်ပေးမလို့ စဉ်းစားထားတာသိလား၊ မနက်ဖြန်နင်မလာဘူးဆိုတော့ ကျုပ်အစီအစဉ်ပျက်တာပေါ့"

"နာရီကို မနက်ဖြန်လာပေးမှာလား စိမ်းနု"

"ဟုတ်တယ် နင်မြင်ရင် သူ့ကိုအထင်ကြီးကောင်းကြီးမယ်၊ သူက နင့်ကို လိုက်နေတဲ့ ဖိုးကော်လို ဂျပုလေး မဟုတ်ဘူးသိလား"

"လူပုံက ခပ်ချောချောပဲ၊ အရပ်မြင့်မြင့် ကိုယ်ဟန်တောင့်တင်းခိုင်မာပြီး အသားလတ်လတ်"

"ဟဲဟဲ စိမ်းနုက စိတ်မဝင်စားပေလို့နေ၊ စိတ်များဝင်စားရင်တော့ မျက်နှာပါ အလွတ်ရနိုင်တယ်"

"ကျုပ်ကိုလှောင်နေတာလား"

စိမ်းနုမေ စိတ်ဆိုးသွားပြီး ဖုန်းချပစ်လိုက်သည်။

မြမြခက်ပြန်ခေါ်နေသော်လည်း သူဖုန်းပြန်မကိုင်တော့ပေ။

အင်း . . ငါကလည်းငါပဲ၊ ယောကျ်ားတစ်ယောက်အကြောင်းကို ဒီလောက်ထိ စည်ကာပတ်ကုံးမပြောသင့်ဘူး ဆိုတာ ကြိုတင်စဉ်းစားသင့်တယ် မဟုတ်လား .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

နောက်တစ်နေ့နံနက် ခုနစ်နာရီလေးဆယ့်ငါးမိနစ်အချိန်တွင် စိမ်းနုမေသည် အာစီထဲတွင် ရပ်လျက်ရေကူးကန်ဘက်ကြည့်နေ၏။

ကန်ပေါင်ပေါ်တွင် ရပ်လျက် ဟိုဟိုသည်သည်ရှာနေသည့် မိုးချိုကို တွေ့လိုက်ရသည်။

မျိုးချိုဆိုသည့် လူ သူ့ကိုရှာနေတာဖြစ်ရမည်။

သည်လူကတိတည်သားပဲ . . .

ပြီးတော့ သည်နေ့ ရှိုးကောင်းလိုက်တာ . . ဘောင်းဘီရှည်အညိုရင့်ရင့်၊ သနပ်ခါးရောင်ရှပ်အင်္ကျီလက်ရှည်တို့ဖြင့် သန့်ပြန့်ချောမောနေသည် မဟုတ်ပါလား . .

ငုဝါရောင် အပေါ်ရုံမွေးပွ အင်္ကျီဖြင့်အတွင်းမှ ရေကူးဝတ်စုံအနက်ကို ဝတ်ထားသည့် စိမ်းနုမေကို သူရုတ်တရက်မမြင်ပါ။





စိမ်းနုမေ ဆံထုံးမြင့်မြင့်ထုံးဖွဲ့ထားပုံကလည်း လှပလွန်းသည်။

တစ်ကြိမ်တစ်ခါသာ မြင်ဖူးသည့် လူတစ်ယောက်၏ စကားကို ယုံစားပြီးလာစောင့်မျှော်နေရသည့် အဖြစ်မျိုးကို ထိုလူမသိစေချင်တာ အမှန်ပါ။

မိုးချိုသည် အာစီဘက်မကြည့်။

ရေကူးကန်တစ်ဝိုက်ကို မျက်လုံးကလယ် ကလယ်ဖြစ်မတတ် ရှာနေသည်။

စိမ်းနုမေကျိတ်ပြုံးနေမိပြီးမှ ရေကူးကန်ရှိရာသို့ တစ်လှမ်းချင်းလျှောက်လာခဲ့သည်။

"ဟော မစိမ်းနုမေ"

ကန်ပေါင်ပေါ်ရောက်လာသည့် သူမအနီးသို့ မိုးချိုခြေလှမ်းကျဲကြီးဖြင့် လျှောက်လာလေသည်။

"ရှာလိုက်ရတာဗျာ၊ လာမှလာပါ့မလားလို့"

စိမ်းနုမေ မသိသလို ဟန်ဆောင်ပြုံးဖြင့် . .

"ဪ ကျွန်မက နာရီအလျော်အစားပြန်ယူရမယ့်သူပါရှင်၊ သည်လောက်လဲ ပူပန်မနေပါနဲ့"

စိမ်းနုမေစကားကြားတော့ သူ့ရယ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ခင်ဗျားနာရီအစားပြန်ဝယ်လာတာ ကြည့်ပါဦး၊ ဒါက နာရီအဟောင်းမှန်လဲလာတာ"

"ကျေးဇူးပဲ"

နာရီနှစ်လုံးကို စိမ်းနုမေတစ်လှည့်စီကြည့်ပြီး မျက်မှောင်ကုပ်သွားသည်။

"ဟင် နာရီကြိုးက အဖြူရောင်လဲ မဟုတ်ပါလား"

"ကြိုးအဖြူက ရှာလို့မရဘူးဗျာ၊ ဒါကြောင့်မို့ ဒီမီးကျောင်းရေ နာရီကြိုးလေးပဲ ဝယ်လာခဲ့ရတာ"

စိမ်းနုမေသူ့ကို မကျေမနပ်ကြည့်လိုက်သည်။

"နောက်သုံးလေးရက် ကြာရင် ရမှာပါ၊ အဖြူရောင်ကြိုးမှာထားခဲ့ပါတယ်"

စိမ်းနုမေဘာမှ ပြန်မပြောသဖြင့် သူက . .

"စိတ်မရှိနဲ့နော် မစိမ်းနုမေ"

"ကျွန်မက တိတိကျကျမှ လက်ခံတာ"

"ဆိုး ဆောရီးဗျာ"

"ရော့ လက်ပတ်ကြိုး အရောင်မတူတဲ့ ရှင့် နာရီပြန်ယူ"

"မလုပ်ပါနဲ့ဗျာ၊ တကယ်ပစ္စည်းပြတ်နေလို့ပါ၊ နှစ်ရက်သုံးရက်နဲ့ ပြန်ရှာခဲ့ပါ့မယ်"





မကျေမနပ် နှုတ်ခမ်းစူနေရာမှ မလွှဲမကင်းသာသည့် မျက်နှာဖြင့် နာရီကို ဆွဲယူလိုက်သည်။

"ရေကူးမလို့လား အဟဲ"

"ဟုတ်တယ်"

"ရေကူးပြီးရင် ကင်တီးမှာ လက်ဖက်ရည်သောက်ဖို့ ကျွန်တော်ဖိတ်ခေါ်ချင်ပါတယ်"

"ရေကူးပြီးတာနဲ့ အိမ်ပြန်မယ်၊ အိမ်ရောက်မှသောက်မှာ"

"ဘယ်မှာနေသလဲ"

"ကျွန်မဘယ်မှာ နေနေ . . ရှင်သိတော့ ဘာအကျိုးထူးမှာလဲ"

"မပြောလဲ ရပါတယ်ဗျာ၊ ကျွန်တော်က ခင်မင်ခွင့်လေးရချင်လို့ပါ"

"အလုပ်ရှုပ်ပါတယ်၊ ရှင်ပြောစရာကုန်ရင် သွားတော့လေ"

အပေါ်ခြုံမွေးပွအကျီကြီးကို သူ့ရှေ့မှာ ချွတ်ချလိုက်ရန် မရဲသောကြောင့် နှင်ပစ်နေမိ၏။

သူက အလိုက်တသိဖြင့်ပင် . .



www.burmeseclassic.com

www.burmeseclassic.com



"မစိမ်းနုမေ အိမ်ကို ကျွန်တော်သိအောင် စုံစမ်းရဦးမယ်"

ဟု ပြောပြီး အာစီဘက်ထွက်သွားတော့၏။

အပေါ်ခြံမွေးပွ အင်္ကျီကြီးကို ချွတ်ပစ်လိုက်ပြီး စိမ်းနုမေ ရေကန်ထဲ ခုန်ဆင်းလိုက်သည်။

o o o





## အခန်း(၄)

နဖူးပေါ်လက်တင်ပြီး ပြုံးဖြီးဖြီးမျက်နှာကြီးဖြင့် မှိုရသလို အူမြူးနေသည့် မိုးချိုကိုကြည့်ပြီး ဖေသက်အံ့သြနေမိသည်။

"ဟော့ကောင် တစ်ယောက်တည်း ဘာတွေများ သည်လောက် သဘောကျနေရတာပဲကွ"

ဖေသက်အမေးစကားကို သူရုတ်တရက်မကြား။

သူ့စိတ်အာရုံတစ်ခုလုံးကို လွှမ်းမိုးနေသူက စိမ်းနုမေရယ်ပါ။

စိမ်းနုမေ၏ ရှင်းသန့်စိုပြည်၍ ဝင်းနုမွတ်ညက်သော မျက်နှာလေးကို မျက်လုံးတွေထဲမှာ ဖျောက်မရနိုင်ပေ။

စိမ်းနုမေတဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



နာမည်လေးက လှုနဲ့လိုက်ဖက်လှချည်လား မိန်းကလေးရယ် . .

မင်းဟာ ပွင့်သစ်စပန်းငုံလေးတစ်ခုလို နုဖပ်လွန်းပါတယ်ကွာ . .

စိမ်းနုမေ၏ နာရီလေးကို အမှတ်တမဲ့ နင်းခြေပစ်လိုက်မိသည့်အဖြစ်ကို သူပြန်တွေးပြီး အားနာနေမိ၏။

မင်းရဲ့ နှုတ်ခမ်းလှလှလေးဟာ ရန်တွေ့ကောင်းတယ်နော် ၊ လှပလွန်းတဲ့ မျက်နှာလေးကလည်း မာန်မာနအရိပ်တွေ လွှမ်းခြုံထားတယ် . . ဒါကြောင့်ကိုယ်လေ . .

သူတစ်ယောက်တည်း ပြောနေမိ၏။

"ဟား ဟား ဟား တစ်ယောက်တည်း ဘာတွေပြောနေတာလဲ မိုးဟန်ချို"

အခန်းထဲသို့ ဘယ်အချိန်ကရောက်နေမှန်း မသိသည့် ဖေသက်အသံကြားမှပင် အံ့သြသွားမိ၏။

"ဘယ်အချိန်က ရောက်နေတာလဲကွ"

သူအလန့်တကြားမေးသည်။

"ကြာလှပြီပေါ့ကွာ၊ မင်းတစ်ယောက်တည်း ဥမ္မတကဖြစ်နေတာ တိတ်တိတ်လေးစောင့်ကြည့်နေတာ"





မိုးချို လှဲအိပ်နေရာမှ ထထိုင်လိုက်သည်။

မိုးဟန်ချိုခေါ် မိုးချိုနှင့် ဖေသက်တို့ နှစ်ဦးသည် F.M.I စီးတီးထဲတွင် လုံးချင်းတိုက်တစ်လုံး ငှားရမ်းပြီး နေထိုင်ကြသူများဖြစ်သည်။

နှစ်ဦးလုံး ပုသိမ်ဇာတိဖြစ်ပြီး အင်ဂျင်နီယာဘွဲ့ရရှိထားသူများဖြစ်ကြသည်။

"ကဲပြောစမ်းပါဦး၊ ရန်တွေ့ကောင်းတဲ့ ကောင်မလေးတစ်ယောက်အကြောင်းကို ငါကြားချင်လှပြီ"

"အမေးရှိလို့ ဖြေရမှာနော် . . သူ့နာမည်က စိမ်းနုမေတဲ့"

"ဟင် ဒီနာမည်ငါကြားဖူးသလိုပဲကွ"

"လုပ်မနေစမ်းပါနဲ့၊ ငါတောင် မနေ့မနက်ကမှ တွေ့ဖူးသိဖူးတာကွ"

"ဆိုပါဦး"

"မနေ့မနက်က ရေကူးကန်ဘက် ငါရောက်တယ်ကွာ၊ ကွင်းဆင်းကြည့်တာ ဆိုပါတော့ . . အဲဒီအချိန်မှာ မမျှော်လင့်ဘဲ သူ့နာရီလေးကို နင်းမိခဲ့တယ်"

"မင်းဟာကလဲ နာရီပေါ်တက်နင်းတဲ့အထိ ဆိုတော့ မလွန်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မလွန်ဘူးကွ၊ နာရီက မြက်ခင်းစပ်မှာ ပစ်ချထား တာလေ"

"ဪ . . ဪ"

"သူ့နာရီငါနင်းမိသွားတဲ့ အချိန်မှာပဲ၊ မိန်းကလေး က နာရီယူဖို့ အနားကိုရောက်လာတယ်၊ ရန်တွေ့တာပေါ့ ကွာ အလျော်ပြန်ပေးခဲ့ပြီးပါပြီ၊ ဒါပေမယ့် ဟဲ . . ဟဲ"

သူဘာမှ စကားမဆက်သောကြောင့် . .

"ဇာတ်လမ်းက မပြီးသေးဘူး မဟုတ်လား" ဟု ဖေသက်မေးသည်။

ဒါကို သူကအူလှိုက်သည်းလှိုက် သဘောကျသွား သည့်ပုံစံဖြင့် . .

"ဘယ်ပြီးဦးမှာလဲ . . ဇာတ်လမ်းက ခုမှ အစရှိ သေးတာကွ . . ကောင်မလေးကို ငါမြင်မြင်ချင်း စိတ်ဝင် စားတယ်ကွာ"

"ချောသလား"

"ယဉ်တယ်၊ လှတယ်၊ အသားရောင်ကိုက ဝင်းဝါ နုဖပ်နေတာ ဆံပင်တွေလဲ သန်စွမ်းတယ်"

"သူငယ်ချင်းတွေ ဖြစ်သွားပြီလား"





"ဒီလောက် မလွယ်သေးဘူးလေ၊ ကောင်မလေးက နည်းနည်းထက်ပြီး မာနကြီးတယ်ကွ၊ သူဘယ်မှာနေတယ် ဆိုတာ မေးလို့မရဘူး၊ ကင်တီးမှာလက်ဖက်ရည်သောက် ဖို့ ခေါ်တာလဲ ငြင်းတယ်"

"သူ့နာမည်ပြန်ပြောပါဦး"

"စိမ်းနုမေလေ"

"မင်းနာမည်ကော ပြောပြခဲ့သလား"

"မိုးဟန်ချိုလို့တော့ ပြောမပြခဲ့မိဘူး၊ မိုးချိုလို့တော့ ပြောခဲ့တယ်"

"နေရပ်လိပ်စာရအောင် တောင်းခဲ့ဖို့ သင့်တယ် ကွ၊ မင်းညံ့ပါကွာ"

"ငါ့ကိုယ်ငါလဲ စိတ်တိုနေမိတယ်၊ သူဘယ်မှာ နေတယ်ဆိုတာ မသိလို့"

မိုးချို စိတ်ပျက်လက်ပျက် ပြောလိုက်မိသည်။

"ဟုတ်တယ်ကွ နောက်ထပ်ဆုံဖို့ လွယ်ပါ့မလား"

"ဒါပေမယ့် မနက်တိုင်း သူရေလာကူးတယ်ကွ၊ နောက်နေ့တွေ ရင်းနှီးမှုရအောင် ဆက်ကြိုးစားရမယ်"

"သည်လိုလုပ် မနက်ဖြန် မင်းနဲ့အတူ ငါပါရေကူး ကန်ဘက်လိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပွဲဖျက်မလို့လား သူငယ်ချင်း မင်းကိုကြောက်မိပါတယ်"

ပြောလိုက်ပြီး ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည်။

၀ ၀ ၀





## အခန်း(၅)

မိုးဟန်ချိုနှင့် ဖေသက်တို့ နှစ်ဦးအပြာရောင်ပါဘလစ်ကာ ကားလေးပေါ်တွင် ပါလာခဲ့ကြ၏။

သူတို့နှစ်ဦးပိုင် ကားလေးကို ဖေသက်က မောင်းပြီး မိုးဟန်ချိုက ဖေသက်ဘေးမှာ ထိုင်ပြီးလိုက်ပါလာခဲ့သည်။

သူတို့သည် မိုးညှင်းဝိပဿနာကျောင်းတိုက်ထဲရှိ အလှူတစ်ခုသို့ လာခဲ့ကြခြင်းဖြစ်သည်။

မမ္ဗရုံတစ်ခုရှေ့တွင် ကားကိုရပ်ပြီး ဆင်းလာခဲ့ကြသည်။

အလှူရှင်ဒေါ်ရွှေစင်က ဖော်ရွေစွာ ဆီးကြိုနေသည်။

"ဟော မောင်မိုးချိုတို့ပါလား . . သမီးရေ အိအိ၊ ဒီမှာညည်းအစ်ကိုတွေကို ဧည့်ခံပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အိအိဆိုသည့် မိန်းကလေးက ရုပ်ရည်အတော် အသင့်ချောသော်လည်း လမ်းလျှောက်ပုံက ဘဲကလေးတစ်ကောင်သွားသလို ယက်ကန်ယက်ကန် ဖြစ်နေသောကြောင့် ရယ်စရာပင်။

"ကိုမိုးချိုတို့ ခုမှပဲ တွေ့ရတော့တယ်၊ ဖေဖေ့ဆီ အလည်မလာတာကြာပြီနော်"

အိအိ၏ ဖခင်ကလည်း ကန်ထရိုက်တာ တစ်ယောက်မို့ အိအိတို့အိမ်ကို မကြာခဏ အရောက်အပေါက် များခဲ့ကြသော်လည်း ယခုအခါ F.M.I ထဲတွင် အလုပ်ရနေသောကြောင့် အိအိတို့ အိမ်သို့အရောက်အပေါက်နည်းခဲ့ရသည် မဟုတ်ပါလား။

"ဒီစားပွဲမှာ ဝင်လိုက်ပါ ကိုမိုးချို၊ ကိုဖေသက်လဲ ဝင်ပါ"

အိအိ ညွှန်ပြသည့် စားပွဲတွင် မိန်းကလေးနှစ်ဦး ရှိနေ၏။ ယခုမှစပြီး ထမင်းစားရန် ဟန်ပြင်နေကြခြင်းပါ။

မိုးဟန်ချိုနှင့် ဖေသက်တို့နှစ်ဦး ထိုစားပွဲတွင် ဝင်ထိုင်လိုက်ကြသည်။

"ဟင်"





မိုးချို အံ့အားသင့်ပြီး ဝမ်းသာပျော်ရွှင်သွားသည်။

သည်လိုပါပဲ . . စားပွဲမှာရှိနေနှင့်သည့် စိမ်းနုမေလည်း အံ့ဩနေသည်။

"မိတ်ဆက်ပေးရဦးမယ် သူကစိမ်းနုမေတဲ့ အိနဲ့ အထက်တန်းကျောင်းတုန်းက စိမ်းဘက်ချ်လေ တက္ကသိုလ်တက်မှ ကွဲသွားကြတာပါ"

စိမ်းနုမေက မိုးချိုနှင့် သိကျွမ်းခဲ့ဖူးသည့် အမူအရာမျိုးမပြဘဲ အနည်းငယ်ပြုံးသည်။

မိုးချိုဘာပြောရမှန်း မသိဘဲ ဝမ်းသာပါတယ် မစိမ်းနုမေ ဟုပြောသည်။

"စိမ်းနု သူကကိုမိုးချိုလေ၊ F.M.I City မှာ ကန်ထရိုက်လုပ်နေတယ် . . ကဲ . . ကဲ သုံးဆောင်ကြပါဦး"

မြမြခက်က စိမ်းနုမေကို မသိမသာလက်ကုပ်နေသည်။

"ကျွန်တော့်နာမည်ဖေသက်ပါ၊ ဒီကနာမည်ကော"

ဖေသက်က သဘောကောင်းပုံရသည့် မြမြခက်အား လှမ်း၍ မိတ်ဆက်လိုက်ပြီး မြမြခက်ထမင်းပန်းကန်ထဲသို့ ကြက်သားဆီပြန်ဟင်းကို ခပ်ထည့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနာမည် မြမြခက်ပါ . . စိမ်းနုရဲ့ အခင်မင်အရင်းနှီးဆုံး သူငယ်ချင်းပါပဲ၊ တွေ့ရတာ ဝမ်းသာပါတယ်"

ဘာလချောင်ကြော်တစ်ဇွန်းကို ကိုဖေသက်ပန်းကန်ထဲ ခပ်ထည့်ပေးလိုက်ပြီး ပြောသည်။

"ဟော့ကောင် မိုးချို၊ မစိမ်းနုပန်းကန်ထဲ ခပ်ထည့်ပေးပါဦးကွ"

မိုးချို ကြက်သားဟင်းခပ်နေစဉ်မှာပင် စိမ်းနုက မျက်နှာထားတင်းတင်းဖြင့် . .

"နေပါစေ ကျွန်မမှာ လက်ရှိတယ်"

ဟု ခပ်တင်းတင်းပြောလိုက်သောကြောင့် စိမ်းနုပန်းကန်ထဲ ခပ်ထည့်မပေးဖြစ်တော့ဘဲ သူ့ပန်းကန်ထဲသို့ သူ့ဘာသာခပ်ထည့်လိုက်ရသည်။

ဘယ်လိုကြီးပါလိမ့် . . ဟု ရင်ထဲမှာ မသက်မသာ မှတ်ချက်ချလိုက်မိသည်။

ဖေသက်လည်း အတော်စိတ်ညစ်သွားပုံရသည်။

ထမင်းစားအပြီး လက်ဖက်ပွဲ စားနေကြရင်း ဖေသက်နှင့် မြမြခက်တို့ ခင်မင်ရင်းနှီးသွားကြ၏။

စကားတွေ ရှာပြောနေကြသည်။





သို့သော် စိမ်းနုမေသည် အံ့ဩစရာ ကောင်းလောက်အောင်ပင် နှုတ်ဆိတ်ငြိမ်သက်နေလေသည်။

ဤအလှူပွဲသို့ ဝတ္တရားတစ်ခုအနေဖြင့် လာရောက်ခဲ့ရသော်လည်း စကားအပိုပြောရန် ဝန်လေးနေမှန်း သိသာလှသည်။

အိအိအနီးသို့ ပြန်ရောက်လာသည်။

"အန်တီ နေကောင်းရဲ့လား စိမ်းနု၊ မေမေ့က အန်တီနဲ့ တွေ့ချင်နေတာလေ"

"မေမေသိပ်နေမကောင်းလှဘူး၊ ဒါကြောင့် သူ့ကိုယ်စား စိမ်းနုလာခဲ့ရတာပေါ့"

"ကျေးဇူးတင်ပါတယ် စိမ်းနုရယ်"

စိမ်းနုသည် လက်မှနာရီလေးကို ငုံ့ကြည့်လိုက်ပြီး ပြန်ရန်နှုတ်ဆက်သည်။

"တို့ကို ခွင့်ပြုဦးနော် အိအိ၊ အိမ်မှာ မေမေတစ်ယောက်တည်းလေ၊ အလုပ်သမားကောင်မလေး တောပြန်သွားလို့ မေမေ့အနားမှာ လူမရှိဘူး"

"ကောင်းပါပြီ စိမ်းနု၊ စိမ်းနုတို့နေတဲ့F.M.I ကို အိတို့ အလည်လာခဲ့ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



အိအိစကားကြောင့် မိုးချိုနှင့်ဖေသက်တို့ နှစ်ဦး အံ့သြဝမ်းသာသွားကြသည်။

"ကျွန်တော်တို့လဲ ပြန်လိုက်ပါဦးမယ် မအိအိ၊ ဒေါ်ဒေါ့်ကိုလဲ နှုတ်ဆက်ပါဦးမယ်"

အလှူရှင်ဒေါ်ရွှေစင်ကို နှုတ်ဆက်ပြီးနောက် ဓမ္မာရုံတွင် ရပ်ထားသည့် ကားရှိရာသို့ အပြေးအလွှားရောက်လာခဲ့ကြ၏။

"ဟင် စိမ်းနုတို့ ဘယ်ကားနဲ့ရောက်လာကြတာလဲ မသိဘူးကွ ခက်တာပဲ"

ဓမ္မာရုံရှေ့ရောက်တော့ စိမ်းနုတို့နှစ်ယောက်ကို မမြင်ရတော့ပေ။

ဟိုဟိုသည်သည် ရှာမိကြသော်လည်း မတွေ့ကြရတော့ပေ။

"မင်းရဲ့ စိမ်းနုက လက်စသပ်တော့ F.M.I မှာ နေတာကိုးကွ၊ ငါတို့လဲ ကိုယ့်အလုပ်နဲ့ကိုယ် ဆိုတော့ တစ်ခါမှ မမြင်ဖူးပါဘူး"

ဟု ဖေသက်ပြောသည်။

"သူဘာနဲ့ ပြန်မလဲမသိဘူး၊ ရေလာကူးတဲ့အခါ စက်ဘီးလေးနဲ့ လာတတ်တယ်"





"အနေနီးလျက် ခရီးက ဝေးနေလိုက်ကြတာကွာ၊ နောက်နေ့ သူရေကူးပြီး ပြန်တဲ့အခါ နောက်ယောင်ခံပြီး လိုက်ကြည့်ပေါ့"

"အဲဒီ အစီအစဉ် ဂွတ်တယ်ကွ"

"မိန်းကလေးကြည့်ရတာ တစ်မျိုးပဲကွ၊ သာမန်မိန်းကလေးတွေထက် ပိုပြီး မာန်မာနကြီးပုံရတယ် မိုးချို"

"မင်ပြောတဲ့ အတိုင်းပဲ ငါလဲယူဆမိတယ်"

"အဲဒီလို မိန်းမမျိုးဟာ သိပ်ကြောက်စရာကောင်းတယ်နော် မိုးချိုသတိထား"

"ငါလဲ သဘောပေါက်တယ် ဖေသက်၊ ဒါပေမယ့် သူ့အပေါ် ငါမြင်မြင်ချင်း စိတ်ဝင်စားနေမိပြီ၊ အသည်းထဲက ဆူးကိုနှုတ်ပစ်ဖို့ခက်နေတယ်"

"မင်းကလဲ ကဗျာဆန်နေလိုက်တာကွာ ဟားဟားဟား"

စကားတပြောပြောနှင့် ကားမောင်းလာခဲ့ကြရင်း အက်ဖ်အမ်အိုင်စီးတီးထဲသို့ ပြန်လည်ရောက်ရှိလာခဲ့၏။

"ညနေ မင်း အားသလား ဖေသက်"

"ဘယ်မှတော့ သွားစရာမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မြို့ထဲထွက်ပြီး စိမ်းနုအတွက် နာရီကြိုးအဖြူရောင် လေးရှာရမယ်"

"ခုနက ပြောရောပေါ့ကွ"

"မဖြစ်ဘူးလေ အင်ဂျင်နီယာတွေနဲ့ ချိန်းထားတာ ပြီးသွားတဲ့ တိုက်ငါးလုံးအတွက် မှန်တွေတပ်ဖို့တိစ္စ ပြော ရဦးမယ်၊ အိမ်သာရေပိုက်တွေကလဲ နောက်ဆုံးပေါ် တွေ တပ်ချင်တဲ့အကြောင်း ပြောစရာ မှာစရာတွေ ရှိသေး တယ်ကွ၊ မြို့ထဲမှာ အချိန်မဖြုန်းနိုင်ဘူး"

အာစီထဲတွင် သူတို့ခေတ္တနားပြီး လက်ဖက်ရည် သောက်နေကြစဉ် မြို့တော်စီးတီးဘတ်စ်ကားကြီး အာစီ ရှေ့မှာ ထိုးရပ်သွား၏။

"ဟင်"

ကားပေါ်မှ ဆင်းလာသည့် စိမ်းနုနှင့် မြမြခက်ကို တွေ့လိုက်ရသည် မဟုတ်ပါလား။

"ကားမရှိတာတော့ သေချာပြီ"

"ဒီလိုမှန်းသိရင် တို့နဲ့အတူခေါ်လာခဲ့ပါတယ် မိုးချို ရာ"

"လိုက်ပါလိမ့်မယ် အားကြီး"



မိုးချိုပြောတာမှန်သည်။

သည်မိန်းကလေးက မာနခပါကြီးကြီးဖို့ ခေါ်ချင် သော်လည်း ကားကြုံလိုက်စီးမည့်ပုံစံမပေါ်ပေ။

"အိမ်လိုက်ကြရအောင် ဖေသက်"

"စိတ်ဆိုးသွားပါမယ်ကွာ၊ သူဒီမှာနေတာပဲ ဖြည်း ဖြည်းပေါ့"

ဖေသက် တားဆီးလိုက်သောကြောင့် မိုးချိုငြိမ်ကျ သွားတော့၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

နောက်တစ်နေ့ နံနက်။

ရေကူးကန်သို့ မနက်စောစောသွားပြီး မိုးချိုစောင့်နေမိ၏။

နံနက်ခုနစ်နာရီတွင် စိမ်းနုမေနှင့် မြမြခက်တို့ ရောက်လာခဲ့ကြသည်။

စိမ်းနုမေသည် ကျောက်စိမ်းရောင် အခံပေါ်တွင် အဝါလုံးလေးတွေပါသည့် ရေကူးဝတ်စုံလေးဖြင့် ရှင်းသန့်လှပနေသည်။

မြမြခက်က အညိုရောင် ရေကူးဝတ်စုံလေးနှင့်ဖြစ်ပြီး သူ၏ညိုစိမ့်သော အသားနှင့်လိုက်ဖက်လှသည်။

သူတို့နှစ်ယောက် ရေကူးနေကြစဉ် အနားသို့ မသွားသင့်သောကြောင့် အာစီထဲမှာပင် ရပ်ပြီး မိုးချိုစောင့်နေခဲ့သည်။



ရေကူးအပြီး အာစီထဲဝင်၍ အဝတ်လဲခန်းထဲမှ ထွက်လာမှပင် မိုးချိုနှုတ်ဆက်လိုက်၏။

"စိမ်းနု"

စိမ်းနုမေ လှည့်ကြည့်သည်။

အကြည့်တွေက မာထန်နေပြီး အပြုံးကို မမြင်ရသောကြောင့် မိုးချိုတစ်မျိုးဖြစ်သွားသည်။

"စိမ်းနုဝယ်ခိုင်းထားတဲ့ လက်ပတ်ကြိုးအဖြူရောင်လေးရလာပြီ ဒီမှာ"

ဘူးလေးတစ်ခုထဲမှာ လှလှပပထည့်ထားသည့် လက်ပတ်နာရီကြိုးအဖြူရောင်လေးကို ငုံ့ကြည့်ပြီး စိမ်းနုခေါင်းညိတ်သည်။

ပြီးတော့ နာရီကြိုးထည့်ထားသည့် ဘူးကိုလှမ်းယူလိုက်သည်။

"ပြန်တော့မလို့လား မြခက်"

စိမ်းနုကို မမေးဝံ့သဖြင့် မြမြခက်ဘက်လှည့်၍ မေးမိ၏။

"ဟုတ်ကဲ့ ကျွန်မက မြို့ထဲမှာနေတာပါ၊ စိမ်းနုနဲ့အတူ မနက်တိုင်းရေကူးဖို့ ရောက်လာခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြို့ထဲ ဘယ်မှာနေတာလဲ"

"(၁၀)လမ်းမှာပါ"

"ကျွန်တော်နဲ့ ဖေသက်က အကပ်ဖ်အမ်အိုင်မှာပဲ နေကြပါတယ်"

သူပြောလိုက်သည်။

"ဒါဖြင့် ကိုမိုးချိုနဲ့ စိမ်းနုတို့က ရပ်ဆွေရပ်မျိုး တွေပေါ့၊ စိမ်းနု ကိုမိုးချိုတို့လဲ ဒီမှာပဲနေကြသတဲ့"

"အဲဒါ ဘာဖြစ်လဲ နေပေါ့"

စိမ်းနုမေသည် ပြောရခက်သော နားလည်ရန် ခက်ခဲလှသော မိန်းကလေးတစ်ယောက်ပါလား။

သူမရင်ထဲမှာ တစ်ခုခုတော့ ချွတ်ယွင်းချက်ရှိရ မည်။

ဒါမှ မဟုတ်နာကြည်းချက်တစ်ခုခုပေါ့။

"မိခက် စီးတီးဘတ်စ်ထွက်တော့မယ်၊ မြန်မြန်သွား တော့လေ"

မှန်သည် . . .

စီးတီးဘတ်စ်က အချိန်နှင့်ထွက်တာမို့ ကြာကြာ စောင့်နေမှာမဟုတ်။





မြမြခက် နှုတ်ဆက်ပြီး ထွက်သွားသည်။

စိမ်းနုမေလည်း တစ်ယောက်တည်း အိမ်ပြန်လာခဲ့ သည်။

သူ့စက်ဘီးလေးကို နင်းပြီး ပြန်အလာ

လမ်းတစ်ဝက်အရောက်တွင် . .

"ကလင် . . ကလင်"

ဆိုသည့်အသံနှင့်အတူ သူမစက်ဘီးနှင့်ဘေးချင်း ယှဉ်လျက် စက်ဘီးတစ်စီးလိုက်လာတာ မြင်ရ၏။

"စိမ်းနု"

စိမ်းနု လှည့်ကြည့်လိုက်သည်။

ဩော်သူပါလား . .

ဘယ်သူ့စက်ဘီးကိုဆွဲပြီး အပြေးလိုက်လာသည် မသိ။

"စိမ်းနု အိမ်ကဘယ်မှာလဲ"

စိမ်းနုဘာမှ ပြန်မပြောဘဲ စက်ဘီးကို နင်းလာခဲ့ သည်။

ပိတောက်ဝါ(၆)လမ်းထဲသို့ စိမ်းနုကွေ့ဝင်လိုက်၏။ ပြီးတော့ တိုက်တစ်လုံးရှေ့တွင် ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဟန်ချိုသည် စိမ်းနုနေထိုင်သည့် တိုက်ကလေးကို အသေအချာကြည့်ပြီး မှတ်သားထားလိုက်၏။

သူစက်ဘီးကို ပြန်ကွေ့လာရင်း ရင်ထဲမှာ ပျော်ရွှင်ကျေနပ်နေမိသည် မဟုတ်ပါလား။

o o o





## အခန်း(၇)

ဆယ်ရက်ခန့်အကြာ။

"ဒေါ်ရွှေစင်က မင်းကို ဘာကိစ္စခေါ်တာလဲကွ"

မိုးဟန်ချို ကားမောင်းလာရင်း ဖေသက်အမေးကို ဖြေလိုက်၏။

"သူ အခုဖွင့်လိုက်တဲ့ ကုမ္ပဏီက ဆောက်လုပ်ရေးပစ္စည်းတွေချည်း သွင်းတဲ့ကုမ္ပဏီတဲ့ကွ၊ ငါတို့က အင်ဂျင်နီယာကံထရိုက်တာတွေဆိုတော့ သူတို့ကုမ္ပဏီက ပစ္စည်းတွေ ရောင်းဖို့ ထင်တာပဲ"

"ပစ္စည်းကြိုပေးပြီးမှ ငွေချေစနစ်နဲ့ဆိုရင် မဆိုးလှဘူးနော်"

"ဟုတ်တယ်"

သူတို့ကားကို အောင်ဆန်းကွင်းဘေးရှိ ရွှေစင်နှင့်သမီးများကုမ္ပဏီရှိရာသို့ ဦးတည်ပြီးမောင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီရုံးခန်းရှေ့ရောက်တော့ ကားကိုရပ်ပြီး ဆင်းလာခဲ့ကြ၏။

ပြီးတော့ ကုမ္ပဏီထဲ ဝင်လာခဲ့ကြသည်။

ကုမ္ပဏီထဲမှာပင် အရောင်းပြခန်းကို ခင်းကျင်းရောင်းချနေသဖြင့် လူအချို့ဖြင့် စည်ကားနေသည်။

"ဟင်"

ငွေသိမ်းကောင်တာ အနီးတွင် ကယ်ကူလေတာလေးကိုင်ပြီး ရပ်နေသည့် စိမ်းနုမေကို မြင်လိုက်ရသောကြောင့် အံ့သြသွားကြသည်။

"စိမ်းနု"

"ဩော်"

စိမ်းနုက နှုတ်ဆက်ရမှာ ဝန်လေးသလို မျက်လွှာချသွားသည်။

"သည်မှာ ဘာလာလုပ်နေတာလဲ၊ အိအိဆီ အလည်လာတာလား"

"မဟုတ်ဘူး ကျွန်မ ဒီမှာအလုပ်လာဝင်နေတာ သုံးရက်ရှိပြီ"

သူမအသံက အေးစက်တည်ငြိမ်နေသည်။





"ဒါကြောင့် ရေလာကူးတာ မတွေ့ရတာကိုး"

ကုမ္ပဏီဝတ်စုံလေးနှင့် သူမကိုခုမှပင် ခြေဆုံးခေါင်းဆုံးကြည့်ပြီး အကဲခတ်နေမိသည်။

"ဒေါ်ဒေါ်ရွှေစင်ကော"

"မရောက်သေးပါဘူး"

"ဒီကနေ့ ဆန်းဒေးနော်၊ ကုမ္ပဏီကို လာပါ့မလား"

"လာပါလိမ့်မယ်"

ထိုစဉ် ကုမ္ပဏီရှေ့မှာ မတ်တူးတစ်စီး ထိုးရပ်လိုက်ပြီး ကားပေါ်မှ ဒေါ်ရွှေစင်နှင့် သမီးနှစ်ယောက်ဆင်းလာကြသည်။

သူတို့က အိအိနှင့် လီလီတို့ ဖြစ်ကြသည်။

အိအိက အကြီး၊ လီလီက အငယ်။

ကုမ္ပဏီထဲ လှမ်းဝင်လာကြစဉ် မိုးချိုနှင့် စိမ်းနု တို့ စကားပြောနေကြတာကို မြင်သွားသည်။

လီလီသည် မိုးချိုအပေါ် တိမ်းညွတ်နေသူမို့ မျက်နှာတစ်ခုလုံး နီမြန်းသွားလျက် မိန်းမချောလေး စိမ်းနု အပေါ် သဝန်တိုသွားသည်။

"မစိမ်းနု၊ ညွှန်သည်တွေကို သည်အတိုင်း နေခိုင်းနေတာလား၊ ခုံလေးဘာလေးယူပေးဦးမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အသစ်စက်စက် စာရေးမလေး စိမ်းနုအပေါ် တမင်သက်သက် ပါဝါပြလိုက်ခြင်းရယ်ပါ။

ဒါကို စိမ်းနုက သိသလို အားလုံးကလည်း သိကြသည်။

"အို လီလီကလဲ စိမ်းနုက ပစ္စည်းတွေ ရောင်းနေတဲ့ အလုပ်နဲ့ မအားဘူးလေ၊ လာကိုမိုးချို ဒီမှာထိုင်ပါ"

အိအိက သူမစားပွဲရှေ့ရှိ ခုံတွေကို ညွှန်ပြပြီး ပြောလိုက်သည်။

ဒေါ်ရွှေစင်သည် မာဘယ်သား နက်ပြာခံအဝါပွင့်ဝမ်းဆက်ကို ထက်အောက်ဆင်တူဝတ်ထားပြီး နက်ပြာရောင် လက်ပွေ့အိတ်အကောင်းစားကြီးကို ပွေ့ထားလျက် ဆုံလည်ဆိုဖာခုံကြီးပေါ်တွင် စမတ်ကျကျထိုင်ချလိုက်သည်။

"မောင်ရင်လေးတို့က ကတိတည်သားပဲကိုး၊ ဒီလိုမှပေါ့ကွယ် မင်းတို့လေးတွေကို အန်တီ့ကုမ္ပဏီက ပစ္စည်းတွေ ကြိုတင်သွင်းပြီးမှ ငွေယူစနစ်နဲ့ ဖြန့်ချင်လို့ ကဲပြောကြစမ်း ကန်ထရိုက်လေးတွေ၊ ပစ္စည်းတွေ ယူမယ်မဟုတ်လား"

"အတိုင်းထက် အလွန်ပါပဲ ခင်ဗျာ"

မိုးဟန်ချို မပြောမီ ဖေသက်ပြောလိုက်ခြင်းပါ။





မိုးချိုမျက်ဝန်းများကား မိန်းမချောလေး စိမ်းနုမေထံ ရောက်နေသောကြောင့် အဘွားကြီး ဒေါ်ရွှေစင် မနှစ်မြို့သလို မျက်စိမျက်နှာပျက်သွားသည်။

မိုးချိုတို့ မိဘများနှင့် အတော်ရင်းနှီးကြသည့်အပြင် မိုးချိုလို အင်ဂျင်နီယာ ကန်ထရိုက်တာတစ်ဦး၏ အရည်အချင်းကို သိထားသူမို့ သမီးတွေ တစ်ယောက်မဟုတ်တစ်ယောက်နှင့် ချိန်နေမိသည် မဟုတ်လား။

ခုတော့ မိုးချိုမျက်လုံးတွေက သူ့သမီးတွေဆီမရောက်ဘဲ စိမ်းနုထံရောက်နေသည်မို့ ကြိတ်ပြီး မခံချင်ဖြစ်နေရသည်။

အခြားအမျိုးသမီးများထက် အတ္တလွန်ကဲလှသည့် အမျိုးသမီးကြီးမို့ ပန်ထားသည့် သစ်ခွပန်းတွေ လှုပ်ရမ်းသွားလောက်အောင် ခေါင်းခါယမ်းနေမိသည်။

"စိမ်းနုနဲ့ မောင်မိုးချို သိကျွမ်းနေတာ ကြာပြီလား"

"မကြာသေးပါဘူး အန်တီ"

အိအိက သူ့အမေစကားကို အားနာပြီး ကြားမှဝင်၍ ရှင်းသည်။

"ကိုမိုးချိုတို့ သူငယ်ချင်းနှစ်ယောက်ကလဲ အက်ဗ်



www.burmeseclassic.com

www.burmeseclassic.com



အမ်အိုင်မှာပဲနေတာလေ မေမေ၊ စိမ်းနုကလဲ အဲဒီမှာပဲ ဆိုတော့ အသိအကျွမ်းဖြစ်ကြတာ မဆန်းပါဘူး"

"ဪ သည်လိုကိုး၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်က အန်တီတို့ စိမ်းနုမေမေဆီရောက်ကြတယ်လေ သိပ်နေမကောင်းလို့ သတင်းသွားမေးတာ၊ အတော်လေးကျသွားတယ် . . သူ့သမီးလေးကလဲ ကျောင်းပြီးထားပြီး အလုပ်ရှာနေဆဲဆိုတာနဲ့ ကုမ္ပဏီမှာ အလုပ်သွင်းပေးခဲ့တာပဲ မောင်မိုးချို၊ ကလေးမက မဆိုးပါဘူးကွယ်၊ မျက်နှာချိုတော့လဲ အရောင်းတက်တာပေါ့"

သမီးချင်း မစာမနာ မှိုချိုးမျှစ်ချိုး ပြောနေသောကြောင့် အိအိမနေသာတော့ပေ။

"မေမေကလဲ စိမ်းနုက မျက်နှာမချိုပါဘူး၊ ကဲ ပါ ကုမ္ပဏီက ရောင်းပေးနိုင်တဲ့ ပစ္စည်းတွေ လိုက်ပြပေးလိုက်ပါဦး မေမေရယ်"

မိုးချိုရင်ထဲမှာ မကောင်းနိုင်ပေ။

ဒေါ်ရွှေစင်က စိမ်းနုအပေါ် သက်သက်ညှာညှာ ဆွေမျိုးရင်းချာလို သဘောမထားနိုင်ကြောင်း ပေါ်လွင်နေသဖြင့် စိမ်းနုအတွက် ကရုဏာဖြစ်နေမိသည်။





"ကဲပါ . . ကဲပါ မောင်ရင်လေးတွေကို ငါ့သမီးကိုယ်တိုင်ပဲ ပစ္စည်းတွေ သွားပြလိုက်ပါကွယ်"

"လာ ကိုမိုးချို၊ လိုချင်တဲ့ ပစ္စည်းတွေ ရှိမရှိလိုက်ကြည့်ပါဦး"

အိအိနောက်မှ စိတ်မပါသလို လိုက်လာခဲ့ရင်း မိုးချိုမျက်လုံးတွေက စိမ်းနုထံသို့ လှမ်း၍ကြည့်မိတတ်သည်။

ကုမ္ပဏီမှ ပြန်ကာနီး စိမ်းနုကိုနှုတ်ဆက်ရန် လှမ်းကြည့်မိ၏။

သို့သော် စိမ်းနုက သူ့ကိုတမင်မကြည့်ဘဲ မျက်နှာလွှဲထားလေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

နောက်တစ်နေ့နံနက်။

ဒေါ်ရွှေစင်၏ ကုမ္ပဏီရှိရာသို့ သွားရန် စိမ်းနုမေ
စီတီးဘတ်စ်ဖြင့် ပါလာခဲ့သည်။

အက်ဖ်အမ်အိုင်စီးတီး ဘတ်စ်က သတ်မှတ် နေရာ
အောင်ဆန်းကွင်းရှေ့တွင် ရပ်သည်။

ဒေါ်ရွှေစင်အိမ်ဆောက်ပစ္စည်းများ ကုမ္ပဏီက
အောင်ဆန်းကွင်းဘေးမှာဆိုတော့ အလုပ်ဆင်းရတာ
အဆင်ပြေလေသည်။

စိမ်းနုမေ ကုမ္ပဏီအရောင်းခန်းမထဲ ဝင်လာခဲ့၏။

"ဟင်"

စောစောစီးစီးရောက်နေသည့် သူ့ကိုမြင်တော့ စိမ်
နုအံ့သြနေမိသည်။





"စိမ်းနု"

စိမ်းနုမျက်မှောင်ကုပ်သွားသည်။

"အန်တီတို့ မရောက်သေးဘူးလား စိမ်းနု"

"ရှင်က ကုမ္ပဏီထဲ အလျင်ရောက်နေတဲ့ သူပဲ
ဟုတ်လား၊ ရောက်နေရင် ရှင်မြင်မှာပေါ့"

"စကားကို ကောင်းကောင်းပြောပါလား စိမ်းနု၊
ကိုယ်က စိမ်းနုတို့ ကုမ္ပဏီက ပစ္စည်းဝယ်မယ့် လူပါ"

"ကုမ္ပဏီပိုင်ရှင်လာမှာပေါ့၊ အိအိတို့ သားအမိတွေ
ကြာခင်ရောက်လာပါလိမ့်မယ်"

စိမ်းနုမေတစ်ကိုယ်လုံးကို သူကစူးစိုက်ကြည့်နေ၍
မ်းနုရှက်သွားသည်။

"စိမ်းနု"

"ဘာလဲ"

"ရေကူးကန်ဘက်မှာ မနက်တိုင်း ကျွန်တော်စောင့်
မျှော်မိခဲ့တယ်"

"ရေကူးဖို့ အချိန်မရတော့ဘူးလေ၊ မနက်စောစော
သွားပြီး ထမင်းဘူးမီအောင် ချက်ပြုတ်ရသေးတာ"

"စိမ်းနုမေမေက သိပ်မကျန်းမာဘူးဆိုဟုတ်လား၊
န်တီရွှေစင်ပြောပြလို့ သိရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

စိမ်းနုမျက်နှာလေး ညှိုးကျသွားသည်။

စိမ်းနုကိုကြည့်ပြီး သူ ကရုဏာဖြစ်သွားမိသည်။

စိမ်းနုက မျက်လွှာစင်းစင်းတွေကို ချပြီး တစ်ခုခု စဉ်းစားနေသလို ငြိမ်နေရာမှ လှည့်ထွက်သွားသောကြောင့်

"စိမ်းနု"

"ကျွန်မ အလုပ်ရှိသေးတယ်၊ ရှင်ဘာပြောဦးမလို့ လဲ"

"စိမ်းနု ညနေပြန်မယ့်အချိန် ကျွန်တော်လဲ စိမ်းနုနဲ့ အတူ ပြန်လိုက်ခဲ့မယ်"

စိမ်းနု ဘာမှမပြော။

"နေ့် စိမ်းနု"

"အိုး ဘာကိစ္စရှိလို့လဲ၊ ရှင် ဒီကိုလာတာ ပစ္စည်းဝယ် ဖို့ဆိုရင် ကုမ္ပဏီပိုင်ရှင်လာတဲ့ အချိန်စောင့်နေပါ ဒါပဲ"

အသံမာမာဖြင့် ပြောပြီး စိမ်းနုမျက်နှာလွှဲပစ်လိုက် သည်။

ထိုစဉ် ကုမ္ပဏီရုံးခန်းထဲသို့ ဒေါ်ရွှေစင်တို့ သားအမိ တစ်စုဝင်လာကြသည်။





"ဟဲ့ စိမ်းနု၊ ဝယ်သူကို ဘာတွေဒီလောက် ရန်တွေ့ နေရတာလဲ"

ဒေါ်ရွှေစင် မျက်နှာကြီး မည်းသွားသလို အိအိနှင့် လီလီကလည်း စိမ်းနုကို အကဲခတ်နေကြသည်။

"ပြောစမ်း စိမ်းနု"

စိမ်းနုက ဘာမှမဖြေဘဲ မှုန်တေတေမျက်နှာဖြင့် သူ့ ကို လှမ်းကြည့်သည်။

သူက ပြုံးရယ်လိုက်ပြီး . .

"အထင်မလွဲပါနဲ့ အန်တီ၊ စိမ်းနုက အန်တီတို့လာ မှ လိုချင်တဲ့ ပစ္စည်းကို ဝယ်ဖို့ပြောနေတာပါ"

"ကာစတန်မာ တစ်ယောက်အပေါ် သည်လိုပဲ ညှော်ဝတ်မကျေဆက်ဆံရသလား စိမ်းနုရဲ့၊ ကဲ . . ထိုင်ပါဦး မိုးချို"

မိုးချိုက ဒေါ်ရွှေစင်ရှေ့မှာ ဝင်ထိုင်ရင်း အကြောင်း မဲ့သက်သက် ဆူပူကြိမ်းမောင်းခြင်းခံရသည့် စိမ်းနုအတွက် စိတ်မကောင်းဖြစ်နေသည်။

"ကဲ မင်းလိုချင်တဲ့ ပစ္စည်းတွေပြော"

"ကျောက်ပြား တစ်ပေပတ်လည်တွေ ယူမယ် အန်တီ၊ ဘိုထိုင်နဲ့ ဘေစင်ငါးစုံလဲ ယူမယ်"



www.burmeseclassic.com

www.burmeseclassic.com

"မင်းကြိုက်တဲ့ ပစ္စည်းရဲ့ ကုတ်နံပါတ်နဲ့ အမျိုးအစားကို ရေးပေးခဲ့ပါ . . ပစ္စည်းရွေးပြီးပြီလား"

"မရွေးရသေးဘူး ဝယ်မယ့်ပစ္စည်းက များတယ် အန်တီ၊ ကျောက်ပြားက ချပ်ရေငါးထောင်အထက်မှာမို့ ကြိုတင်ငွေတစ်ဝက် ပေးခဲ့ပါရစေ"

"ကောင်းပြီ . . ကောင်းပြီ"

"ပစ္စည်းအမျိုးအစားနဲ့ အရောင်ကိုတော့ နေ့လည်မှပဲ လာရွေးတော့မယ်ခင်ဗျာ"

သွက်လက်ချက်ချာသော သူ့အသံက စိမ်းနုနားထဲသို့ ဝင်လာသည်။

အိအိကလည်း သွက်လက်ချက်ချာသူပီပီ မိုးဟန်ချို ပေးသည့် စရံငွေကို လက်ခံယူပြီး ဘောက်ချာဖွင့်ပေးနေသည်။

မိုးချို အတက်ချီကေ့စ်ထဲမှ ငွေများကို ယူထုတ်နေ၏။

နှစ်ရာတန် ငွေစက္ကူအုပ်များက များပြားလှသည်။

သည်လောက်များသည့် ငွေတွေကို စိမ်းနုမမြင်ဖူးပါ။ အံ့သြနေမိသည်။





မိမိကိုယ်မိမိ သိမ်ငယ်စိတ် ဝင်နေမိ၏။

မိုးချိုက ငွေပေးပြီးသည်နှင့် ထိုင်ရာမှ ထရပ်လိုက်ပြီး . .

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး အန်တီ၊ နေ့လယ်မှ ကျွန်တော့်သူငယ်ချင်းနဲ့ အတူလာခဲ့ပါ့မယ်"

"အိုကေ မိုးချို အိုကေ"

ဒေါ်ရွှေစင်က လက်သည်းဆိုးဆေးအညိုရင့်ရောင်ဆိုးထားသည့် လက်ချောင်းတွေကို ဆယ်လူလာဖုံးခလုတ်များအား နှိပ်နေရင်းမှပြောလိုက်၏။

ကုမ္ပဏီရှေ့ရောက်တော့ မိုးချိုနောက်သို့ လှည့်ကြည့်လိုက်သည်။

စိမ်းနုကို မတွေ့ရတော့ပေ။

အရောင်းပစ္စည်းတွေကြား ရောက်သွားပြီဖြစ်သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

ထိုနေ့နေ့လယ်တွင် ဖေသက်ကို ခေါ်ပြီး မိုးချိုပြန်ရောက်လာသည်။

"အန်တီ ပစ္စည်းအရောင်အသွေးနဲ့ အမျိုးအစား ရွေးချယ်ဖို့အတွက် ကျွန်တော့်သူငယ်ချင်းခေါ်လာပါတယ်"

"အိုကေ . . သမီးရေ အိ"

သည်ကနေ့ အရောင်းကျသဖြင့် အိအိနှင့်လီလီ နှစ်ဦးလုံး မအားကြရပေ။

အရောင်းစာရေးမများထံမှ ငွေတွေသိမ်းရတာ တစ်မျိုး၊ ဝယ်သူထံမှ ငွေတိုက်ရိုက်ယူ၍ ဘောက်ချာဖွင့်ရတာတစ်မျိုး စသည်ဖြင့် မအားလပ်နိုင်လောက်အောင် ဖြစ်နေကြသည်။

"အိအိ"





"လာပြီ မေမေ . . ဪ ကိုမိုးချိုတို့ ရောက်နေပြီကိုး"

"အိအိ သူတို့ကို ပစ္စည်းတွေ လိုက်ပြပါ၊ ရွေးချယ်မယ့် ကုတ်နံပါတ်ယူထားလိုက်"

"အိုကေ လာ ကိုမိုးချို"

ကျောက်ပြားများကား အဆင်စုံ၊ အရောင်အသွေး စုံလေသည်။

ဘိုထိုင်နှင့် ဘေစင်များကလည်း အတွဲလိုက် ဝမ်းဆက်အရောင်တူ ခင်းကျင်းပြသထားသဖြင့် ဝယ်ချင့်စဖွယ် ရယ်ပါ။

ထိုပြင် တံခါးလက်ကိုင်ဘုများ သော့ချိတ်များ၊ ကန့်လန့်ကာစများပါ တင်ထားသဖြင့် သူတို့ကုမ္ပဏီက လိုတာ ထက်ပိုပြီး ပြည့်စုံနေသည်။

"စိမ်းနု ပင်ပန်းနေပြီလား"

တံခါးလက်ကိုင်ကွင်းများ၊ သော့ချိတ်များနှင့် မီးဆိုင်းပန်းဆိုင်းများ ထားရှိသည့် ကုမ္ပဏီခန်းဘက်တွင် အလုပ်များနေသည့် စိမ်းနုကို သူက မနေနိုင် မထိန်းနိုင် မေးလိုက်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုအမူအတွက် စိမ်းနုအပေါ် အိအိက အမျက်သို ရန်လိုတော့၏။

"အိုး ကုမ္ပဏီအရောင်းစာရေးမပဲ၊ ဒီလောက်တော့ ပင်ပန်းမှာပေါ့ ကိုမိုးချို ဘာလဲ စိမ်းနုပုံစံက နွမ်းပျော့နေလို့လား"

အိအိက မအေတူသမီးပီပီ မာနတက်နေသူ၊ နှုတ်လျှာရဲသူ အားမနာတတ်သူရယ်ပါ။

သူမစကားကြောင့် စိမ်းနုထောင်းခနဲ ဒေါသထွက်သွားပြီး မျက်နှာတစ်ခုလုံး နီမြန်းသွားသည်။

"ဆောရီးပဲနော် စိမ်းနု၊ ကျွန်တော့်အမေးစကားတစ်ခွန်းကြောင့် စိမ်းနုအပေါ် ပြောဆို ဝေဖန်စရာတွေ ဖြစ်ရပြီဗျာ"

သူစိတ်မကောင်းလွန်း၍ ပြောမိသွားသည်။

စိမ်းနုက မျက်နှာတင်းတင်းဖြင့် တစ်ဘက်သို့ ရှောင်ထွက်သွားသည်။

ကျယ်ဝန်းပြီး ရှည်လျားလှသည့် ကုမ္ပဏီအရောင်းခန်းမကြီးထဲ လှည့်ပတ်ကြည့်နေရသော်လည်း မိုးချို စိတ်မပါတော့ပေ။





ဖေသက်ဘာသာ ဆုံးဖြတ်ရွေးချယ်နေရသည်။

"ကဲ ပြီးပြီ . . ငါရွေးထားတာတွေ မင်းသဘောကျရဲ့လား"

"အားလုံးကောင်းပါတယ်"

စိတ်မပါသလို ပြောလိုက်ပြီး ထွက်လာခဲ့ကြသည်။

ဒေါ်ရွှေစင်စားပွဲရှေ့တွင် ပြန်ထိုင်လိုက်ကြရသည်။

"အိအိ"

"မေမေ"

"သူတို့ ရွေးထားတာတွေ"

"ဘောက်ချာပေါ်မှာ ရေးမှတ်လိုက်ပါပြီ မေမေ"

"ဪ မောင်ရင်လေးတို့ကို အားနာစရာပြောရဦးမယ်သိလား"

"ဘာများလဲ အန်တီ"

"အန်တီတို့ ကုမ္ပဏီက ပစ္စည်းသွင်းပြီးမှ ငွေယူစနစ်နဲ့လဲ လက်ခံပါတယ်လို့၊ မောင်ရင်လေးတို့က ငွေတွေကြိုပေးတာကိုး အားနာစရာကွယ်"

ဒေါ်ရွှေစင် ပြုံးဖြီးဖြီး မျက်နှာကြီးဖြင့် တမင်ပြောဆိုနေခြင်းပါ၊ စိတ်ထဲမှာတော့ ဖိုးကျိုင်းတုတ်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငွေက အားလုံး အပြေမဟုတ်ပါဘူး ခင်ဗျာ၊ တစ်ဝက်ချေထားယုံပါ၊ အန်တီ့ကိုတောင် ကျွန်တော်တို့က ကျေးဇူးတင်ပါတယ်"

"သမီးရေ အအေးမှာခိုင်းလိုက်ပါဦး"

အိအိက အမှိုက်သိမ်းအလုပ်သမကို ခေါ်ရန် စဉ်းစားပြီးမှ မခေါ်တော့ပေ။

သူမနှင့် ပြိုင်ဘက်တစ်ယောက်ဝမာ မျက်နှာပန်းပွင့်နေသည့် စိမ်းနုကို သတိရပြီး . .

"စိမ်းနု . . စိမ်းနု ဘယ်မှာလဲ သွားခေါ်ကြစမ်း"

သူ့အနီးရှိအရောင်းစာရေးမလေး အချို့ကြားအောင် ပြောလိုက်သည်။

"မစိမ်းနုမေ မစိမ်းနုမေ"

စိမ်းနုသည် တံခါးလက်ကိုင်ကွင်းများ ရောင်းချနေရာမှ ခေါ်သံကြောင့် သည်ဘက်သို့ ကမန်းကတန်း လျှောက်လာသည်။

စိမ်းနုမေအနီးသို့ ရောက်လာတော့ အိအိက အထက်စီးပုံစံ အမူအရာဖြင့် . .

"ဩော် စိမ်းနုမေရေ . . ဧည့်သည်တွေအတွက်





ကြံရည်မှာပေးပါကွယ်၊ ဆန်းကစ်တို့ ဖရှုတိုအအေးတို့က ရိုးနေပြီလေ"

ဟုပြောလိုက်သောကြောင့် အားလုံးအံ့အားသင့်နေကြသည်။

စိမ်းနုတစ်ယောက် မျက်လုံးထဲမှာ ပြာဝေသွားလောက်အောင် ခံစားသွားရသည်။

တကယ်ဆို စိမ်းနုက အရောင်းစာရေးမပဲ။ ကြံရည်ဝယ်ပေးရမှာ စိမ်းနုအလုပ်မှ မဟုတ်တာ။

ဒါသက်သက်မဲ့ အကြောင်းရှာပြီး ပညာပြတာဖြစ်ရမည်။

ဒေါသနှင့် မခံချင်စိတ်ကြောင့် မျက်နှာတစ်ခုလုံး နီမြန်းယုံမက နားရွက်ကလေးတွေပါ ထူထူပူပူဖြစ်နေမိသည်။

"ဟိုရှေ့မှာမြင်နေရတဲ့ ကြံရည်ဆိုင်လေးမှာ သွားဝယ်လိုက်ပါလား စိမ်းနု၊ အကျွတ်အိတ်ထဲ စထရောလေးတွေပါ စိုက်လာခဲ့နော်"

စိမ်းနုမနေသာတော့ပေ။

မခံချင်စိတ်က စိမ်းနုဒေါသကို လှုံ့ဆော်ပေးနေပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ညှိသည်အတွက် အအေးဝယ်ချင်ရင် အိအိ ကိုယ်တိုင် သွားဝယ်ပေါ့ စိမ်းနုဒီကုမ္ပဏီမှာ အလုပ်လာလုပ်တာ ကြံရည်ဝယ်ဖို့ မဟုတ်ဘူး၊ ဈေးရောင်းဖို့"

"ဘာ"

စိမ်းနု၏ ဒိုးဒိုးဒေါက်ဒေါက် အပြောကြောင့် အိအိ သာမက ဒေါ်ရွှေစင်နှင့် လီလီတို့ပါ မျက်နှာတွေ သုန်မှုန် သွားကြသည်။

"စိမ်းနု အလုပ်ရှင်ကို ဒီလိုပဲ ပြောရသလား"

"ဒီလိုပဲ ပြောတတ်တယ် အန်တီ"

အရက်ပြေလှမ်း၍ မာန်မဲလိုက်သည့် ဒေါ်ရွှေစင် ကိုပါ စိမ်းနုက အပြတ်ခံပြောလိုက်သောကြောင့် ကုမ္ပဏီ ပိုင်ရှင် သားအမိတစ်စု ဆွေ့ဆွေ့ခုန်သွားတော့၏။

"ညည်းဟာလေ ရုပ်ကလေးသနားကမားနဲ့၊ အပြောက ဘုကျလိုက်တာ တကယ်ဆို ဝယ်ဖို့မအားဘူးဆို လဲ ပြီးတာပါပဲ စိမ်းနုရယ်"

"အရောင်းစာရေးမတွေ ဒီလောက်များတဲ့ကြားက ကျွန်မကိုမှ ရွေးပြီး ခုလိုခိုင်းတာတော့ ဘယ်ကောင်းမလဲ အန်တီ၊ ကျွန်မ"





စိမ်းနု အံကြိတ်ပြီး တွေဝေစဉ်းစားနေမိသည်။

ဖြစ်နိုင်လျှင် သည်ကုမ္ပဏီမှာ အလုပ်ဆက်မလုပ် ချင်တော့။

သည်မှာ ဆက်လုပ်နေလျှင် ဒေါ်ရွှေစင်နှင့် အိအိ တို့ ညီအစ်မ၏ မလိုတမာ အပြုအမူများကို ခံရပေဦးမည် မဟုတ်ပါလား။

မိုးချိုနှင့်ဖေသက်တို့နှစ်ဦးလည်း သူတို့ကြောင့် ဖြစ် ရသည့် ပြဿနာအတွက် စိတ်မကောင်းခြင်းကြီးစွာ ငိုင် တွေနေကြသည်။

"ကဲပါ စိမ်းနုရယ်၊ ညည်းသူငယ်ချင်း အိအိပြော တာကို ရင်ထဲထားမနေပါနဲ့၊ တို့ကလဲ ညည်းအမေနဲ့ ရင်းနှီးလို့ အလုပ်ပေးခဲ့တာပါ၊ ဟဲ့ မွတ်တားခေါ် စိမ်း ကြံရည် ဝယ်ခိုင်းရအောင်"

ဂိုဒေါင်စောင့် ဒရဝမ် မွတ်တားအား ကြံရည်ဝယ် ရန် ဒေါ်ရွှေစင်ပြောလိုက်သည်။

"နေပါစေ အန်တီ၊ ကျွန်တော်တို့ မသောက်တော့ ပါဘူး၊ ပြန်တော့မယ် ခင်ဗျ"

"ခွင့်ပြုပါဦး အန်တီ၊ မြို့ထဲ ဝင်စရာကိစ္စလေးတွေ ရှိသေးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



မိုးချိုနှင့် ဖေသက်တို့နှစ်ဦး နှုတ်ဆက်၍ ပြန်ရန် ဟန်ပြင်လိုက်သည်။

"ကဲ အဲဒါပဲကြည့်တော့ စိမ်းနုမေ၊ ညည်းရဲ့ အပြော အဆိုကြောင့် ကျုပ်ရဲ့ ဘိုင်ရာလေးတွေ စိတ်ရှုပ်သွားကြပြီ အားနာစရာပါပဲ"

စိမ်းနုဘက်လှည့်ပြီး အပြစ်တင်လိုက်သောကြောင့် စိမ်းနုဆုံးဖြတ်ချက်ချသည့် ပုံစံဖြင့် . . .

"ဒါတော့ ကျွန်မနဲ့ဘာမှ မဆိုင်ဘူးထင်ပါတယ် အန်တီ၊ ဝယ်သူတစ်ယောက်ဟာ ပစ္စည်းဝယ်ပြီး အလုပ် မရှိတော့ရင် ပြန်သွားကြစမြဲပါ"

ဟု ခပ်မာမာပြောချလိုက်၏။

"စိမ်းနု ညည်းက ငါ့ကိုများ မရိုမသေပြောဆို ဆက်ဆံနေလိုက်တာ"

"အန်တီလဲ သမာဓိရှိရှိ ပြောဆိုဆက်ဆံစေချင် ပါတယ် အန်တီ"

"ညည်း မေမေဆီဖုန်းဆက်ပြီး ညည်းအကြောင်း တော့ ပြောရမှာပဲ"

"မေမေက မဟုတ်တာမှန်သမျှ ခေါင်းငုံ့မခံဖို့ ပြော





ဆိုမှာထားပြီးသားပါ အန်တီ၊ ကျွန်မ ဒီကုမ္ပဏီမှာ အလုပ် ဆက်မလုပ်နိုင်တော့တဲ့အတွက် စိတ်မကောင်းပါဘူး"

ပြောပြီး စိမ်းနု ချာခနဲ လှည့်ထွက်သွားသည်။

သူ့ထမင်းဘူးထည့်ထားသည့် လက်ဆွဲသားရေ အိတ်လေးကို သွားယူပြီး ကုမ္ပဏီထဲမှ ခပ်သွက်သွက် ထွက် ခွာသွားတော့၏။

"ကဲ အဲဒါသာကြည့်ကြတော့ ဘယ်လောက် မာန ကြီးပြီး အောက်ခြေလွတ်နေတဲ့ မိန်းကလေးလဲဆိုတာ ငါဖြင့် မြင်တောင်မမြင်ဘူးပေါင်"

ဒေါ်ရွှေစင်၏ မြည်တွန်တောက်တီးသံများကို ကျောခိုင်းလျက် မိုးချိုနှင့်ဖေသက်တို့ ထွက်လာခဲ့ကြသည်။

o o o



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

အိမ်ပြန်ရန် မြို့တော်စီးတီး ဘတ်စ်ပေါ်တွင် တစ်ယောက်တည်းထိုင်ရင်း စိမ်းနုစိတ်တိုနေမိ၏။

မိခင်ဖြစ်သူက မကျန်းမာလှသဖြင့် လစာငွေ တစ်သောင်းမက်ပြီး အရောင်းစာရေးအလုပ် လာဝင်မိခဲ့ခြင်းပါ။

ခုတော့ လစာငွေ ရဖို့ဝေးလို့ တစ်လပင် မပြည့်သေး။

အလုပ်က ထွက်ခဲ့ပြီ။

မှန်သည်ဟု ထင်လျှင် ကြာကြာမစဉ်းစားတတ်သည့် စိမ်းနုအား မိခင်ဖြစ်သူက မည်သည့်အခါကမျှ အပြစ်တင်ခြင်းမရှိခဲ့ပေ။

ယနေ့ကိစ္စအတွက်လည်း အပြစ်တင်လိမ့်မည် မဟုတ်။





စိမ်းနု တောင်တွေးမြောက်တွေးဖြင့် သက်ပြင်းရှိုက်နေမိ၏။

"စိမ်းနု"

သူထိုင်နေသည့် ခုံတန်းတွင် လာရောက်ဝင်ထိုင်လိုက်ပြီး မိုးချိုက နှုတ်ဆက်သည်။

မိုးချိုကို မြင်တော့ ဒေါသဖြစ်ရပြန်သည်။

"ရှင်ဘာကိစ္စရောက်လာပြန်တာလဲ"

"ကျွန်တော် ပြောစရာရှိလို့ပါ၊ ဆောရီးနော် စိမ်းနုကို အနှောင့်အယှက်ပေးချင်လို့ မဟုတ်ပါဘူး စိမ်းနုရယ်"

"ပြောစရာတွေက ကုန်ပဲမကုန်နိုင်ဘူး၊ ရှင့်ကြောင့်ကျွန်မဒေါသဖြစ်ရ အဆင်မပြေဖြစ်ရတာ သိရဲ့လား"

ဒေါသဖြစ်ဖြစ်နှင့် ရန်တွေ့နေမိသည်။

"အဲဒီကိစ္စကိုပဲ ကျွန်တော်တောင်းပန်ချင်တာပါ စိမ်းနု၊ ကျွန်တော့်ကြောင့် စိမ်းနုအလုပ်ထွက်ခဲ့ရတဲ့ အတွက် စိတ်မကောင်းပါဘူး၊ တောင်းပန်ပါတယ်... ဝမ်းနည်းပါတယ်"

စိမ်းနုမျက်နှာ ပိုပြီးတင်းမာသွားသည်။

"ရှင့်ကြောင့် အလုပ်ထွက်ခဲ့ရတာ မဟုတ်ပါဘူး"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"အိုအိုတို့ သားအမိတွေရဲ့ ဆက်ဆံရေး စီးပိုးလွန်းလို့ ရှေ့လျှောက်မခံချင်တော့တာနဲ့ ကျွန်မအလုပ်ထွက်ခဲ့တာပဲ၊ ကဲ ရှင်ဘာပြောချင်သေးလဲ သွားတော့လေ"

မျက်နှာထားတင်းတင်းဖြင့် နှင်ပစ်လိုက်သောကြောင့် အံ့အားသင့်နေသည်။

"စိမ်းနုမေမေ မကျန်းမာလို့ အလုပ်လာဝင်တာဆို စိမ်းနုရမယ့် လစာတွေ ကျွန်တော့်ကြောင့်ဆုံးရှုံးရပြီ၊ စိတ်တကယ်မကောင်းဘူးဗျာ"

"အမယ်လေး ဒီကုမ္ပဏီမှာ အလုပ်ဆက်မလုပ်
နဲ့ ကျွန်မမေမေ ဘာမှမဖြစ်နိုင်ပါဘူး၊ ကျွန်မအတွက် စိတ်မကောင်းဖြစ်မနေနဲ့၊ ကျွန်မကဒီလိုပဲ ကိုယ်မှန်တယ်ထင်ရင် သိပ်စဉ်းစားမနေတတ်ဘူး၊ ဆုံးဖြတ်ချက်ချလိုက်တာချည်းပဲ"

စိမ်းနုမျက်နှာက မာနဖြင့် တင်းနေသလို အသံ
လည်း တည်ငြိမ်နေသည်။

စိမ်းနုမျက်နှာလေးကို သူအနီးကပ်ငေးကြည့်နေ၏။

မျက်နှာလေးပေါ်မှာ အကြောစိမ်းလေးတွေ



နေသည်။ မျက်နှာက သွယ်၍မေးလုံးသည်။ နှာတံလုံးသည် ပါးမို့မို့ နှုတ်ခမ်းရဲရဲနှင့် အောက်နှုတ်ခမ်းက အပြန့်[illegible]ပြီး ပုံဖော်ထားသလို လှပ၏။ မျက်လုံးဝိုင်းဝိုင်း မျက်အိမ်ကျယ်၍ မျက်ခုံးတွေက ပန်းချီရေးထားသလို ခုံးခုံးပြေပြေ နက်နက်မှောင်မှောင်ရယ်ပါ။

လည်တိုင်ကျော့ရှင်းပြီး ပခုံးတွေကလည်း လှသည်။ ဆံကေသာကလည်း နက်မှောင်သည်။ ကိုယ်နေဟန်ကလည်း လှပသူရယ်ပါ။

"ရှင်ဘာဖြစ်လို့ သည်လောက်စိုက်ကြည့်နေရတာလဲ၊ အကြည့်ဆိုးလှချည်လား"

သည်းမခံနိုင်သလို ရန်တွေ့လိုက်မှပင် သူဆင်ခြင်ရန် သတိရသွားသည်။

"ရှင် မသွားသေးဘူးလား"

"ကျွန်တော်လဲ စိမ်းနဲ့အတူ စီးတီးဘတ်စ်နဲ့ ပြန်ပါရစေ"

"ရှင် ဘာသာပြန်ချင်ပြန် မပြန်ချင်နေပေါ့ . . ကျွန်မနားမှာ လာပြီးထိုင်ဖို့မလိုဘူး၊ ဖယ် . . ဖယ် ရှင်နေရာမရွှေ့ရင် ကျွန်မရွှေ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ဒေါ်သကြီးလှသည့် စိမ်းနုကို သြချရလေသည်။

"ကျွန်တော် အနောက်ကခုံမှာ ပြောင်းထိုင်ပါ့မယ် ဗျာ၊ စိမ်းနုက ဒေါ်သချည်းပဲ"

"ကျွန်မက ဒေါ်သကြီးတာလား၊ ရှင်က တစ်ကောက်ကောက် လိုက်နှောင့်ယှက်နေတာလား ဆိုတာ စဉ်းစားပြီးမှပြောပါ ဒါပဲ"

"ကောင်းပါပြီဗျာ၊ ကျွန်တော်လွန်ပါတယ်"

နောက်ခုံသို့ ပြောင်းထိုင်လိုက်ပြီးနောက် သူ တောင်းပန်လိုက်သည်။

စီးတီးဘတ်စ်က အချိန်နှင့်ထွက်သဖြင့် ဘတ်စ်ပေါ်တွင် လူသိပ်မများလှသေးပေ။

စိမ်းနုသည် သူ့လက်ဆွဲအိတ်ထဲမှ ဂျာနယ် တစ်စောင်ကို ယူထုတ်ပြီး ဖတ်နေသည်။

မိုးချိုကို ဖုတ်လေသည့်ငါးပိ ရှိလေသည်ဟုပင် မထင်ပေ။

မိုးချိုခမြာသာ အကြံရခက်နေတော့၏။

စိမ်းနု . . စိမ်းနု . . အလုပ်ထွက်လာပြီး ဘယ်မှာ အလုပ် ဆက်လုပ်မှာပါလိမ့် . .





မာနကတော့ သြချရလောက်အောင် ကြောက်စရာ ကောင်းလှပါလားဗျာ . .

စီးတီးဘတ်စ် ထွက်လာချိန်အထိ စိမ်းနုက သူ့ဘက် လှည့်မကြည့်။

ဂျာနယ်ဖတ်ရင်း ပါလာခဲ့သည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း-၂



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

စိမ်းနုမေနှင့် မတွေ့ရတာ ရက်အတော်ကြာခဲ့ပြီ ဖြစ်သည်။

ရေကူးကန်ဘက် မကြာခဏ သွားစောင့်ကြည့်ခဲ့သော်လည်း မတွေ့ခဲ့ရပေ။

"သူ့ အိမ်ဘက်သွားကြည့်ရအောင်"

ဖေသက်အကြံပေးသည့်အတိုင်း ပိတောက်လမ်းသွယ်(၆)ဘက် ရောက်ခဲ့သော်လည်း ကန့်လန့်ကာတွေ အမြဲပိတ်ထားတတ်သည့် စိမ်းနုတို့အိမ်မှာ မည်သူ့အရိပ်အယောင်မျှ မမြင်တွေ့ခဲ့ရပေ။

"ကဲပါကွာ စိတ်ပျက်မနေပါနဲ့ . . သည်ကနေ့ဟောလီးဒေးမဟုတ်လား၊ စိတ်ပြေလက်ပျောက် ငါနဲ့အတူလိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲကွ"

"ငါ့မိတ်ဆွေပန်းပုဆရာကြီး တစ်ယောက်ဆီသွားမှာ သူက ပန်းချီလဲဆွဲတယ်. . လက်ရာအကျော်အမော်တစ်ယောက်ပဲ"

"ဘာကိစ္စသွားမှာလဲ မင်း ပန်းပုပန်းချီ သင်ချင်လို့လား"

"မဟုတ်ဘူးကွ ဆရာကြီးရဲ့ လက်ရာသန့်သန့်ထဲက ပန်းပုရုပ်တစ်ရုပ်ဝယ်ပြီး နိုင်ငံခြားသွားမယ့် ကာစင်တစ်ယောက်ကို လက်ဆောင်ပေးမလို့"

"သူဌေးကလဲကွာ"

သည်လိုနှင့် ရွှေတောင်ကြားလမ်းထဲရှိ ပန်းပုဆရာကြီးဦးကျော်မြိုင်အိမ်သို့ ရောက်လာခဲ့ကြသည်။

"ဆရာကြီးရှိပါသလား"

"တိုက်ဘေးနားမှာ ပန်းချီဆွဲနေတယ်"

အိမ်စေကောင်မလေးစကားကြောင့် တိုက်ဘေးဘက်သို့ လာခဲ့ကြသည်။

ဆရာကြီး၏ ခြံကျယ်ကြီးက အိမ်ကြီးရှေ့တွင် မြေကွက်လပ်မရှိလှဘဲ ဘေးဘက်တွင် ကျယ်ဝန်းလှသည်။





ဆရာကြီးသည် တိုက်ဘေးဘက်လှေကားမြင့်ပေါ်မှဆင်းလာသည့် မိန်းကလေးတစ်ဦးကို ပန်းချီဆွဲနေခြင်းရယ်ပါ။

ထိုမိန်းကလေးသည် လှေကားထစ်များပေါ်မှ တစ်လှမ်းချင်း ဆင်းလာသည့် ဟန်ပန်ဖြင့် လက်ထဲတွင် ငွေဖလားတစ်လုံးကို ကိုင်ထားသည်။

"ဟင်"

မိန်းကလေးကို မိုးချိုတို့နှစ်ဦး အံ့ဩစွာငေးကြည့်နေမိသည်။

ထိုမိန်းကလေးကား အခြားသူမဟုတ်။

စိမ်းနုမေပင်ဖြစ်သည်။

စိမ်းနုမေသည် ကျောက်ရှိမ်းရောင်တောက်တောက် မြန်မာလွန်းတစ်ထောင်ချိတ်၊ ပိုးအင်္ကျီအဝါနုဖြင့် ရွှေခြေကျင်း၊ ပုံတော်ဖိနပ်ကို ဝတ်ဆင်ထားသည်။

ဆံပင်ကို နှစ်ပတ်လျှိုထုံးပြီး နှင်းဆီဝါ တစ်ပွင့်ကို ပန်ဆင်ထားသည်။

အလွန်လှပလွန်းသည့် စိမ်းနု၏ မြန်မာဆန်ဆန်အလှအား စွဲမက်စွာ ငေးမောကြည့်ရှုနေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသူ ရင်ဖိုလိုက်တာ စိမ်းနုရယ် . .

မိုးချို ရင်ထဲမှာ တိတ်တခိုး ပြောနေမိသည်။

"ဆရာကြီး"

ဆရာကြီးဦးကျော်မြိုင်က ခပ်စောင်းစောင်းလှည့်ကြည့်ပြီး ခဏနေဦးဆိုသည့် အမူအရာဖြင့် ခေါင်းညိတ်ပြသည်။

စိမ်းနုပုံကို တစ်နာရီနီးပါးကြာမျှ စိတ်ရှည်လက်ရှည် ခြယ်မှုန်းနေပြီးမှ ခေတ္တရပ်နားလိုက်သည်။

"မောင်ဖေသက်ပါလားကွ ဘာလဲ ပန်းပုရုပ်ဝယ်ဦးမလို့လား"

"ဟုတ်ကဲ့ ခင်ဗျာ၊ ဆရာကြီးလက်ရာတွေထဲက တစ်မျိုးတော့ ဝယ်ယူအားပေးရပါဦးမယ်"

"အခုလိုချင်တာလား"

"ဟုတ်ကဲ့"

"ဒါဖြင့် ပန်းပုခန်းထဲ သွားကြရအောင်လား အဲဒီမှာ မင်းစိတ်ကြိုက်ရွေးပေါ့"

"ကောင်းပါပြီ ဆရာကြီး"

ဆရာကြီးက စိမ်းနုအား ကြည့်ပြီး . .





"မိန်းကလေး ခြံထဲက သစ်ပင်အောက်မှာ ခဏနားဦးနေ့ဉ်၊ မင်းလဲပင်ပန်းလှရောပေါ့ ပြီးမှ ဆက်ဆွဲကြမယ်"

ဟုပြောလိုက်သည်။ ပြီးတော့ အိမ်ကြီးထဲဝင်သွားသည်။

ဖေသက်က ဆရာကြီးနောက်မှပါသွားသော်လည်း မိုးချိုက စိမ်းနုအနီးမှာ ကျန်ရစ်ခဲ့သည်။

"စိမ်းနု . . ဆောရီး"

စိမ်းနုက သူ့ကိုခပ်စူးစူးတစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် ရပ်နေရာမှ သစ်ပင်အောက်ရှိ ခုံလေးပေါ်မှာ သွားထိုင်လိုက်သည်။

စိမ်းနုနှင့် အဖော်လိုက်ပါဟန်တူသော မိန်းကလေး တစ်ယောက်ကိုလည်း တွေ့ရ၏။

သူက စိမ်းနုအား ရေခဲရေဘူးကို ကမ်းပေးပြီး ယပ်တောင်ခတ်ပေးနေသည်။

"လေအေးတွေ တိုက်နေတယ် မိတူး၊ ယပ်တောင် ခတ်နဲ့"

စိမ်းနုထိုင်နေသော သစ်ပင်ကြီးတစ်ပင်အောက်ရှိ ဆက်တီခုံပုလေးများကြားရှိ တစ်ခုသော ထိုင်ခုံလေးပေါ်မှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးချိုက စိမ်းနုနှင့် မျက်နှာချင်းဆိုင်ခဲ့တွင် ဝင်ထိုင်လိုက်ပြီး

"ကျွန်တော်တိုက်ဆိုင်စွာ ရောက်လာခဲ့မိတဲ့အတွက် စိမ်းနု အနှောင့်အယှက်မဖြစ်ပါဘူးနော်"

ဟုပြောလိုက်သည်။

"တမင်အနှောင့်အယှက်ပေးတာ မဟုတ်တဲ့ကိစ္စရပ်များအတွက် တကယ်အနှောင့်အယှက်မဖြစ်ပါဘူး"

စိမ်းနုမျက်နှာပေါ်တွင် မလိုလားမှုကို မတွေ့ရသဖြင့် သူကျေနပ်နေမိသည်။

"ဒါနဲ့ ဒီမှာ အလုပ်ဝင်တာကြာပြီလား"

"တစ်ပတ်လောက်ရှိပြီ"

"ဘယ်သူဆက်သွယ်ပေးတာလဲ"

"ရှင်ကလဲ စပ်စုလိုက်တာ ဆရာကြီးဆီမှာ ကျွန်မပန်းချီပန်းပုသင်တန်းတက်ခဲ့ဖူးတယ်လေ၊ အခုလို အကူအညီလိုတဲ့အခါ ဒီလိုပါပဲ တပည့်သားမြေးတွေ အနေနဲ့ အကူအညီပေးကြရစမြဲပါ"

"ဪ ဒီလိုကိုး"

စိမ်းနုအလုပ်သစ်တစ်ခုရနေပြီ အထင်ဖြင့် သူသာကျေနပ်စိတ်တွေ ပျောက်လွင့်ကုန်ရသည်။





စိမ်းနု . .

စိမ်းနု . .

သနားစရာ ချစ်ခင်တွယ်တာစရာ မိန်းကလေးရယ်

"စိမ်းနုတို့ အိမ်ဘက်တောင် မကြာခဏရောက်တယ် စိမ်းနုရဲ့"

"ဟုတ်လား"

"တစ်ခါမှ စိမ်းနုကို မတွေ့ရဘူးနော် . . စိမ်းနုတို့အိမ်ကအမြဲလိုလို ကန့်လန့်ကာတွေချထားတယ်"

"ဟုတ်ကဲ့ မေမေက ကန့်လန့်ကာချပြီး အဲကွန်းနဲ့အမြဲနေတာ၊ လမ်းကောင်းကောင်းမလျှောက်နိုင်ဘူး"

"စိတ်မကောင်းစရာပဲဗျာ . . ဘာရောဂါလဲ"

"နှလုံးရောဂါပါ"

"ဪ"

"ပထမတော့ ခုလောက်မပြင်းထန်ပါဘူး၊ ဒါပေမယ့် တစ်စစနဲ့ ပြင်းထန်လာတာလေ"

"စိမ်းနုဘယ်နေ့အားသလဲ"

"စိမ်းနုမှာ အားလပ်ချိန်ဆိုတာ မရှိသလောက်ပါပဲ ကိုမိုးချို၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းနု အားတဲ့နေ့ ဟိုတယ်တစ်ခုမှာ ညနေစာ ကျွေးချင်လို့ပါ စိမ်းနု"

"ဪ ဒါလား"

"ဖြစ်နိုင်သလား စိမ်းနု"

"ထမင်းပဲရှင် အိမ်မှာစားလဲ အတူတူပေါ့"

မလွယ်ပါလားဟု သူသက်ပြင်းရှိုက်နေမိ၏။

သူ့မျက်နှာကိုကြည့်ပြီး စိမ်းနုလည်း စိတ်ရှုပ်ထွေးသွားသည်။

သည်လူနှင့် ဆုံပဲဆုံနိုင်လွန်းသည်။

ခုလည်း ညနေစာစားရန် ဖိတ်ခေါ်နေပြန်ပြီ။

သိကျွမ်းကာစ အမျိုးသားလူရွယ်တစ်ယောက် ခေါ်ရာသို့ ကောက်ကောက်ပါအောင်လိုက်သွားရန် မိန်းမပျိုတစ်ယောက်အနေဖြင့် မသင့်တော်မှန်း နားလည်သင့်သည်ဟု ထင်မိ၏။

သည်လူ လွန်ကိုလွန်တယ် . .

"အေးအေး ဆေးဆေး စကားပြောချင်တယ်ဗျာ"

"ခုတွေ့နေပြီပဲ ပြောပေါ့"

"စိမ်းနုနဲ့ သိကျွမ်းခင်မင်ခွင့်ရခဲ့တဲ့အတွက် ဝမ်းသာ





ခဲ့ရပါတယ် စိမ်းနု၊ စိမ်းနု အနေနဲ့လက်ခံယုံကြည်ထားစေချင်တာတွေရှိပါတယ်၊ ဘာလဲဆိုတော့ ကိုယ်ဟာ လူရှုပ်လူပွေတစ်ယောက်မဟုတ်ဘူးဆိုတာပါပဲ"

စိမ်းနုက သူ့ကို အံ့သြနားမလည်စွာ ငေးကြည့်နေသည်။

"ရှင့်အကြောင်းတွေ စိမ်းနုသိစရာမလိုဘူးထင်တယ်၊ ရှင်ဘာတွေပြောနေတာလဲ"

စိတ်ရှုပ်ထွေးလာပုံဖြင့် စိမ်းနုပြောလိုက်မိ၏။

"ဆက်ပြောပါရစေဦး စိမ်းနု၊ မိန်းကလေးမြင်တိုင်း မိတ်ဆွေလိုက်ဖွဲ့နေတဲ့ ကောင်စားမျိုးလဲ မဟုတ်ဘူးနော်၊ ကိုယ့်မှာ မိန်းကလေးသူငယ်ချင်းလဲ မရှိဘူး"

"အိအိက ရှင့်ဂဲလ်ဖရင့်မဟုတ်ဘူးလား"

အိအိကို သတိရပြီး တမင်မေးမိ၏။

"ဒေါ်ရွှေစင်နဲ့ ပတ်သက်ပြီးမှ သိကျွမ်းရတာပါဗျာ"

"ဪ . . ဪ"

"စိမ်းနုကို စပြီး မြင်ခဲ့ရတဲ့နေ့မှာပဲ ကိုယ်စိတ်ဝင်စားခဲ့မိတယ်"

"ရှင် ရည်းစားစကားပြောချင်တာလား၊ အတင့်ရဲလိုက်တာ . . . တောက်"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနု ဒေါဖောင်းသွားသည်။

သည်လူဟာလေ အရောဝင် စကားပြောလိုက်မိတာနဲ့ အတင့်ရဲလာလိုက်တာ . .

"သွယ်ဝိုက်ကွေ့ပတ်ပြီး ပြောမနေချင်တော့ဘူး စိမ်းနု၊ စိမ်းနုကို ကိုယ်ချစ်နေမိပြီ၊ မိုးကြိုးအကြိမ်တစ်ရာပစ်ကျိန်ဆိုဝံ့ပါတယ်"

စိမ်းနုတစ်ကိုယ်လုံး ထူပူသွားသည်။

သူ့မျက်နှာကို လုံးဝမကြည့်ရဲတော့ပါ။

"စိမ်းနု"

"ရှင် အခုထွက်သွားပါ"

"ဘယ်သွားရမလဲ စိမ်းနု"

"အကောင်းဆုံးကတော့ ရှင့်သူငယ်ချင်းနောက်လိုက်သွားပါ ဒါပဲ"

"ရက်စက်တော့မှာလားဗျာ"

သူတို့နှစ်ဦးကို ကြည့်ပြီး မလုံမလဲ ရယ်နေသည့်အိမ်ဖော်မလေး မိတူးမာကြောင့် စိမ်းနုစိတ်ထဲ ပိုပြီးမလုံမခြုံ ဖြစ်နေရသည်။

သူက စိမ်းနုရှေ့မှ မရွှေ့ဘဲ ဒူးပေါ်လက်နှစ်ဘက်





ထောက် လက်နှစ်ဘက်ပေါ် မေးစေ့တင်လျက် စိမ်းနုကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေသည်မို့ စိမ်းနုထိုင်ရာမှ ထွက်လာခဲ့မိသည်။

လေးဆယ့်ငါးမိနစ်ခန့်ကြာတော့ ဆရာကြီးနှင့် ဖေသက်တို့ ထွက်လာခဲ့ကြသည်။

"ဆရာကြီး ပန်းချီဆက်ဆွဲမှာလား"

"ဆွဲမှာပေါ့ကွ၊ ဘာဖြစ်လို့လဲ"

မိုးချိုအမေးကို ဆရာကြီးက အံ့ဩနေသည်။

"ကျွန်တော်တို့ လေ့လာချင်လို့ပါ"

"လေ့လာချင်ရင် သင်တန်းဖွင့်တဲ့ရက်မှ လာခဲ့လေ၊ ဒီကနေ့က သင်တန်းမှမရှိတာ"

ဆရာကြီး ခွင့်မပြုသောကြောင့် ဖေသက်နှင့်အတူ ပြန်လာခဲ့ရသည်။

သို့သော် သူ့မျက်လုံးတွေထဲမှာ စိမ်းနုကိုသာ မြင်ယောင်နေမိသည် မဟုတ်ပါလား။

အိမ်ပြန်ရောက်တော့ ခုတင်ပေါ်ပစ်လှဲပြီး စိမ်းနုအကြောင်းတွေကို တွေးနေမိသည်။

ရေကူးကန်တွင် စိမ်းနုနှင့် အမှတ်မထင်ဆုံတွေ့ခဲ့ရာမှ စိမ်းနုကို သူစိတ်ဝင်စားခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ရွှေစင့်ကုမ္ပဏီတွင် နှစ်ကြိမ်ဆုံခဲ့ရကြရပြီး နောက် မာနရှိစွာ အလုပ်စွန့်လွှတ်သွားခဲ့သည့် စိမ်းနုကို သနားကရုဏာဖြစ်မိသလို ပိုပြီး အထင်ကြီးလေးစားခဲ့မိ၏။

တကယ်တော့ စိမ်းနုဟာ နွံနစ်နေတဲ့ ပဒ္မာမြားလေး တစ်ပွင့်ပါ စိမ်းနုရယ် . .

စိမ်းနုကို ကိုယ်သိပ်စွဲလမ်းနေမိပြီ

စိမ်းနုကို ပိုင်ဆိုင်ခွင့်ရချင်တယ် . .

ဒါပေမယ့် ကိုယ်တို့ ဘဝချင်းနီးစပ်နိုင်ပါ့မလား။

o o o





## အခန်း(၂)

ရွှေတောင်ကြားလမ်းထဲရှိ ပန်းပုဆရာကြီး ဦးကျော်မြိုင်အိမ်သို့ နောက်ထပ်သုံးခေါက်တိတိအလည်အပတ်ရောက်ခဲ့ကြပြီးနောက် မိုးချိုနှင့်ဆရာကြီးတို့ အတော်ပင်ရင်းနှီးခဲ့ကြပြီဖြစ်သည်။

"ဒီလကုန်ရင် ပန်းချီသင်တန်းတစ်ခုစပြီး ဖွင့်မယ်ကွ၊ မင်းတို့လာလေ့လာချင်တယ်ဆိုရင် လာခဲ့ကြပါ"

ဆရာကြီးစကားကြောင့် မိုးချိုဝမ်းသာသွားသည်။

"ကျွန်တော်လဲ ပန်းချီဝါသနာပါတယ်၊ ကျွန်တော် လေ့လာမယ်"

"သင်တန်းလာတက်ဖို့ အားပါ့မလားကွ"

ဖေသက်စကားကြောင့် သူစဉ်းစားတွေဝေသွားပြီးမှ . . .


www.burmeseclassic.com

www.burmeseclassic.com



"တိုက်တွေကပြီးနေပြီပဲကွာ၊ အင်ဂျင်နီယာတွေနဲ့ လွှဲထားရင်ရပါတယ်"

"မင်းလဲ အင်ဂျင်နီယာပဲ မဟုတ်လား"

"ငါက ကန်ထရိုက်တာလေ၊ အင်ဂျင်နီယာတွဲ့ရ ထားတဲ့ ကန်ထရိုက်တစ်ယောက်ပေမယ့် ပန်းချီပုံတွေကို လဲ စိတ်ဝင်စားတယ်လေ"

"ဒါဖြင့် မင်းဘာသာ သင်တန်းလာတက်ဟေ့၊ ငါက တော့ အိမ်တွေပစ်မထားနိုင်ဘူး"

"မင်းတစ်ယောက်လုံးရှိတာပဲ၊ ငါစိတ်ချလက်ချ သင်တန်းတက်မှာပေါ့"

"မင်းအတော်ဉာဏ်များတဲ့လူပဲ၊ ဟွန်း မသိရင်ခက် မယ်"

ဆရာကြီးက သူတို့ပြောနေသမျှ ခပ်ပြုံးပြုံးနား ထောင်နေရာမှ

"သင်တန်းသားက စုစုပေါင်းမှ ဆယ့်နှစ်ယောက်ထဲ ပါကွာ၊ ပြီးတော့ တစ်ပတ်မှ နှစ်ရက်ထဲပါ"

"ဘယ်နေ့တွေလဲ ဆရာကြီး"

"စနေ၊ တနင်္ဂနွေ"





"အိုကေ ဒါဆိုနှစ်ယောက်လုံး သင်တန်းတက်ကြ မယ်"

မိုးချိုစကားကို ဖေသက်မထောက်ခံပေ။

"ငါမတက်ဘူးကွ၊ ငါ့မှာ တခြားကိစ္စတွေ အများ ကြီးရှိသေးတယ်"

"မင်းသဘောပဲ၊ ငါတော့ သင်တန်းသားဖြစ်သွား ပြီ"

မိုးချိုအမူအရာကိုကြည့်ပြီး ဆရာကြီးကမေး၏။

"မင်းတို့ကို ဘယ်သူက သင်တန်းသားအဖြစ် လက်ခံသေးလို့လဲကွ"

"ဒီလိုတော့ မလုပ်ပါနဲ့ ဆရာကြီးရယ် ရှိကြီးခိုး ပါရဲ့ဗျာ၊ ကျွန်တော့်ကို သင်တန်းသားအဖြစ် လက်ခံပေး ပါနော်"

"ကောင်းပြီ ကောင်းပြီ၊ ရည်ရည်မွန်မွန်ရှိလှတဲ့ မောင်မိုးချိုလိုလူမျိုးကို တပည့်အဖြစ်လက်ခံလိုက်ပြီကွ"

ဆရာကြီးစကားကြောင့် မိုးချိုတို့ ပျော်ရွှင်စွာ ရယ် မောလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ဆရာကြီး ဦးကျော်မြိုင်အိမ်မှ အပြန်တွင် မိုးဟန်ချို တစ်ယောက်ရွှင်မြူးနေသည်။

"ဘယ်လိုလဲ ကိုယ့်လူ၊ မင်းရဲ့မျက်နှာကြီးကြည့်ရတာ မှိုရထားမှန်းသိသာပါတယ်၊ ဘာဖြစ်လို့ သည်လောက်ပျော်နေတာလဲ"

"ပန်းချီသင်တန်းမှာ စံပြမော်ဒယ်လုပ်မယ့်သူက စိမ်းနုမေပဲဖြစ်ရမယ်ကွ၊ သူ့ကို တစိမ့်စိမ့်ကြည့်ပြီး ပန်းချီဆွဲရမှာ ပျော်လွန်းလို့ အဟီးဟီး"

"စိတ်ကူးယဥ်မနေနဲ့၊ အခု ပန်းချီမိုဒယ်က စိမ်းနုမေ မဟုတ်ဘူး"

"မင်းက ဘယ်လိုလုပ်သိတာလဲ"

"ငါသိတာပေါ့ကွ၊ မော်ဒယ်က ငါ့ညီမဝမ်းကွဲ နာမည်က ဖန်းဖန်းတဲ့"





"မဟုတ်မဟတ် ပြောမနေစမ်းနဲ့ကွာ"

"မယုံရင်လဲ မတတ်နိုင်ဘူး ငါကမင်းရဲ့အချိန်တွေကို နှမြောလို့ ပြောနေတာ"

"မင်းပြောတဲ့အတိုင်း မှန်မမှန်သိနိုင်ဖို့အတွက် သင်တန်းကို တက်ဖြစ်အောင်တက်မယ်ကွာ"

"မင်းနဲ့ စိမ်းနုတွေ့ကြသေးလား"

"သူ့ကိုတွေ့ဖို့ ကြိုးစားတာပဲကွ၊ ဒါပေမယ့် တွေ့ရခဲတယ်၊ သူ့အိမ်ကို နှစ်ကြိမ်တိတိသွားလည်ခဲ့ပေမယ့် တွေ့ခွင့်မရဘူးလေ"

"ဘာဖြစ်လို့လဲ"

"အိမ်ဖော်ကောင်မလေးပဲ လာထွက်တွေ့တယ် မစိမ်းနုမရှိဘူးတဲ့"

"သူက မာနတော်တော်ကြီးဟယ်ကွ ရေကူးကန်ဘက်ကောမလာဘူးလား"

"မတွေ့မိဘူး"

"မင်းကိုကြည့်ရတာ စိမ်းနုမေနဲ့ ပတ်သက်လာရင် အတော်ခံစားချက်ပြင်းတဲ့ ပုံပဲ သူ့ကိုမင်းနှစ်နှစ်ကာကာ ချစ်နေမိပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်နေမိပြီ၊ သူ့ကိုမြင်တဲ့နေ့က စပြီး ချစ်ခဲ့မိတာပဲ။ ဒါပေမယ့် သူ့အချစ်ကို မျှော်လင့်ဖို့ဆိုတာ မလွယ်လှဘူး ထင်တယ်"

"ဒေါ်ရွှေစင့်ကုမ္ပဏီက အလုပ်ထွက်သွားပြီး ဘယ်မှာ အလုပ်လုပ်နေလဲ မသိဘူးကွာ"

"ငါ့အထင်တော့ ဆရာကြီးဆီမှာပဲ မော်ဒယ်လုပ်နေသလားလို့"

"စောင့်ကြည့်ပေါ့ကွာ"

သူတို့နှစ်ဦးဘုရင့်နောင်တံတားကို ဖြတ်ခဲ့ပြီးနောက် အက်ဖ်အမ်အိုင်စီးတီးထဲ ကားကိုကွေ့ဝင်လာခဲ့၏။

"ဟော ဟော ဟိုမှာ စိမ်းနု"

စက်ဘီးလေးစီးပြီး ဖြတ်သွားသည့် စိမ်းနုကို တွေ့လိုက်ရသည်။

စိမ်းနုနောက်မှ သူကားဖြင့်လိုက်ခဲ့၏။

ပိတောက်လမ်းသွယ်ရောက်တော့ စိမ်းနုက စက်ဘီးကို ရပ်လိုက်ပြီး လှည့်ကြည့်သည်။

"စိမ်းနု မတွေ့ရတာကြာပြီနော်"

"ရှင်ဘာဖြစ်လို့ လိုက်လာတာလဲ"





"စိမ်းနုအိမ်ကို ရောက်ဖူးချင်လို့"

"မေမေနေမကောင်းဘူး သူစိမ်းညည့်သည် လာလို့ မဖြစ်ဘူးရှင့်"

ခပ်ပြတ်ပြတ်ပြောပြီး ထွက်သွားသောကြောင့် သူဆက်မလိုက်တော့ဘဲ နောက်ကြောင်းပြန်လှည့်လာခဲ့သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"ပွမ် . . ပွမ်"

ခြံကျယ်ကြီးထဲသို့ အပြာရောင်ပါဘလစ်ကာ ကားလေးကွေ့ဝင်လာပြီး ခြံထောင့်တစ်နေရာတွင် ရပ်လိုက်သည်။

ကားပေါ်မှ လူရည်သန့်တစ်ဦးဆင်းလာသည်။

သူ့ပုံစံက အသားလတ်လတ်၊ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းပုံစံဖြစ်ပြီး မျက်နှာက ယောကျ်ားပီသ၍ ချောမောလှပသည်။

ဝတ်စားဆင်ယင်ထားပုံက စမတ်ကျပြီး ဘိုကေကို သပ်သပ်ရပ်ရပ်ဖြီးထားသောကြောင့် သင်တန်းသူအချို့ စိတ်ဝင်တစားလှမ်းကြည့်ကြသည်။

"ကားပေါ်က ဆင်းလာတဲ့ လူကအတော်သားနားပါလား"





"ချောတယ်နော်"

ပန်းချီသင်တန်းမစသေးမီ အချိန်မို့ ခြံထဲတွင် သုံးယောက်တစ်စု၊ နှစ်ယောက်တစ်စုဖြင့် စကားပြောနေကြစဉ် မိုးချိုရောက်လာခြင်းဖြစ်သည်။

"မော်ဒယ်ဂဲလ် ဘယ်သူလဲ"

"ဟိုတစ်နေ့က ဆရာကြီးအိမ်မှာတွေ့ခဲ့ရတဲ့ အမျိုးသမီးပဲ ဖြစ်မယ်ထင်တယ်၊ သင်တန်းဖွင့်မယ့် ကိစ္စပြောဆိုနေကြတာကြားတယ်"

မိုးချိုသည် သင်တန်းဖွင့်မည့် အခန်းထဲသို့ တန်းတန်းမတ်မတ်ဝင်လာခဲ့ရာ စိမ်းနုမေကို တွေ့လိုက်ရသည်။

"ဟင် စိမ်းနု"

"အံ့ဩနေသလား၊ ရှင်သင်တန်းလာတက်မယ်ဆိုတာ ကျွန်မသိပြီးသားပါ"

စိမ်းနုမေသည် အနီရောင်ပေါ်တွင် အဝါနုပွင့်များပါရှိသည့် မာဗယ်သားကို ဝမ်းဆက်ဝတ်ထားပြီး ခေါင်းတွင် ပြာရောင်နှင်းဆီပန်းတစ်ပွင့် ပန်ထားသည်။

သိပ်လှနေသည့် သူမမျက်နှာပေါ်တွင် ပါးကွက်ကြားနှစ်ခုနှင့်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်ရောက်လာတဲ့အတွက် အနှောင့်အယှက်များဖြစ်သွားသလား"

စိမ်းနုခေါင်းခါရမ်းလိုက်သည်။

"စိမ်းနုက မော်ဒယ်နော်"

"ဟုတ်ကဲ့"

"စိမ်းရဲ့အပြင်အဆင်တွေက ယဉ်တယ်၊ ပန်းချီကားချပ်ပေါ်ရောက်သွားမယ့် စိမ်းရဲ့အလှဟာ အခုလို အပြင်မှာမြင်နေရတဲ့ ပကတိအလှကို မီမှမီနိုင်ပါ့မလား"

"ရှင် မြှောက်နေပါပြီ"

"စိမ်းရဲ့ပုံကို ပကတိအတိုင်းရအောင် ကိုယ်ကြိုးစားမယ်နော်"

"ကျေးဇူး"

"စိမ်းနု . . ဒီကနေ့ညနေ ကိုယ် ထမင်းဖိတ်ကျွေးပါရစေ"

"အဲဒီလောက် အချိန်မပေးနိုင်လို့ပါ"

"စိမ်းနုညာနေပြီ ထင်ပါရဲ့"

"စိမ်းနု မညာတတ်ပါဘူး"

"ခဏဖြစ်ဖြစ် ကိုယ်နဲ့စကားပြောပါလား"





"တစ်နေ့တော့ အချိန်ရဦးမှာပါ"

"စိမ်းနုကို ကိုယ်ချစ်တယ်"

သူ့စကားကြောင့် စိမ်းနုထူထူပူပူဖြစ်ပြီး ခြေနှစ်လှမ်း နောက်ဆုတ်သွားသည်။

"စိမ်းနုလို့ မခေါ်ချင်တော့ဘူး"

"ဘာ"

"စိမ်းလို့ ခေါ်ချင်တယ် ရမလား"

ထိုစဉ် ဆရာကြီးဦးကျော်မြင့်နှင့် သင်တန်းသူ၊ သင်တန်းသားအချို့ ဝင်လာကြသောကြောင့် မိုးချိုစကားဖြတ်လိုက်ရ၏။

စိမ်းနုမေက ကိုယ်ဟန်ပြမယ်ဖြစ်ပြီး သင်တန်းသူ သင်တန်းသား စုစုပေါင်း ဆယ့်ငါးယောက်ခန့်ရှိသည်။

မိုးချို ရင်ထဲမှာ လှုပ်ရှားနေမိသည်။

သူပျော်လည်း ပျော်သည်။

စိတ်လည်း လှုပ်ရှားနေမိသည်။

စိမ်းနုကို တစိမ့်စိမ့်ကြည့်ပြီး ပန်းချီဆွဲရတာမို့ အချိန်ကုန်ဆုံးသွားမှာပင် နှမြောနေမိသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သင်တန်းပြီးချိန်တွင် သူနှင့်အတူ ပြန်ရန်

ခေါ်ပေမယ့် စိမ်းနုက လက်မခံ။

သူမဘာသာ ပြန်သွားခဲ့သည်။

စိမ်းနု . .

စိမ်းနု . .

သူ့အပေါ်မှာ ငါအတော်စွဲလမ်းနေမိပြီ . . .

၀ ၀ ၀





## အခန်း(၅)

သံလျှင်မြို့ ကျိုက်ခေါက်စေတီတော်သို့ ခရီးထွက်ကြရန် တောင်းအေ့စ်ကားတစ်စီးပေါ်သို့ အလုအယက် တက်နေကြသည်။

ရှေ့ဆုံးခုံတွင် စိမ်းနုမေနှင့် မိတူးတို့ ထိုင်ကြသည်။

ကျိုက်ခေါက်စေတီတော် နောက်ခံထား၍ တစ်ခုသော တန်ဆောင်းကြီးဘေးတွင် ဆွမ်းအုပ်ပိုက်လျက် ကိုယ်ဟန်ပြမယ် လုပ်ရမည့် စိမ်းနုမေ၏ ပုံတူပန်းချီကားလေးကို ဆွဲကြရန် အဖွဲ့လိုက် ခရီးထွက်လာခဲ့ကြခြင်းပါ။

ပန်းချီသင်တန်းဖွင့်ခဲ့သည်မှာ တစ်လနီးပါးရှိခဲ့ပြီမို့ သင်တန်းသူ သင်တန်းသားတွေ အတော်ရင်းနှီးနေကြပြီ ဖြစ်သည်။

"ဆရာကြီးစိတ်ကူးကောင်းတယ်၊ ခုလိုပဲ အမြဲလိုလို ခရီးထွက်ပြီး ပန်းချီဆွဲရပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဖြစ်နိုင်ရင် ပုဂံအထိ ခရီးထွက်ချင်တာ"

သင်တန်းသားအချို့ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြခြင်းပါ။

စိမ်းနုသည် အပြာရောင်ချိတ်ထဘီ၊ အင်္ကျီအဖြူလက်ရှည်၊ ပုသိမ်ထီးအပြာနုလေးကို ကိုင်ထားလျက် သံလျှင်ကျိုက်ခေါက်ဘုရားသို့ ရောက်လျှင် ကိုယ်ဟန် အနေအထားပြရန် ကြိုတင်စဉ်းစားလျက်ရှိ၏။

မိုးဟန်ချိုသည် စိမ်းနုနောက်ဘက်ခုံတွင် ထိုင်နေရာမှ ဆင်းဒဝစ်ချ်နှစ်ခုကို လှမ်း၍ပေးနေသည်။

"စိမ်းနု . . ဒီမှာ စိမ်းနုနဲ့ မိတူးအတွက်မုန့်"

စိမ်းနုက ခပ်ငဲ့ငဲ့လှည့်ကြည့်သော်လည်း မုန့်ကို လှမ်းမယူပေ။

မိတူးက လှမ်းယူသည်။

စိမ်းနုမေသွားလေရာ တစ်ကောက်ကောက် ပါတတ်သည့် မိတူးကို အားလုံးက သိကျွမ်းခင်မင်နေကြပြီ။

သံလျှင်တံတားကြီးကို ဖြတ်တော့ လေတဖြူးဖြူး တိုက်နေ၏။



သံလျှင်မြို့ထဲသို့ ကားဝင်လာပြီးနောက် ကျိုက်ခေါက်စေတီတော်ရှိရာသို့ မောင်းလာခဲ့သည်။

စေတီတော်အနီးတွင် ကားကိုရပ်လိုက်သည်နှင့် သီးသီးဆင်းကြပြီး နေရာယူကြသည်။

"ဟောဒီတန်ဆောင်းဘေးမှာ ရပ်ပါ စိမ်းနု၊ ဒါမှ င်ကွင်းစုံပြီး စေတီတော်နောက်ခံနဲ့ ရှုခင်းလှမယ်"

စိမ်းနုမေသည် ဆရာကြီးဦးကျော်မြိုင်ပြသည့် နေရာတွင် ရပ်လိုက်သည်။

ပြီးတော့ လက်တစ်ဘက်က ဆွမ်းအုပ်ကြီးပိုက်ထား လျက် လက်တစ်ဘက်က ပုသိမ်ထီးကို ဆောင်းထား၏။

စိမ်းနုဝတ်ထားသည့် ချိတ်ထဘီနက်ပြာရောင်က အပြာနုနုပုသိမ်ထီးလေးနှင့် ပနံတင့်လိုက်ဖက်လှသည်။

ဆံထုံးမြင့်မြင့်ဘေးမှာ အပြာရောင်သစ်ခွပန်းခိုင် ပန်ဆင်ထားသည်။

သူ့ကို ငေးကြည့်ပြီး အားလုံးမှင်တက်မိစွာ ငြိမ်သက် မိကြ၏။

"ဒါက မွန်းမတည့်သေးမီ နေရောင်နောက်ခံကိုပါ ပြရမယ့် ပန်းချီကားချပ်ပဲ၊ ဘုရားက ရွှေရောင်ဝင်းနေပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်ခံတိမ်ပန်းချီကားတွေကို အရောင်သုံးလေးမျိုးဖော်ပြရမယ် . . ပြီးတော့ တန်ဆောင်းနဲ့ သစ်ပင်တွေ . . ပြီး ဆွမ်းအုပ်ပိုက်ထားတဲ့ မြန်မာအမျိုးသမီးလေး မစိမ်းနုမေ

ဆရာကြီးက တစ်ခွန်းချင်းပြောနေသည်။

မိုးချိုသည် စိမ်းနုမေတစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် ကြည့်နေမိသည်။

စိမ်းနုရဲ့ အလှဟာ ပုဂံခေတ်သမီးပျိုတစ်ဦးရဲ့ အလှလိုပဲ . . .

သူတွေးပြီး ပြုံးလိုက်မိသည်။

စိမ်းနုကိုကြည့်ပြီး ပန်းချီဆွဲနေကြရင်း အချိန်တွေ တဖြည်းဖြည်း ကုန်ဆုံးခဲ့၏။

နှစ်နာရီနီးပါးကြာခဲ့ပြီဖြစ်သည်။

နေမြင့်လေ အပူရှိန်မြင့်လေ။

စိမ်းနုမေ နဖူးနှင့် လည်တိုင်တွင် ချွေးစက်လေးတွေ စို့လာသည်။

စိမ်းနုသည် မတ်တပ်ရပ်နေရင်း တရိပ်ရိပ်မူးဝေ လာ၏။

ဒုက္ခပါပဲ . . ဘယ်လောက်ကြာကြာ ဆက်ပြီး ရပ် နေရဦးမှာပါလိမ့်။





ညက မေမေ နှလုံးရောဂါပြန်ထလို့ ပြုစုရတာနဲ့ မနက်လေးနာရီလောက်မှ အိပ်ခဲ့ရတာ . .

အခုမူးနောက်ရီဝေနေပြီ . .

ဆရာကြီးကို လှမ်းကြည့်လိုက်မိ၏။

ဆရာကြီးက ခပ်အေးအေးပင် အလုပ်များလျက် ရှိသည်။

သင်တန်းသားတွေ ပန်းချီကားချပ်များအား လိုက် လံကြည့်ရှုနေ၏။

မူးလိုက်တာ . . အား . .

စိမ်းနုမေ မဟန်နိုင်တော့ပေ။

ရပ်နေရာမှ ဒယိမ်းဒယိုင်လဲကျသွားတော့၏။

"ဟင် . . . စိမ်းနု . . စိမ်းနု"

"ဘာဖြစ်သွားပါလိမ့်"

စိမ်းနုမေ အနီးသို့ အားလုံးဝိုင်းအုံလာကြပြီး ပြုစု နေကြသည်။

"နေလဲပူ အားကလဲနည်းတော့ လူမခံနိုင်ဘူး ထင်ပါရဲ့၊ ကလေးမ မူးလဲသွားတာ"

မိုးချိုသည် စိမ်းနုအား ပွေ့ပြီး နေရိပ်ထဲခေါ်လာ ခဲ့၏။ ပြီးတော့ ယပ်တောင်ခပ်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းနု . . စိမ်းနု"

စိမ်းနုမျက်လုံးတွေ ဖွင့်ကြည့်လိုက်၏။

"သတိရရဲ့နော်"

"မူးသွားတာပါ" ဟု စိမ်းနုက လေသံသဲ့သဲ့ဖြင့် ဖြေလေသည်။

"ဒီကနေ့ နားလိုက်ကြရအောင်၊ နောက်တစ်နေ့လဲ အရာဝတ္ထုပစ္စည်းတွေရဲ့ ပုံစံကိုဆွဲကြမယ်၊ မော်ဒယ်က သုံးလေးရက်လောက်နားလိုက်မှ နေကောင်းသွား မယ်ထင်တာပဲ"

စိမ်းနု သက်သာစေရန် ပြုစုပေးကြပြီးနောက် ရန်ကုန်သို့ ပြန်လာခဲ့ကြသည်။

မိုးချိုတစ်ယောက် စိမ်းနုအတွက် စိုးရိမ်ပူပန်နေပုံကြောင့် သူ့အတွင်းစိတ်ကို တချို့က ရိပ်မိသွားကြရသည်။

○ ○ ○





## အခန်း(၆)

စိမ်းနုမေတို့ တိုက်ကလေးရှေ့သို့ သူနေ့စဉ်ရောက်သည်။

သို့သော် စိမ်းနုမေနှင့် တွေ့ခွင့်မရခဲ့ပေ။

သည်ကနေ့တော့ တွေ့ခွင့်ရရန် ခြံဝရှိ လူခေါ်ခေါင်းလောင်းလေးကို သူအကြိမ်ကြိမ် နှိပ်နေမိသည်။

မိတူးပြေးထွက်လာ၏။

"ဟင် ဘယ်သူများလဲလို့ ကိုမိုးချိုပါလား . . မမစိမ်းမရှိဘူး"

"သူ နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ နေကောင်းသွားပါပြီ"

"ကိုယ် သူနဲ့တွေ့ပါရစေ"

"သူ သံလျှင်ပြန်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"မူးလဲသွားပြီး ၊ရန်ကုန်မှာ မမစိမ်းနှစ်ရက်ပဲ နေခဲ့တယ်၊ မမစိမ်းအဘွားက သံလျှင်မှာလေ အဘွားနေမကောင်းလို့ သံလျှင်ပြန်သွားတာ သုံးရက်ရှိပြီ"

မိတူးစကားကြောင့် အံ့သြနေမိသည်။

"ဒါဖြင့် စိမ်းနုမေမေကော"

"မမစိမ်းနုအစ်ကို လာကြို့သွားပြီလေ၊ မမစိမ်းအစ်ကိုတစ်ယောက်က မန္တလေးမှာနေတယ်"

"ဩော်"

သူ့ရင်ထဲဟာသွားမိသည်။

စိမ်းနုသံလျှင်မှ ပြန်လာမည့်ရက်ကို ဘယ်လောက်ကြာကြာစောင့်ရဦးမှာပါလိမ့် . .

"မိတူး"

"ရှင်"

"ခင်ဗျားသံလျှင်လိုက်မလား"

"ကျွန်မက အိမ်စောင့်နေရတာ ဘာဖြစ်လို့လဲ ကိုမိုးချိုလိုက်သွားမလို့လား"

"ဟုတ်တယ်"





"ဒါဖြင့် လိပ်စာယူသွားလေ"

မိတူးပြောသည့် အိမ်လိပ်စာကို သူရေးမှတ်ပြီး လှည့်ထွက်ခဲ့၏။

သူ့အိမ်သို့ ပြန်လာခဲ့ပြီး ကားယူ၍ ထွက်လာခဲ့သည်။

စိမ်းနုအိမ်က သံလျှင်ကျိုက်ခေါက်ဘုရားနှင့် သိပ်မဝေးလှသောကြောင့် စိမ်းနုအိမ်သို့ လိုက်မသွားမီ ကျိုက်ခေါက်ဘုရား အလျှင်ဖူးရန် ဘုရားသို့လာခဲ့၏။

ဘုရားရင်ပြင်တော်ပေါ်တွင် ထိုင်ပြီး ဘုရားကန်တော့လိုက်သည်။

ပြီးတော့ ထရပ်လိုက်၏။

"ကိုမိုးချို"

သူ့နောက်မှ အသံကြောင့် ဝမ်းသာအားရလှည့်ကြည့်မိသည်။

"ဟင် စိမ်းနု"

စိမ်းနုမေသည် ယဉ်ယဉ်လေးလှနေ၏။

ပါတိတ်ဝမ်းဆက် မီးခိုးနုလေးကို ဝတ်ဆင်ထားပြီး ဆံထုံးမြင့်မြင့်တွင် ခရေကုံးလေး ပန်ဆင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးချို ဘုရားဖူးလာတာလား"

"ကို စိမ်းနုနောက်လိုက်လာခဲ့ရင်း ဘုရားဖူးနေတာပါ"

"ဒီကို ရောက်နေမှန်း ရှင်ဘယ်လိုသိတာလဲ"

"မိတူးပြောပြတာပါ"

"ကျွန်မနဲ့တွေ့ဖို့ အရေးတကြီးကိစ္စ ရှိနေလို့လား"

"စိမ်းနုကို ပန်းချီသင်တန်းမှာ မတွေ့ရတော့ ကိုယ် သိပ်ခံစားခဲ့ရတယ် စိမ်းနု၊ ကိုယ့်ရင်ထဲမှာ နေလို့မရလောက်အောင် ဟာနေတယ်"

"ဪ"

"စိမ်းနုအိမ်ဘက်လဲ နေ့စဉ်ရောက်ခဲ့ပေမယ့် ဒီကနေ့မှ မိတူးကိုမြင်ခဲ့ရတာ၊ စိမ်းနုသံလျှင်ရောက်နေတာ သိသိချင်း ကိုယ်လိုက်လာခဲ့တာပဲ စိမ်းနု"

"ရှင့်ဒုက္ခက ကြီးလိုက်တာ"

"ဟုတ်တယ် ကိုယ်က အစွဲအလမ်းကြီးတဲ့ သူဆိုတော့ စိမ်းနုကို မမြင်ရရင် မနေနိုင်တော့ဘူး"

စိမ်းနုသည် သူ့မျက်နှာကို အတန်ကြာငေးစိုက်အကဲခတ်နေပြီးမှ မျက်လွှာချလိုက်၏။





"စိမ်းနု အဘွားနေမကောင်းဘူးဆို"

"ဟုတ်တယ် အဘွားနေမကောင်းသေးဘူး၊ ဒါကြောင့် စိမ်းနုကိုယ်တိုင် ပန်းရောင်းနေရတယ်လေ"

"ဗျာ"

"မအံ့ဩပါနဲ့၊ လာ . ."

စိမ်းနုက ဘုရားစောင်းတန်းထဲရှိ သူ့ပန်းဆိုင်လေး ရှိရာသို့ ခေါ်ဆောင်ခဲ့သည်။

ပန်းဆိုင်ထဲတွင် ပန်းပေါင်းစုံတို့ ဝေဆာစွာ ခင်းကျင်းထားသည်။ ထီး၊ တံခွန်၊ ကုက္ကားများလည်း ချိတ်ဆွဲထားတာကို တွေ့ရသည်။

"ကဲ ကိုမိုးချို၊ ကြုံကြိုက်တုန်း ယတြာချေသွားဦးမလား ဒီမှာ ပန်းနဲ့ထီး၊ တံခွန်၊ ကုက္ကားတွေ"

သပြေပန်းစည်းနှင့် ထီး၊ တံခွန်၊ ကုက္ကားတစ်စုံကို စိမ်းနုလှမ်းပေးနေသဖြင့် သူခေါင်းခါလိုက်သည်။

"ပြန်ကာနီးမှပဲ ယတြာချေသွားတော့မယ် စိမ်းနု၊ အခုစိမ်းနုအနားမှာ ထိုင်ပြီးစကားပြောခွင့်ရမလား"

"ရပါတယ်"

"စိမ်းနုရှိတဲ့ နေရာကိုလိုက်လာတာ ကျေနပ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျေနပ်ပါတယ်"

"စိမ်းနုကို မမြင်ရလေ၊ တမ်းတရလေပဲ"

"ဘုရားပေါ်မှာ ရည်းစားစကားမပြောရဘူးရှင့်၊ ငရဲကြီးမှာပေါ့"

စိမ်းနုမျက်နှာလေးကို သူမမှိတ်မသုန်ရပ်ကြည့်နေသည်။

ပြီးမှ . .

"ဒါဖြင့် စိမ်းနုအိမ်ကို ကိုယ်အလည်လိုက်ခဲ့မယ်၊ လမ်းမှာ ပြောသွားမယ် ဘယ်နှယ့်လဲ"

"ကောင်းပြီလေ ဒါပေမယ့် စိမ်းနုက ညနေမှ ပြန်မှာ"

"ကျွန်တော်စောင့်နေပါ့မယ်"

သူကပြောသည့်အတိုင်း လုပ်တတ်သူရယ်ပါ။

စိမ်းနုမေအနီးမှ ထွက်ခွာသွားပြီး ကားပေါ်တွင် တစ်နေကုန်အောင် ထိုင်စောင့်နေတော့၏။

သူ အတော် ဇွဲကောင်းပါလား . . .

ပြောရခက်လိုက်တာ . . . .

တကူးတက ရောက်လာတဲ့ ဧည့်သည်ဆိုတော့လည်း ရန်တွေ့ပစ်ဖို့ ခက်နေတယ် . . .





မိုးချိုအကြောင်းကို စဉ်းစားရင်း စိမ်းနုတစ်ယောက် ...က်ပြုံးရှိုက်နေမိသည်။

သို့သော် စိမ်းနုသည် ပန်းဆိုင်ကို စောစောမသိမ်း ...ပေ။

ပုံမှန်အချိန်အတိုင်း နေအတော်စောင်းမှပင် ပန်း ...ိုင်လေးကို သိမ်းခဲ့သည်။

○ ○ ○



www.burmeseclassic.com

## အခန်း(၇)

"ဩော် စိမ်းနု . . ဆိုင်သိမ်းခဲ့ပြီလား"

"ဟုတ်ကဲ့"

သူဖွင့်ပေးသည့် ကားတံခါးမှ အတွင်းသို့ စိမ်း...
ဝင်ထိုင်လိုက်သည်။

စိမ်းနုမေ၏ အဘွားအိမ်သည် ကျိုက်ခေါက်ဘု...
အလွန်တွင်ရှိပြီး ခြံကျယ်ဝင်းကျယ်အလယ်တွင် တည်...
သည့် ပျဉ်ထောင်နှစ်ထပ်အိမ်လေးရယ်ပါ။

"လာ ကိုမိုးချို"

အိမ်ကလေးအတွင်းသို့ မိုးချိုကို ခေါ်လာခဲ့...

မိုးချိုအိမ်ကလေးအတွင်းရောက်တော့ မျက်...
ဝေ့ဝဲပြီးကြည့်လိုက်၏။

ကြမ်းပြင်မှာ ပြောင်လက်သန့်ရှင်းပြီး နေချင့်စ...
ဖြစ်သော်လည်း အဖိုးတန်ပရိဘောဂတစ်ခုမျှ မတွေ့...





"ကိုမိုးချို . . ထိုင်"

စိမ်းနုက ဖျာဟောင်းတစ်ချပ် ခင်းပေးပြီး ပြောသည်။

သူ စိတ်မကောင်းဖြစ်မိသည်။

ဩော် စိမ်းနုအဘွားက တကယ်နွမ်းပါးပုံရသည် မဟုတ်ပါလား . .

"အဘွားက အပေါ်ထပ်မှာ အဘွားကို စိမ်းနုသွားတွေ့လိုက်ဦးမယ်"

ပျဉ်ထောင်အိမ်လေး၏ အပေါ်ထပ်ဆီသို့ စိမ်းနု တက်လာခဲ့သည်။

အဘွားသည် အပေါ်ထပ်ရှိခုတင်ဟောင်းတစ်လုံးပေါ်တွင် မှိန်းနေပြီး အဘွားအနီးတွင် ကြီးကြီးခက်ကို တွေ့ရသည်။

"ဘွားဘွား သက်သာရဲ့လား"

"အများကြီး နေကောင်းသွားပြီ လုံမလေး"

အဘွားနဖူးနှင့် လက်ဖဝါးတွေကို စမ်းကြည့်တော့ အဖျားကျနေပြီ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်လေး လာသွားသေးတယ်ကွယ် . . အဖျားလုံးလုံးကျသွားပြီလို့ ပြောသွားတယ်"

ကြီးကြီးခက်က အကျိုးအကြောင်းပြောပြနေသည်။

ဘွားဘွားမော် ဆက်တိုက်ဖျားနေသည့် ရက်များ ကြာရှည်လာသဖြင့် စိမ်းနုပြုစုရန် ရောက်လာရခြင်းပါ။

ဘွားဘွား အဖျားကျစပြုသည်နှင့် ပန်းဆိုင်ကလေး ပြေးဖွင့်ရခြင်းပင်။

"ညည်းသည်တစ်ယောက် ပါလာခဲ့တယ် ဘွားဘွား စိမ်းနုမိတ်ဆွေ"

စိမ်းနုစကားကြောင့် ဒေါ်ကျော့မော် အံ့သြသွားသလို ကြီးကြီးခက်လည်း အံ့အားသင့်နေ၏။

"စိမ်းနုမိတ်ဆွေဟုတ်လား ယောကျ်ားလေး မိတ်ဆွေတော့ မဖြစ်နိုင်ဘူးထင်တယ်"

"ယောကျ်ားလေး မိတ်ဆွေပဲကြီးကြီးခက်"

"ဟင် အံ့သြစရာပါလား"

ကြီးကြီးခက် အံ့သြနေသည်။

"ညည်းသည်နဲ့ စကားပြောလိုက်ဦးမယ်နော်"





ပြောခဲ့ပြီး အောက်ထပ်သို့ ပြန်ဆင်းခဲ့၏။

ကြီးကြီးခက်က စိမ်းနုနောက်မှ လိုက်ပါခဲ့သည်။

"ကြီးကြီးခက် ဒီမှာလေ စိမ်းနုမိတ်ဆွေ၊ ကိုမိုးဟန်ချိုတဲ့"

"တွေ့ရတာ ဝမ်းသာတယ် မောင်ရင်"

"စိမ်းနုအဘွား နေမကောင်းဘူးဆိုလို့ပါ ကြီးကြီး၊ အခုသက်သာသွားပြီလား"

"အတော်သက်သာသွားပါပြီ၊ အသက်ကကြီးလာတော့ အဖျားဒဏ်မခံနိုင်ရှာဘူး၊ ဒါနဲ့မောင်ရင်လေးက ရန်ကုန်ကပဲလား"

"ဟုတ်ပါတယ် ခင်ဗျာ"

မိုးဟန်ချို၏ ရည်မွန်သော ရုပ်ရည်ကို အကဲခတ်ကြည့်နေရာမှ . .

"ကဲ စကားပြောကြဦး"

ဟု ပြောလိုက်ပြီး အိမ်ကလေးအပေါ်ထပ်သို့ ပြန်တက်သွားတော့၏။

"ခဏထိုင်ဦးနော် ကိုမိုးချို ကျွန်မရေနွေးကြမ်း လုပ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ စိမ်းနု၊ ကိုယ်က စိမ်းနုမျက်နှာကို ထိုင်ကြည့်နေရရင် ကျေနပ်ပါတယ်"

သူ မမျှိသိပ်နိုင်တော့ပါ။

စိမ်းနုလက်တစ်ဘက်ကို ဆုပ်ကိုင်ပြီး ပြောလိုက်မိသည်။

"အို"

စိမ်းနု ရုန်းပေမယ့် သူက စိမ်းနုလက်ကို မလွှတ်။

"ချစ်တယ် စိမ်းနုရယ် သိပ်ချစ်မိပြီ"

"ရှင် စော်ကားလှချည်လား ရှင် ဧည့်သည်တစ်ယောက်အနေနဲ့ ရိုင်းလှချည်လား"

"စိမ်းနုအိမ်ပေါ်မှာ ခုလိုမပြောသင့်ဘူးဆိုတာ ကိုယ်နားလည်ပါတယ် စိမ်းနုရယ် ဒါပေမယ့် ဒီအခွင့်အရေးမျိုးကို တခြားနေရာမှာ မပြောနိုင်မှန်းသိလို့ပါ"

သူ့အသံတွေ တုန်ရင်ပြီး စိမ်းနုမျက်နှာကို အသနားခံသလို ကြည့်သည်။

ပြီးတော့ စိမ်းနုလက်ဖဝါးကို တင်းကြပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်၏။





"ကိုမိုးချို ရှင့်ကို မိတ်ဆွေတစ်ယောက်အဖြစ် လက်ခံနိုင်တော့ဘူး ရှင် အခုချက်ချင်း ပြန်ရင်ကောင်းမယ်"

စိမ်းနုအသံက လှိုက်တုန်ပြီး ခြေဖျားလက်ဖျားများင် အေးစက်လာ၏။

သူ့ကို အိမ်သို့ ဧည့်သည်အဖြစ် ဝင်ထွက်ခွင့်ပြုရန်စ်နိုင်ပါ့မလား . .

"စိမ်းနု"

စိမ်းနုမျက်နှာနားကပ်ပြီး သူခပ်တိုးတိုးခေါ်သည်။ အသံကချွဲပြီး အကြည့်ကလည်း စူးနစ်လွန်း၏။

"ကိုယ့်မျက်နှာကို ကြည့်ပါဦး ကိုယ်ပြောမယ်"

"ရှင် ဘာပြောချင်လို့လဲ ကိုမိုးချို"

"ကိုယ့်မှာ ချစ်ခဲ့ဖူးတဲ့ မိန်းကလေးမရှိဘူး၊ စိမ်းနုစ်ယောက်တည်းကိုပဲ ချစ်ခဲ့ဖူးတာပါ"

စိမ်းနု သူ့လက်ကို ဆောင့်ရုန်းပစ်လိုက်ပြီး ထိုင်ရာ ထရပ်လိုက်၏။

ပြီးတော့ တင်းမာနေသည့် မျက်နှာထားဖြင့်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုမိုးချို ရှင် ပြန်သင့်ပြီ ထင်ပါတယ်"

"ပြန်စေချင်ရင် ပြန်ပါ့မယ်"

"နောက်ထပ် ကျွန်မကို လာတွေ့ဖို့ မကြိုးစားပါနဲ့"

"ဘာဖြစ်လို့လဲ စိမ်းနု"

"ရှင့်ကို ကျွန်မမိတ်ဆွေစာရင်းက ပယ်ဖျက်ပြီးပြီ"

"ဗျာ"

သူ့မျက်နှာပေါ်တွင် စိတ်ထိခိုက်မှု ဝမ်းနည်းမှု အရိပ်အယောင်တွေ ဖြတ်သန်းသွားသည်။

"ကိုမိုးချို"

"ပြောပါစိမ်းနု"

"ရှင် ကျွန်မပြောတာကို သဘောပေါက်တယ် မဟုတ်လား"

"ကျွန်တော် သဘောပေါက်ပါတယ်"

"သဘောပေါက်ရင် ကျွန်မရှိတဲ့ဆီ ရှင်ဘယ်တော့မှ မလာခဲ့နဲ့တော့"

"ရောက်လာဦးမှာပဲ စိမ်းနု၊ အချစ်ဆိုတဲ့အရာက စိမ်းနုရှိနေတဲ့ နေရာကို အမြဲလိုလို ခေါ်ဆောင်လာဦးမှာပဲ"





"ကြိုးကျယ်လိုက်တာ ရှင်ဘယ်လိုလူလဲ"

မိုးချိုခေါင်းငိုက်စိုက် ချပြီး အိမ်ကလေးထဲမှ ဘစ်လှမ်းချင်း ဆင်းလာခဲ့သည်။

စိမ်းနုက သူ့ကိုမကြည့်ဘဲ မျက်နှာလွှဲပစ်လိုက်၏။

သူ့ကားစက်သံ တဖြည်းဖြည်းဝေးသွားမှပင် စိမ်းနု သက်ပြင်းရှိုက်နေမိသည်။

ထိုနေ့ညတွင် စိမ်းနုရော သူပါတစ်ညလုံး အိပ်မပျော်နိုင်ကြပေ။

တစ်ယောက်မျက်နှာကို တစ်ယောက်မြင်ယောင် နေမိကြသည် မဟုတ်ပါလား . . .

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

စိမ်းနုသံလျှင်တွင် ရှိနေသည့် ရက်တွေမှာ ညနေတိုင်း နေ့စဉ် ကျိုက်ခေါက်ဘုရားသို့ သူရောက်လာခဲ့တတ်၏။

စိမ်းနုက သူ့ကိုမမြင်ဟန်ပြုသွားတတ်သော်လည်း သူစိတ်မဆိုးရက်ပေ။

နေ့စဉ်စိမ်းနုထံမှ ပန်းတွေဝယ်ပြီး ဘုရားမှာ ကပ်လှူပူဇော်ကာ ဆုတောင်းပြုလျက်ရှိသည်။

သည်ကနေ့တော့ ကံအားလျော်စွာ စိမ်းနုနှင့် ကားဂိတ်မှာဆုံကြသည်။

စိမ်းနုကားစောင့်နေတာ မြင်တော့ စိမ်းနုအနီးတွင် သူ့ကားကို ထိုးရပ်လိုက်ပြီး ကားပေါ်မှဆင်းလာခဲ့၏။

"စိမ်းနု"





စိမ်းနုလက်ထဲမှ လက်ဆွဲအိတ်ကို လှမ်းယူပြီး နှုတ်ဆက်လိုက်သည်။

"စိမ်းနုရန်ကုန်ပြန်မလို့လား"

သူ့ကားရှိရာ လျှောက်လာခဲ့ပြီး ကားတံခါးကို ဆွဲဖွင့်ပေးသည်။

"ကားပေါ်တက်ပါ စိမ်းနု"

မရဲတရဲ အမူအရာကို ကြည့်ပြီး စိမ်းနုရယ်ချင်နေမိ၏။ သို့သော် မျက်နှာကို တမင်တင်းထားလိုက်ပြီး . .

"ဘယ်သူက ရှင့်ကားနဲ့လိုက်ခဲ့မယ်ပြောလို့လဲ၊ ကားမြင်တိုင်းလိုက်စီးတတ်တဲ့ မိန်းမစားမျိုးမဟုတ်ဘူး နားလည်လား"

သူ့ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားသည်။ မျက်နှာတစ်ခုလုံး နီမြန်းသွားလောက်အောင် ရက်ဒေါသဖြစ်နေမိသည်။

"ဆောရီးပဲဗျာ၊ ကျွန်တော့်ကို ဒီလောက်အထင်သေး စွဲမုန်းနေမှန်း နားလည်ပါပြီ"

စိမ်းနု၏ လက်ဆွဲအိတ်လေးကို သူ့ကားနောက်



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲလှမ်းထည့်ပြီး မျက်နှာမသာမယာဖြင့် ပြောလိုက်သည်။

“ကျွန်မဘာသာ လိုင်းကားနဲ့ ပြန်မယ်”

“စိမ်းနုရယ် သံလျှင်ကနေ လှိုင်သာယာအထိ လိုင်းကားဘယ်ရှိပါ့မလဲဗျာ”

စိမ်းနုအတွက် စိတ်ပင်ပန်း လူပင်ပန်းစွာ ပြောလိုက်မိသည်။

“အဆင့်ဆင့်စီးမှာပေါ့ရှင်”

“စိမ်းနုသဘောပါပဲဗျာ ဒါပေမယ့် စိမ်းနုကို နေ့စဉ်ညနေတိုင်း လာကြိုခဲ့ရတဲ့ ကျွန်တော့်စေတနာကိုတော့ ထောက်ထားသင့်ပါတယ်”

“ရှင့်ဘာသာ အပင်ပန်းခံပြီး လာ . . လာစောင့်နေတာတော့ စိမ်းနုမတတ်နိုင်ဘူး၊ စိမ်းနုကို ရှင်လာကြိုနေမှန်း မသိဘူး၊ မနေ့စဉ်ဘုရားလာဖူးတယ်ထင်လို့”

“ဘုရားလဲ ဖူးရင်းပေါ့ဗျာ”

စိတ်ပျက်လက်ပျက် သူ့အမူအရာကို ကြည့်ပြီး စိမ်းနုသဘောကျစွာ ပြုံးနေမိသည်။

“ဘာလဲ စိတ်ပြောင်းသွားပြီလား”





စိမ်းနု၏ ခပ်ပြုံးပြုံးအမူအရာကို ကြည့်ပြီး သူမေးသည်။

“ဟုတ်တယ် စိတ်ပြောင်းသွားပြီ၊ ရှင့်ကားနဲ့ စိမ်းနု လိုက်ခဲ့တော့မယ်”

စိမ်းနုစကားကြောင့် သူပျော်ရွှင်သွားပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

“စိမ်းနုကို ကျေးဇူးတင်ပါတယ်”

“ဒရိုင်ဘာက ပြန်ပြီး ကျေးဇူးတင်တယ်တဲ့နော် အံ့ဩစရာပဲ”

စိမ်းနု သူ့ဘေးမှာဝင်ထိုင်ရင်း ပြောလိုက်သည်။

“စိမ်းနုအက်ဖ်အမ်အိုင် စီးတီးကို ပြန်မှာနော်”

“ဟုတ်တယ်လေ ရှင်မသိဘူးလား”

“ကိုယ်က ကားတင်ပြေးမလို့၊ စိမ်းနုမကြောက်ဘူးလား”

“ကျွန်မ ဒုက္ခရောက်အောင် ရှင်မလုပ်ရက်ဘူးဆိုတာ ယုံကြည်ပြီးသားပဲ”

စကားတတ်သူလေးကို သူ့အရှုံးပေးလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမအတွက် ခူးလာခဲ့သည့် ပိတောက်ခက်လေးကို ကားဒက်ရှ်ဘုတ်ပေါ်မှ ယူပြီးပေးလိုက်သည်။

"ဒီနေ့ ပိတောက်တွေ ပွင့်တယ် မောင့်အချစ်"

"ရှင်"

"ချစ်အတွက် မောင်ကိုယ်တိုင်အပင်ပေါ်တက်ပြီး ခူးလာခဲ့တာလေ"

"ရှင် အသားယူမနေနဲ့၊ စကားကိုပြင်ပြီးပြောမှ ရှင်ပေးတဲ့ ပန်းကိုပန်မှာ"

စိမ်းနု၏ ခပ်တင်းတင်းအမူအရာနှင့် ဟန်ပန်ကို သူ သဘောကျသလို ရယ်မောလိုက်ပြန်သည်။

"ကဲပြောလေ၊ ကိုယ်ဘာပြင်ရမှာလဲ"

"ကျွန်မကို စိမ်းနု၊ ရှင့်ကိုယ်ရှင် ကျွန်တော်လို့ ပြောပါ"

"ဒီနေ့ ပိတောက်တွေပွင့်တယ် မစိမ်းနု၊ မစိမ်းနု ပန်ဖို့ ပိတောက်ပန်းတွေ ကျွန်တော်ကိုယ်တိုင် အပင်ပေါ် တက်ပြီး ခူးခဲ့တာပါ"

သူစကားတွေ အများကြီးပြင်၍ ပြောနေတာကြည့်ပြီး စိမ်းနုပြုံးနေမိ၏။



ရန်ကုန်မြို့ထဲရောက်တော့ လူရှင်းသည့် အင်းလျား ကန်စောင်းတစ်နေရာသို့ ကားကိုမောင်းလာခဲ့သည်။

ပြီးတော့ ကားစက်ကို ပိတ်လိုက်၏။

o o o

နဝရတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

"ဒီမှာကိုမိုးချို"

"ပြောပါ စိမ်းနု"

"ဒါ ဘာသဘောလဲ၊ ရှင်ဘာဖြစ်လို့ ကားကို ဒီ နေရာမောင်းလာရသလဲ"

"အဖြေက ရှင်းရှင်းလေးပါဗျာ"

"အကြံပက်စက် စကောလောက်မှ ဇောက်မနက်တဲ့ လူမျိုး စိမ်းနုမုန်းတယ်"

စိမ်းနုအသံက ဒေါသဖြင့် ကျယ်လောင်နေ၏။

"အမယ်လေးဗျာ အပျိုတစ်ယောက်ကို လူပျိုတစ်ယောက်က ရည်းစားစကားပြောဖို့ ခေါ်လာတာများ စကောလောက်ဇောက်မနက်တဲ့ အဖြစ်မျိုး အပြောခံရမှာလား ခက်ပါပြီ"





သူက အလျော့မပေးဘဲ ပြန်အော်နေ၍ စိမ်းနု ဒေါသပိုပြီးဖြစ်ရသည်။

"ဒီမှာ ရှင်အိမ်ကို ဖြောင့်ဖြောင့်မပြန်ဘဲ ဘာဖြစ်လို့ အချိန်ဖြုန်းနေတာလဲ ကိုမိုးချို"

"ကျွန်တော်မှ အချိန်မဖြုန်းတာ"

"ဘာ"

"အချစ်က အချိန်ဖြုန်းနေတာလေ၊ အချစ်ဆိုတဲ့ အရာက အချိန်တွေကို အချစ်နဲ့ ကုန်ဆုံးစေဖို့ စေစားနေတာ"

သူအေးအေးဆေးဆေး ပြောနေတာ မြင်ရလေ၊ စိမ်းနုဒေါသဖြစ်ရလေ။

"ရှင့်ကို မုန်းတယ်နားလည်လား"

"စိမ်းနုရင်ထဲက ပြောတဲ့စကားဟုတ်ရဲ့လား"

စိမ်းနု နှုတ်ခမ်းစူသွားသည်။

သူ့ဘက်မျက်နှာလွှဲထားလိုက်၏။

"စိမ်းနု"

စိမ်းနု လက်မောင်းတစ်ဘက်ကို ဆုပ်ကိုင်ပြီး သူခေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်း . . နု"

စိမ်းနုကိုယ်လေးယိုင်လဲပြီး သူ့ရင်ခွင်ထဲရောက် သွားသည်။

သူ့မျက်နှာနှင့် စိမ်းနုမျက်နှာချင်းထိကပ်နေတော ၏။

"စိမ်းနုနဲ့ တစ်ဘဝလုံး လက်တွဲသွားပါရစေ"

"ရှင် ဘယ်လိုလူလဲ . . လွှတ်ပါ"

"ဟန်မဆောင်ချင်ပါနဲ့တော့ စိမ်းနု"

"ကျွန်မဘာတွေ ဟန်ဆောင်မိလို့လဲ"

"စိမ်းနုရဲ့ မျက်ဝန်းလေးတွေက ကျွန်တော့် မောင့်ကိုချစ်ပါတယ်လို့ အဖြေပေးနေတာကို မောင်နား လည်ခဲ့ပြီးပြီ စိမ်းနု"

"ရှင် ထင်ချင်သလို ထင်နိုင်တယ်၊ ဒါပေမယ့် ကျွန်မနှလုံးသားက အချစ်ဆိုတဲ့ အရာကို လက်မခံနိုင်သေး ဘူး"

"အပိုတွေ ပြောမနေပါနဲ့ စိမ်းနု"

"ရှင်ဘယ်လိုလူလဲ၊ ကျွန်မကို ခပ်ပေါ့ပေါ့ မိန်းက လေးတစ်ယောက်လို့ ထင်နေသလား"





စိမ်းနုရန်တွေ့လိုက်သည်။

"ခပ်ပေါ့ပေါ့ မိန်းကလေးလို့ လုံးဝမထင်ခဲ့တာ အမှန်ပါ စိမ်းနု၊ မင်းကို မောင်လက်ထပ်ပါရစေ၊ အသည်းနှလုံးထဲက သစ္စာစကားပါ"

စိမ်းနုဘာမှ မပြောဘဲ အကြံရခက်နေ၏။ သည်လူက ပြောလေခက်လေ။

တစွတ်ထိုးပြောချင်ရာ ပြောနေသည်မဟုတ်ပါလား။

"စိမ်းနုနဲ့ အမြဲဝေးကွာနေရမှာလား"

"ဒါကတော့ အခြေအနေအရပေါ့၊ ရှင်နီးချင်တိုင်း နီးလို့ရမလား"

"ခုထိ ဘုဘောက်ကျနေတုန်းပဲကိုး၊ မောင့်အချစ်ကို အထင်မသေးရင် ချစ်တယ်လို့ ပြောပါစိမ်းနုရယ်"

"ဒီမှာ ကျွန်မကို စကားပြောခွင့်ပေးပါဦး"

သည်တော့မှပင် စိမ်းနုကိုယ်လေးကို လွှတ်ပေး လိုက်သည်။

"စိမ်းနု . . စိမ်းနု မောင့်ကြောင့် စိတ်ညစ်နေပြီ လား၊ စိမ်းနုနစ်နာအောင် မောင်ဘာမှ မပြုမူပါဘူး စိမ်းနု"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနုဒေါသဖြစ်ဖြစ်နှင့် သူ့ကို ရိုက်ပစ်လိုက်သည်။ ပြီးတော့ပြောသည်။

"ဒီမှာ ရှင်နဲ့အတူ ခုလိုအင်းလျားကန်စောင်းကို ရောက်နေတဲ့အဖြစ်ကိုက စိမ်းနုအတွက် နစ်နာမှုတစ်ခုပဲ ဆိုတာ ရှင်နားမလည်ဘူးလား ကိုမိုးချို"

စိမ်းနုပြောရင်း ငိုသံပါလာသောကြောင့် သူထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"စိတ်မဆိုးပါနဲ့ စိမ်းနု၊ မောင်တောင်းပန်ပါတယ်၊ စိမ်းနုကို အခုပဲ ပြန်ပို့ပေးပါ့မယ်"

စိမ်းနုဝမ်းနည်းနေတာကို ကြည့်ပြီး သူပြောလိုက်သည်။ စိမ်းနုက ဘာမှပြန်မပြော။

စိမ်းနုမျက်နှာကို ငေးစိုက်ကြည့်နေရာမှ သူသက်ပြင်းရှိုက်လိုက်သည်။

"စိမ်းနု"

"..."

"စိမ်းနု"

"ရှင် ဘာလျှာရှည်ဦးမှာလဲ"





"စိမ်းနုကို မောင်ချစ်တယ်၊ မောင့်အတွက် စဉ်းစားပေးပါ စိမ်းနုရယ်"

"ကောင်းပြီ ကျွန်မစဉ်းစားမယ်"

"တကယ်လား ဟင် စိမ်းနု"

"ကျွန်မ မညာတတ်ဘူး ကဲပြန်ကြစို့"

သူကားစက်နှိုးပြီး မောင်းထွက်ခဲ့သည်။

"စိမ်းနု"

"ပြောပါ"

"မောင်ခူးပေးခဲ့တဲ့ ပိတောက်ပန်းပန်ပြပါ"

စိမ်းနုက ပိတောက်တစ်ခက်ချိုးပြီး ဆံထုံးမှာ ပန်လိုက်သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

တစ်လခန့်အကြာ . .

စိမ်းနုမျက်လုံးတွေ ပြူးကျယ်သွားရသည်။

စိမ်းနုအလုပ်စားပွဲတွင် အခန့်သားထိုင်နေသည့် မိုးချိုကို တွေ့လိုက်ရသောကြောင့်။

စောစောစီးစီး ကုမ္ပဏီအလုပ်ခန်းထဲရောက်နေသည့် သူ့ကိုမြင်တော့ မျက်စောင်းခဲလိုက်မိသည်။

"စိမ်းနု"

စိမ်းနုမျက်နှာလွှဲလိုက်ပြီး ခပ်ဝေးဝေး ကုလားထိုင်တစ်လုံးမှာ သွားထိုင်သည်။

အလုပ်ခန်းထဲတွင် စိမ်းနုနှင့် သူနှစ်ဦးတည်းသာ ရှိသည်။

"စိမ်းနု"





"ရှင်ဟာလေ ကျောက်ကျောရေပတ်မျက်နှာနဲ့ အရှက်ကိုမရှိဘူး"

"မောင့်ကိုမြင်လိုက်တာနဲ့ အခြောက်တိုက်ဒေါပွရသလား ချစ်ရယ်"

သူက စိမ်းနုနှင့် မျက်နှာချင်းဆိုင်ခုံမှာ လာထိုင်သည်။

"စိတ်ဆိုးနေတုန်းပဲလား"

"ဆိုးတယ်"

"ကိုယ့်မျက်နှာမှာ စိမ်းနုစိတ်ဆိုးစေမယ့် ကံတရားများရှိနေပြီထင်တယ်"

"ရှင့်စကားတတ်တိုင်း လျှောက်ပြောမနေပါနဲ့၊ ကျွန်မအလုပ်ဝင်မယ်မှ ကြာကာရှိသေး ရှင်ကရောက်လာပြန်ပြီ"

အိုဆာကားပလပ်စတစ်ပိုက် ကုမ္ပဏီတွင် ယနေ့မှ အလုပ်ဝင်ရန် ရောက်လာသည့် စိမ်းနုတစ်ယောက် သူ့ကို မြင်တော့ ဒေါပွပွဖြင့် ရန်တွေ့နေမိခြင်းပါ။

"ရန်တွေ့မနေပါနဲ့၊ မောင်ကလဲ ကိုယ့်အကြောင်းနဲ့ ကိုယ်ရောက်လာရတာပါ စိမ်းနုရယ်၊ စိမ်းနုကို နှောင့်



www.burmeseclassic.com

www.burmeseclassic.com



ယှက်ချင်လို့ မဟုတ်ပါဘူး၊ ဒါနဲ့ စိမ်းနုတို့ ကုမ္ပဏီကလဲ အလုပ်သမားနည်းလှချည်လားဗျာ"

"ဒါရုံးခန်းရှင့် ကျွန်မတစ်ယောက်တည်းစောစော စီးစီးရောက်နေတာသိပြီလား . . စုစုပေါင်းစာရေးမဆယ် ယောက်ရှိတယ်"

"လစာက"

"မသိသေးဘူး ဒီနေ့မှ ကုမ္ပဏီဒါရိုက်တာနဲ့ တွေ့ ရမှာ သူပေးနိုင်မယ့် လစာကို ကျွန်မလက်ခံနိုင်ရင် ဒီကနေ့ အလုပ်လက်ခံလိုက်မယ် ဒါပဲ"

စိမ်းနုပြောနေတာလေးကို ငေးကြည့်ပြီး သူတပြုံး ပြုံးဖြစ်နေသည်။

"ရှင်က ဘာကိစ္စလဲ . . ရှင်ဆောက်နေတဲ့ တိုက် တွေအတွက် ရေပိုက်လာမှာတာလား . . ဒေါ်ရွှေစင်ရဲ့ ကုမ္ပဏီမှာ သွားမဝယ်ဘူးလား"

"ဟင့်အင်း . . ဒီကပိုက်တွေက ကွာလတီမြင့်တယ် ဆိုလို့လာမှာတာ"

တတ်နိုင်ရန်ကောဆိုသည့် သဘောဖြင့် ခန့်ပြုံးနှင့်





သူ့ကို တစ်ချက်စိုက်ကြည့်ပြီး စိမ်းနုစားပွဲရှိရာသို့ ပြန်လာခဲ့ ၏။

"စိမ်းနု ရောက်နေပြီကိုး"

ကုမ္ပဏီရုံးခန်းထဲသို့ မြမြခက်ဝင်လာသည်။

သူ့ခြင်းတောင်းနှင့် အိတ်ကို စားပွဲပေါ် တင်လိုက် ပြီး စိမ်းနုကို နှုတ်ဆက်လိုက်သည်။

"မိခက်"

"ပြော . . စိမ်းနုပျော်နေတယ် မဟုတ်လား"

"သွားစမ်းပါ . . စိမ်းနုပျော်နေတယ်လို့ ဘယ်သူ ပြောလို့လဲ"

"မိခက်သိနေတယ်လေ . . သိနေတယ်၊ ဟိုလူကြီး ကို ကြည့်စမ်း . . စိမ်းနုမှတ်မိသလားလို့"

"အဲဒီမျက်နှာလား ခွေးချီသွားတာတောင် မှတ်မိပါ ရဲ့"

"ဟဲ့ ရိုရိုသေသေပြောပါ"

"သူ့ကို စိမ်းနုက ဘာကြောင့်ရိုသေရမှာလဲ . . စိမ်းနုရောက်လေရာ တကောက်ကောက်လိုက်ပြီး နှောင့် ယှက်နေတဲ့ သူ့ကိုများ"



www.burmeseclassic.com

www.burmeseclassic.com



"သည်တစ်ခါ စိမ်းနုမှားနေပြီ"

ထိုစဉ် စာရေးမတစ်ယောက်က စိမ်းနုအား လာခေါ်၏။

"မစိမ်းနုမေ ဒါရိုက်တာနဲ့ ဝင်တွေ့နိုင်ပါပြီ"

ဒါရိုက်တာ ရုံးခန်းထဲသို့ စိမ်းနုမရဲတရဲ ဝင်လာခဲ့သည်။

ဒါရိုက်တာသည် ပြောင်လက်ခမ်းနားသော အခန်းကျယ်ကြီးထဲရှိ စားပွဲရှေ့ ဆုံလည်ကုလားထိုင်ကြီးပေါ်မှာ ထိုင်နေသည်။

စိမ်းနုဘက်ကျောပေးထား၏။

"ထိုင်ပါ"

အသံသြရှရှက တစ်မျိုးပါလား။

စိမ်းနု ရုတ်တရက် ခြေလှမ်းတွေ တုံ့ခနဲရပ်သွားပြီးမှ သူ့စားပွဲရှေ့ရှိ သစ်သားကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

အတန်ကြာကြာထိုင်နေသော်လည်း ဒါရိုက်တာက သူ့ဘက်မလှည့်ဘဲ ကျောခိုင်းအနေအထားမို့ နားမလည်နိုင်အောင်ဖြစ်နေမိသည်။





"ကျွန်မကို ဘာပြောမလို့လဲ၊ ပြောစရာစကား မရှိရင် သွားခွင့်ပြုပါ"

စိမ်းနုက ထုံးစံအတိုင်းကြာရှည် သည်းခံနိုင်သူမဟုတ်ပေ။

သူထိုင်ရာမှ ထရပ်ပြီး ပြောလိုက်မိ၏။

သည်တော့မှပင် ဒါရိုက်တာက ဆုံလည်ကုလားထိုင်ကို စိမ်းနုဘက်လှည့်လိုက်သည်။

"ဟင်"

"အံ့သြသွားသလား စိမ်းနု"

ဒါရိုက်တာကိုမြင်တော့ အံ့လည်းအံ့သြ။

ဒေါသလည်းဖြစ် ရှက်လည်းရှက်မိသည်။

"ဒီမှာကိုမိုးချို"

"ဟုတ်ကဲ့ ပြောပါ"

"ဒါ ဘာသဘောလဲ"

"မောင်က ဒါရိုက်တာ လူကြီးပါစိမ်းနုရဲ့၊ မေမေက ဒီကုမ္ပဏီကို ဖွင့်လိုက်လို့ မောင်ကဒါရိုက်တာ လူကြီးဖြစ်နေတာပါ"

"ရှင် အမှန်ပြောနေတာနော်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ . . စိမ်းနု ဒီမှာအလုပ်ဝင်ဖို့အတွက် မမြခက်ကို တမင်အကူအညီတောင်းပြီး ဆွဲခေါ်ခဲ့တာပဲ စိမ်းနု"

သူ့ရှင်းပြနေတာကို စိတ်တိုတိုဖြင့် နားထောင်နေပြီးမှ . .

"ရှင် ကျွန်မကို လစာဘယ်လောက်ပေးမှာလဲ"

"တစ်သောင်း"

"ကောင်းပြီ ကျွန်မ ဒီကုမ္ပဏီမှာ အလုပ်လက်မခံနိုင်ဘူး ဝမ်းနည်းပါတယ်"

စိမ်းနု ချာခနဲ လှည့်ထွက်ခဲ့၏။

"စိမ်းနု စိမ်းနု ခဏနေပါဦး၊ မောင်က ဒါရိုက်တာ လူကြီးဖြစ်နေတာကြောင့် အလုပ် လက်မခံတော့ဘူးလား"

"ဟုတ်တယ်"

"မောင့်မှာ ဘာအပြစ်ရှိလို့လဲ စိမ်းနုရယ်"

"မုန်းလို့ မုန်းလို့ သိပြီလား၊ ကျွန်မနောက် တကောက်ကောက်လိုက်နေတဲ့ လူရဲ့ကုမ္ပဏီမှာ အလုပ်မဝင်သင့်ဘူး"

"ဖြစ်ရလေဗျာ"





စိမ်းနုမျက်နှာကို တအံ့တဩငေးကြည့်ပြီး သူပြောလိုက်သည်။

ပြီးတော့ စိမ်းနုပခုံးနှစ်ဘက်ကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်လိုက်၏။

"ရှင်ဘာလုပ်တာလဲ လွှတ်"

"မလွှတ်ဘူး"

"ရှင် လူကြီးလူကောင်းပီသပါ"

"မောင့်ကို မညှင်းပါနဲ့ စိမ်းနုရယ်၊ မညှင်းပါနဲ့တော့ကွာ၊ စိမ်းနုကို မောင် မေတ္တာစစ်နဲ့ ချစ်နေမိတာပါ"

"နားမလည်ဘူး"

"ဒီအခန်းထဲမှာ မင်းကိုဖက်ထားရမလား စိမ်းနု၊ ပြော . . မလွှတ်တမ်းဖက်ထားလိုက်မယ်"

"ဒါရှင့် ရုံးခန်းပဲ . . ရှင်မဆင်ခြင်ရင် ရှင်ပဲနာမည်ပျက်မယ်"

"စိမ်းနုဒီလောက် ခါးသီးမောက်မာနေရင် မောင်ဘာမှ ဂရုမစိုက်တော့ဘူး၊ မောင့်အကြောင်းပြရမှာပဲ"

စိမ်းနုသက်ပြင်းချလိုက်မိသည်။

သူနှင့်ဖက်ပြိုင်ပြီး မပြောလိုတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိမိက မိန်းကလေး ..

ကြာလျှင်ခက်တော့မည်။

"ဒီမှာ ကိုမိုးချို"

"ဘုမပြောဖို့ ကြိုတင်သတိပေးထားမယ်"

"ကျွန်မကို ရှင်ဘာပြောချင်တာလဲ"

"စိမ်းနု ဒီမှာပဲ အလုပ်လုပ်ပါ၊ စိမ်းနုကို လက်ထပ်ဖို့ ကိုယ့်မေမေကိုဖွင့်ပြောပြီးပြီ"

"ဘာ"

"မေမေက စိမ်းနုတို့ အိမ်ကိုလာလည်ပြီး စိမ်းနုမိဘတွေနဲ့ တွေ့မယ်တဲ့ .. ကတိပေးပြီးပြီ"

"ရှင့်ကို ဘယ်သူက .."

"မောင့်အချစ်မောင့်မေတ္တာကို နားလည်ပါစိမ်းနုရယ် .. မောင့်မျက်စိအောက်က အပျောက်မခံနိုင်ဘူးဆိုတာ ယုံပါနော်"

စိမ်းနုခေါင်းမညိတ်မိ။

ခေါင်းလည်း မခါမိတော့ဘဲ သူ့ရုံးခန်းထဲမှ ထွက်လာခဲ့မိသည်။

သူသည် ပညာတတ်လူချမ်းသာ တစ်ယောက်ရယ်ပါ ..





စိမ်းနုမေတ္တာကို မျှော်လင့်သလို စိမ်းနုဘဝကို လွှမ်းမိုးပိုင်ဆိုင်ချင်သူပါလား ..

အခုပဲကြည့်လေ။

စိမ်းနု နှုတ်ဖျားမှ ချစ်ပါတယ်ဟု အဖြေမပေးရသေးမီ စိမ်းနုကို လက်ထပ်ဖို့ သူ့မိခင်ကို ပူဆာပြီးပြီ မဟုတ်ပါလား ..

စိမ်းနုနားထဲမှာတော့ ..

စိမ်းနုကို လက်ထပ်ဖို့ ကိုယ့်မေမေကို ဖွင့်ပြောပြီးပြီ၊ မေမေက စိမ်းနုတို့ အိမ်ကို အလည်လာပြီး စိမ်းနုမိဘတွေနဲ့ တွေ့မယ်တဲ့၊ ကတိပေးထားပြီးပြီ .. ဆိုသည့် သူ့စကားကိုသာ ထပ်ကာတလဲလဲ ကြားယောင်နေမိ၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း-၃

နဝရတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

"စိမ်းနု"

စိမ်းနု သူ့ဘက်ကျောခိုင်းရပ်နေရာမှ လှည့်ကြည့်လိုက်၏။

"နှုတ်ခမ်းကြီး စူထားလိုက်တာ ဘာဖြစ်နေတာလဲ"

"ကျွန်မကို လိမ်ညာပြီး ခေါ်လာတာ မကျေနပ်လို့ကဲ သိပြီလား"

ပန်းချီသင်တန်းသို့ လာရန် ဆရာကြီးခေါ်ခိုင်းသည်ဟု အကြောင်းပြပြီး စိမ်းနုအိမ်မှာ သွားရောက်ခေါ်ခဲ့၏။

ပြီးတော့ ရန်ကုန်မြို့ထဲမှ ထွက်လာခဲ့ပြီး သူ့အစ်မ၏ ခြံကျယ်ကြီးရှိရာ မှော်ဘီသို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနုက မကျေနပ်။

"စကားပြောချင်လို့ပါ စိမ်းနုရာ၊ မောင်တို့ချစ်သူတွေဖြစ်နေကြပြီပဲ"

"ကဲပြော"

"စိမ်းနုမောင့်ကို ချစ်သလား"

"မဖြေတော့ဘူး"

"တစ်ခါမှလဲ မဖြေဘဲနဲ့ကွာ"

"ဖြေဖို့လိုသေးလို့လား"

"ဟောဒီ နားထဲမှာ ချိုဆိမ့်သွားအောင် မောင့်ကို ချစ်ပါတယ်ဆိုတဲ့ စကားလေးတစ်ခွန်းလောက် ချီးမြှင့်ပါခင်ဗျာ"

စိမ်းနု ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပြီး လက်နှစ်ဘက်ပိုက်ထားလျက် အသနားခံသလို ရှုတ်နောက်နောက်လုပ်နေသောကြောင့် စိမ်းနုရယ် လိုက်မိ၏။

"အချစ်နည်းနည်းလောက် ပေးသနားပါခင်ဗျာ"

"ကဲပါ မေတ္တာငတ်မွတ်နေရှာတဲ့ ကိုမိုးချိုမီလောက်နောက်ရရင် ကျေနပ်ပါတော့"

"မေးတာဖြေလေ"





"ကဲ . . ချစ်ပါသတဲ့"

စိမ်းနုဆောင့်ဆောင့်အောင့်အောင့် ပြောလိုက်ပေယ့် သူ့ဝမ်းသာပျော်ရွှင်သွားပြီး ဝုန်းခနဲခုန်ထလိုက်၏။

"ဝုန်း"

"အမယ်လေး လန့်လိုက်တာ"

သူက စိမ်းနုကိုယ်လေးကို ထွေးဖက်ထားလိုက်ပြီး က်နှာကို နမ်းရန်ကြိုးစားနေသည်။

စိမ်းနုက ရှောင်လိုက်ပြီး . .

"မိုးတွေရွာလာပြီ မောင်ရဲ့ မိုးရွာထဲမှာ နမ်းမလို့လား"

နောက်သို့ ခြေနှစ်လှမ်းဆုတ်ပြီး စိမ်းနုပြောလိုက်သည်။ သည်တော့သူက . .

"လရောင်အောက်မှာလဲ နမ်းချင်တယ်၊ ဝင်လုဆဲဆဲ နေရောင်အောက်မှာလဲ နမ်းချင်တယ် ပြီးတော့ မိုးရွာထဲမှာလဲ နမ်းခွင့်ရချင်တယ်"

"စိမ်းနုကို မောင်ပိုင်ဆိုင်ခွင့်ရပြီးတဲ့ တစ်နေ့နမ်းခွင့်ရှိပါတယ်၊ ခုတော့ မနမ်းရဘူး ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းနု စိမ်းနု မောင့်ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား"

"ရည်းစားဘဝမှာ စည်းထားတာ ကောင်းပါတယ်မောင်"

"မင်းလို ထိန်းသိမ်းတတ်တဲ့ ချစ်သူမျိုးရခဲ့တဲ့အတွက် မောင်ဂုဏ်ယူပါတယ် ချစ်ရယ်"

သူက သစ်ပင်ကြီးတစ်ပင်ကို မှီရပ်လိုက်ပြီး ဘောင်းဘီအိတ်ကို နှိုက်နေ၏။

သူ့လက်ထဲတွင် ရွှေဆွဲကြိုးတစ်ကုံးပါလာသည်။

"ဒီမှာ ချစ်အတွက် ရော့ . . မောင့်လက်ဆောင်လေ"

ရွှေကြိုးက တုတ်တုတ်ထွားထွားဖြစ်ပြီး လော့ကက်ကပတ္တမြားအသွေးကောင်းကို စိန်ပွင့်တွေ ဝိုင်းရံထားသည်။

"လက်မခံပါရစေနဲ့မောင်"

"မောင့် စေတနာကို လက်မခံရင် ချောင်းထဲသွားပစ်ချလိုက်မယ်"

"သည်လို မလုပ်ရဘူး၊ ဆွဲကြိုးနဲ့လော့ကက်နှစ်ခုပေါင်းရင် တန်ဖိုးက မသေးလှဘူး မောင်ရဲ့၊ ကျွန်မနဲ့လက်ထပ်ပြီးမှ ဆင်ပေးပါလား"





"သည်ကနေ့ မစိမ်းနုမေရဲ့ မွေးနေ့လေ"

သူ့စကားကြောင့် စိမ်းနုအံ့သြသွားသည်။

"ဟင် မောင်ဘယ်လိုသိတာလဲ"

"မနက်က စိမ်းနုအလုပ်လာတာ နောက်ကျနေလို့ မေးကြည့်တော့ မမြခက်က ပြောပြတာ၊ စိမ်းနုမွေးနေ့မို့ ရွှေတိဂုံဘုရားမှာ သစ်သီးဆွမ်းသွားကပ်တယ်တဲ့ . . ဒါနဲ့ မောင်စောင့်နေတာ"

စိမ်းနုကြည်လင်စွာ ပြုံးလိုက်မိသည်။

အလိုက်သိလွန်းသည့် ချစ်သူကို အထင်ကြီးအားကိုးစိတ်တွေ ဝင်နေမိသည်။

"စိမ်းနုနဲ့ မခွဲချင်တော့ဘူး မောင်တို့အတူတူနေကြဖို့ အမြန်ဆုံးလက်ထပ်ကြမယ်နော်"

သူတိုးတိုးလေး ပြောနေသည်။

"အချိန်တွေ အများကြီးရှိပါသေးတယ်"

"စိမ်းနုနဲ့ အမြဲဝေးကွာနေရမှာလား"

"ခုတွေ့နေရပြီပဲ"

"မောင်က သူများသားသမီး နှစ်နာအောင် ချစ်သူဘဝနဲ့ ကြာကြာမနေချင်ဘူး စိမ်းနု"



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းနု နှစ်နာမှာ စိုးရိမ်လို့ဟုတ်လား"

"ဟုတ်တယ်"

"နှစ်နာမှာ စိုးရိမ်ရင် အဆက်ဖြတ်လိုက်ကြရအောင်"

"ဘာပြောတယ်"

"ရှင်ကြားတဲ့ အတိုင်းပဲ"

"ကဲ ပြောဦး . . ပြောဦး"

စိမ်းနု ပခုံးနှစ်ဘက်ကို တမင်နာအောင်ဆွဲခါလှုပ်ရမ်းနေသောကြောင့် စိမ်းနုရုန်းပစ်လိုက်ပြီး ပြေးထွက်ခဲ့သည်။

"စိမ်းနု"

"ဘာလဲ ပြော . . ပြော"

"တကယ်ချစ်တာလား"

"မောင့်ကို စိမ်းနုချစ်တယ်ဆိုတာ ဘယ်လိုသက်သေပြရမလဲပြော"

"လက်ထပ်ဖို့ လာတောင်းရမ်းခွင့်ပြုပါတော့ အဲဒါနဲ့ သက်သေပြ"

"ကျွန်မနဲ့ မောင့်ဘဝက အလှမ်း ကွာလွန်းပါတယ်





မောင့်မိဘတွေက ကျွန်မလိုငွေကြေးမချမ်းသာတဲ့ မိန်းကလေးတစ်ယောက်နဲ့ သဘောတူပါ့မလား"

"သဘောတူရမှာပေါ့ မောင့်ကို မယုံဘူးလား"

"ယုံပါတယ် မောင် ဒါပေမယ့်"

"ပြောလေ"

"စောပါသေးတယ်မောင်"

"ဒါဖြင့် ဘယ်လောက်စောင့်ရမှာလဲ စိမ်းနု"

သူ့အသံ အနည်းငယ်ထန်သွားသည်။

"ကျွန်မဘဝထဲ ရှင်တကယ်လာနိုင်မှာလား"

"မှားနေပြီ စိမ်းနု၊ မှားနေပြီ တကယ်တော့ မောင့်ဘဝထဲကို စိမ်းနုတကယ်လာရမှာ စိမ်းနုဘဝထဲ မောင်မလာဘူး"

"ဘာ"

"စိမ်းနုကို မောင့်ဘဝ မောင့်ရင်ခွင်ထဲမှာ ထာဝရထွေးဖက်ထားမယ်လေ"

သူ့မျက်နှာချောချောကို စိမ်းနုငေးစိုက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံတွေ တုန်ရင်လှုပ်ရှားပြီး အားတက်သရော ရှိလှသည်။

မျှော်လင့်ချက် ရောင်ခြည်တွေက မျက်နှာပေါ်တွင် လင်းလက်နေ၏။

"တကယ်မြတ်နိုးမိတော့ မတွေ့မမြင်ရရင် မနေနိုင်ဘူး စိမ်းနုရယ်"

"မိန်းမတွေ ဘယ်နှစ်ယောက်လောက်ကို ဒီစကားမျိုးနဲ့ အလဲထိုးခဲ့ပြီးပြီလဲ"

"မောင့်ကို ယုံစမ်းပါ စိမ်းနု၊ စိမ်းနုတစ်ယောက်ထဲကိုပဲ ချစ်ခဲ့တာ အမှန်ပါ၊ မယုံရင် ကျိန်ဆိုပြပါ့မယ်"

သူက စိမ်းနုလည်တိုင်တွင် ရွှေကြိုးလေးကို ဆွဲပေးလိုက်၏။

"စိမ်းနုကို မောင်ခမ်းခမ်းနားနား လက်ထပ်ယူချင်တယ်၊ ပြီးတော့ သာယာပျော်ရွှင်ဖွယ် ဘဝတစ်ခုတည်ဆောက်ကြမယ်"

စိမ်းနုမျက်နှာလေး ညိုးကျသွားသည်။

ဩော် . . မောင်က စိမ်းနုကို ခမ်းခမ်းနားနား လက်ထပ်မယ်တဲ့ . .





မောင်က လူချမ်းသာတစ်ယောက်မို့ ကြီးကျယ်ခမ်းနားစွာ လက်ထပ်ချင်မှာပေါ့ . .

စိမ်းနုဘက်ကတော့ မင်္ဂလာပွဲသို့ တက်ရောက် ချီးမြှင့်ကြမည့် အသိုင်းအဝိုင်းက လူတစ်ရာပင် မပြည့်နိုင်ပါ။

"ကဲ . . ကဲ မနက်ဖြန်ပဲ မေမေတို့ကို စိမ်းနုတို့အိမ်ခေါ်လာခဲ့မယ်"

"ဆုံးဖြတ်ချက်ကလဲ မြန်လိုက်တာမောင်ရယ်"

"ကိုယ်ခွဲနေရတဲ့ အချိန်တွေကို သည်းမခံနိုင်တော့ဘူး ချစ်ရယ်"

စိမ်းနုကိုယ်ပေါ်သို့ သူ့ဂျာကင်ကို ခြုံလွှမ်းပေးရင်း မောင် လိုက်လိုက်လှဲလှဲ ပြောနေသည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

စိမ်းနု၏ မိခင်မန္တလေးမှ ပြန်ရောက်နေတာ မကြာသေးပေ။

စိမ်းနုက မောင်နှင့်အကြောင်း ဖွင့်ပြောတော့ မေမေငြိမ်သက်တွေးတောနေသည်။

ပြီးမှ မေးသည်။

"လက်ထပ်ပြီး သမီးတို့က ဘယ်မှာနေမှာလဲ"

"မောင်က သီးခြားတိုက်တစ်လုံးနဲ့ ထားမယ်လို့ ပြောပါတယ် မေမေ"

မေမေဒေါ်ကြွယ် တွေဝေနေသောကြောင့် စိမ်းနု မျက်စိမျက်နှာပျက်ပြီး . . .

"မေမေ့ အနားမှာ ပြုစုမယ့်သူ မရှိတဲ့အခါ စိမ်းနု လာပြုစုပါ့မယ် မေမေ မိတူးလဲရှိနေတော့ မေမေ့အတွက် သိပ်မခက်ခဲလှဘူး ထင်ပါတယ်"





ဟု မရဲတရဲပြောနေမိ၏။

"မိတူးက မေမေ့သမီး မဟုတ်ဘူးလေ၊ သမီးနဲ့တော့ ဘယ်တူပါ့မလဲ"

လိမ္မာသော သမီးလေးမို့ ဒေါ်ကြွယ်နှမြောဝမ်းနည်းနေမိတာ အမှန် . .

"မေမေ"

"သမီး"

"သမီးမှားသလား"

"လက်ထပ်ကြတယ် အိမ်ထောင်ပြုကြတယ်ဆိုတာ သဘာဝတရားတစ်ခုပဲ သမီး၊ သမီးမမှားဘူး"

"ဒါဖြင့် ကိုမိုးချိုနဲ့ သဘောတူတယ်ပေါ့နော် မေမေ"

"မောင်မိုးချိုကို တွေ့ဖူးပေမယ့် သူ့မိဘတွေကိုမှ မမြင်ရသေးတာ မေမေ့အတွက်တော့ စိတ်မပူပါနဲ့၊ နောက်ဆံတင်းစရာလဲ မရှိဘူးလေ၊ သမီးအစ်ကိုနဲ့ မန္တလေးသွားနေမှာ"

မိခင်ဖြစ်သူ သဘောထားကြီးစွာ ပြောနေတာကို ငေးကြည့်ပြီး ဝမ်းသာဝမ်းနည်း ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဒီကနေ့ပဲ မေမေနဲ့လာတွေ့မယ်တဲ့"

"ကောင်းတယ် ကောင်းတယ်"

စိမ်းနုတစ်ယောက် နံနက်စောစောထပြီး တစ်အိမ်လုံးရှင်းရ လင်းရ ပြင်ဆင်ရနှင့် အတော်မောနေပြီဖြစ်သော်လည်း ချစ်သူနှင့် သူ့မိဘတွေလာရောက်ကြမည်ဆို၍ ဝမ်းသာနေမိသည်။

ထိုစဉ် အိမ်ရှေ့၌ ကားတစ်စီးထိုးဆိုက်လာ၏။

ကားက မိုးချိုစီးနေကျကားမဟုတ်။

အဖြူရောင် "SELSIOR" ကားကြီးဖြစ်သည်။

သိန်းပေါင်းတစ်ရာ့ငါးဆယ်ကျော်ခန့်တန်သည့် ဆယ်စီးရာကားကြီးကိုမြင်လိုက်ရသောကြောင့် မျက်လုံးပြူးသွားရသည်။

မိုးချိုနှင့်အတူ အသက်ငါးဆယ်ရွယ် အမျိုးသမီးကြီးတစ်ဦး ပါလာခဲ့သည်။

စလင်းဘက် အကောင်းစားကြီးကို လွယ်ပြီး စိန်မိုက်ကယ်သား အစိမ်းပုတ်ပေါ် အဝါပွင့်တွေပါသည့် ဝမ်းဆက်ကို ဝတ်ဆင်ထားသည်။

ခပ်ဝဝပေမယ့် ကိုယ်နေဟန် အချိုးအဆက်က လှပသည်။





လေဒီရှူးအနက်ရောင် ခပ်မြင့်မြင့်နှင့် တကယ့်ကို လှပသော အမျိုးသမီးကြီးရယ်ပါ။

မိုးချိုက သူ့မိခင်လက်မောင်းတစ်ဘက်ကို အသာဆုပ်ကိုင်ပြီး အိမ်ထဲဝင်လာခဲ့ကြသည်။

အိမ်အဝင်ဝ တံခါးရှေ့တွင် ရပ်လျက် ကြိုဆိုနေသည့် ချွေးမလောင်းကို ခြေဆုံးခေါင်းဆုံးကြည့်ကာ အကဲခတ်လိုက်ပြီး နောက်ဒေါ်သက်ချို သဘောကျစွာ ပြုံးပြလိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် အန်တီ၊ အိမ်ထဲကို ကြွပါရှင်"

စိမ်းနု၏ ဖော်ရွေသောအပြုံးနှင့် လှပတင့်တယ်သော ရုပ်ရည်ရူပကာကြောင့် သံဘောကျမဆုံး တပြုံးပြုံးဖြစ်ပြီး အိမ်ထဲသို့ လှမ်း ‌င်လိုက်၏။

"ဒါက စိမ်းနုမေမေပါ အန်တီ"

ဧည့်ခန်းထဲတွင် ထိုင်နေသည့် ဒေါ်ကြွယ်က ရောဂါသည်ပီပီ မပွင့်တပွင့် လေးပြုံး၍ ခရီးဦးကြိုဆိုလိုက်သည်။

"ထိုင်ပါ . . ထိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်ချိုသည် ဒေါ်ကြွယ်နှင့် မျက်နှာချင်းဆိုင်ခဲ့တွင် ဝင်ထိုင်လိုက်ပြီး ဒေါ်ကြွယ့်မျက်နှာကို သေသေချာချာ စိုက်ကြည့်နေရာမှ . .

"ဩော် ဘယ်သူများလဲလို့ မမကြွယ်ပါလား၊ ကြည့်ပါဦး ကျသွားလိုက်တာ"

"မမကြွယ် နှလုံးသွေးတိုးဖြစ်နေတာ ဆယ်နှစ်လောက်ရှိပြီ ရောဂါသည်းနေတာကတော့ နှစ်အနည်းငယ်ရှိပြီပေါ့"

"ဩော် မေမေတို့က မိတ်ဆွေဟောင်းတွေကိုး"

မိုးချိုဝမ်းသာအားရပြောလိုက်မိသည်။

သို့သော် သူမိခင်ဒေါ်သက်ချိုမျက်နှာက မည်းနေပေပြီ။

"မမကြွယ်"

"ပြော မသက်ချို"

"မမကြွယ်မှာ သားတစ်ယောက်ရှိတယ်မဟုတ်လား"

"ဟုတ်တယ် မန္တလေးမှာလေ၊ အဲဒီက မမကြွယ်ပြန်လာတာ မကြာသေးဘူး"





"ဒီနေရာမှာ လာနေကြတာ မကြာသေးဘူးထင်တယ်"

"ကိုယ့် ခင်ပွန်းဆုံးပြီး စီးပွားကလဲ ပျက်သွားတယ်၊ သူလိမ်လူညာတွေရဲ့ ဒဏ်လဲခံလိုက်ရတယ်ဆိုပါတော့ကွယ်၊ မြို့ထဲမှာလဲ ကားတွေက ရှုပ်၊ ညှော်ကလဲ ညှော်မို့ ဒီနေရာကို ပြောင်းလာခဲ့တာပဲ၊ သမီးရေ ကော်ဖီဖျော်ပါဦး"

ဝင်လာတုန်းက ပြုံးပြုံးရွှင်ရွှင်နှင့် ခုတော့ မကြည်လင်ဖြစ်နေသည့် ယောက္ခမ မျက်နှာကို ကြည့်ပြီး စိမ်းနုနားမလည်နိုင်ပေ။

ကော်ဖီဖျော်ရန် ထွက်လာခဲ့သည်။

စိမ်းနုအနားမှ ထွက်သွားသည်နှင့် ဒေါ်သက်ချိုမချိသိပ်နိုင်သလို မေးလေသည်။

"စိတ်တော့ မရှိပါနဲ့ မမကြွယ်၊ မသက်မေးစရာရှိလို့ပါ"

"မေးနိုင်ပါတယ် မသက်"

"ဒီကလေးမလေးက မမကြွယ်ရဲ့ သမီးအရင်းမဟုတ်ဘူးနော်၊ တစ်ခါက မမကြွယ်မွေးစားခဲ့တဲ့ ညီအစ်မနှစ်ယောက်အနက်က ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မိခင်စကားကြောင့် မိုးချိုမျက်လုံးပြူးသွားသည်။

"ဘယ်လို မေမေ"

"ဒီမှာသား စိမ်းနုဟာ မမကြွယ်သမီးရင်းမဟုတ်ဘူးကွယ့်"

ဒေါ်သက်ချိုစကားကြောင့် ဒေါ်ကြွယ်နုလုံးတက်မတတ် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"အို ဒီအကြောင်းတွေကို ပြန်မပြောပါနဲ့တော့ မသက်ချို သမီးလေး ရှက်ရှာမှာပေါ့"

ဒေါ်ကြွယ့်တောင်းပန်စကားကို ဒေါ်သက်ချိုလက်မခံပေ။

"အမုန်တရားဆိုတာ ဖုံးကွယ်ထားလို့မှ မရတာ မမကြွယ်ရဲ့ ကြက်မှာအရိုး လူမှာအမျိုးတဲ့ . . ရေခဲချောင်းသည်ဘဝက လာတဲ့ ဒီလိုမိန်းကလေးမျိုးနဲ့တော့ ကျွန်မသားကို လုံးဝသဘောမတူနိုင်ပါဘူးရှင်"

ဒေါ်သက်ချို၏ မောက်မာသော စကားကြောင့် ကော်ဖီလင်ပန်းလေးဖြင့် ညှော်ခန်းထဲဝင်လာသည့် စိမ်းနုမေ ခြေလှမ်းတွေမှားသွားရသည်။

"မေမေ သားကိုသနားပါဦးဗျာ"





စိမ်းနုမေ၏ ကော်ဖီလင်ပန်းလေး စားပွဲပေါ်ရောက်လာချိန်မှာတော့ ဒေါ်သက်ချိုသည်းမခံနိုင်တော့ပါ။ ထိုင်ရာမှ ထရပ်လိုက်သည်။

"ကျွန်မတို့ သားအမိ ပြန်လိုက်ပါဦးမယ် မမကြွယ် အားတော့နာပါရဲ့ရှင်"

ပြောပြီး ချာခနဲ လှည့်ထွက်သွားသောကြောင့် မိုးချိုဘာလုပ်ရမှန်း မသိတော့ဘဲ

သူ့မိခင်နောက်ပြေးလိုက်ခဲ့ပြီး . .

"မေမေ မေမေဘယ်လိုဖြစ်တာလဲ၊ ကျွန်တော်နားမလည်တော့ဘူး"

"နားမလည်ရင် အိမ်ပြန်ရောက်တော့ နားလည်အောင် ရှင်းပြမယ်၊ လာလိုက်ခဲ့"

"မလုပ်ပါနဲ့ မေမေ"

"ဘာလဲ မိုးချို၊ မင်းက မအေကို တစ်ယောက်ထဲပြန်ခိုင်းမလို့လား၊ ငါအသက်ငါးဆယ်ကျော်ပေမယ့် ကားမောင်းနိုင်ပါသေးတယ်"

ပြောလိုက်ပြီး ကားရှိရာသို့ လျှောက်သွားသောကြောင့် မိုးချိုအိမ်ထဲသို့ ရုတ်တရက် ပြေးဝင်လာခဲ့ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းနု စိမ်းနု မေမေ့ကို ပြန်ပို့ပေးပြီးရင် မောင်ပြန်လာခဲ့မယ်"

ကသောကမြောပြောလိုက်သည်။

ပြီးတော့ သူ့ကားရှိရာ ပြန်လာခဲ့ပြီး ကားပေါ်တက်၍ မောင်းထွက်ခဲ့သည်။

○ ○ ○





အခန်း(၃)

"ဘယ်လို ဖြစ်တာလဲ၊ ကျွန်တော့်ကို ရှင်းပြပါဦး မေမေရယ်"

ဒေါ်သက်ချို ရုတ်တရက် ဘာမှမပြောနိုင်လောက်အောင် ဒေါသဖြစ်အခံရခက်စွာ ငြိမ်သက်နေလေသည်။

မိုးချိုက အခါခါမေးမှပင် . .

"သား"

"ဗျာ မေမေ"

"ပန်ဆိုးတန်း ဆိပ်ကမ်းဘက် မောင်းစမ်း"

"ဘာဖြစ်လို့လဲ မေမေ"

"ငါ့ကို မေးမနေပါနဲ့ မောင်းဆိုမောင်းပါ"

"ကောင်းပါပြီ မေမေရယ်"

မိုးချိုကားကို ပန်းဆိုးတန်း သင်္ဘောဆိပ်သို့ မောင်းလာခဲ့၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သဘော်ဆိပ်ရောက်တော့ ရပ်လိုက်သည်။

"မေမေ ဘယ်သွားမလို့လဲ ဟင်"

"သားကိုပြစရာရှိတယ်"

ဒေါ်သက်ချိုသည် သဘော်ဆိပ်အနီးတွင် ရောင်းဝယ်ဖောက်ကားနေသည့် လက်လုပ်လက်စားဈေးသည်အချို့ကို မျက်လုံးဝေ့ကြည့်ပြီး တစ်ခုခုကို ရှာသလိုလုပ်နေရာမှ မျက်နှာကြီးပြုံးသွား၏။

"ဟော ဟော ဟိုကလေးမလေးကို ကြည့်စမ်းသား"

ဒေါ်သက်ချိုလက်ညှိုးညွှန်ပြသည့် နေရာသို့ မိုးချိုကြည့်လိုက်၏။

အသက်ဆယ်နှစ်အရွယ် မိန်းကလေးတစ်ဦးကို ရေခဲချောင်းပုန်းလွယ်လျက် တွေ့လိုက်ရသည်။

ကောင်မလေး ရုပ်ရည်က မသန့်ပြန့်သလို ဆံပင်တွေက နီကြောင်ရှုပ်ထွေးနေ၏။

ဂါဝန်အပြာပွင့်လေးက နေစားလွန်း၍ ဖျော့တော့ဟောင်းနွမ်းနေပေပြီ။

စီးထားသည့် ရာဘာဖိနပ်ကလည်း တစ်ပိုင်းပြတ်။





လက်မောင်းနှစ်ဘက်မှာ ခြင်ကိုက်ဖုလေးတွေကအစီအရီ။

"ကလင် . . ကလင် ရေခဲချောင်းတွေ အေးတယ်နော်၊ ရေခဲထုပ်လဲရမယ်"

မိုးချိုသဘောပေါက်ရပြီ။

သူ့ကို ဤနေရာသို့ တမင်မောင်းလာခဲ့စေပြီး ရေခဲချောင်းသည် ကောင်မလေးကိုလာပြမှန်း သဘောပေါက်သွားပေပြီ။

"အဲဒီကောင်မလေးဟာ လွန်ခဲ့တဲ့ ဆယ့်သုံးလေးနှစ်လောက်က စိမ်းနုမေပဲသား"

မိုးချို စိတ်ထိခိုက်ပြီး ငိုင်တွေနေမိသည်။

"မမကြွယ်နဲ့ မေမေက အရင်တုန်းက အိမ်နီးချင်းတွေပါ၊ မကြွယ်က သိပ်သဘောပြည့်ဝတဲ့ မိန်းမကြီးပဲ၊ သူ့မှာသားတစ်ယောက်ရှိတယ်"

မိုးချို ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေသည်။

"တစ်နေ့တော့ မကြွယ်နဲ့ မေမေတို့ သံလျင်ကို သဘော်နဲ့ ကူးသွားခဲ့ကြတယ်၊ အဲဒီအချိန်တုန်းက တံတားမရှိသေးဘူးပေါ့ သံလျင် သဘော်ဆိပ်မှာ စိမ်းနုတို့ ညီအစ်မနဲ့ တွေ့ခဲ့ရတာပဲကွယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦးမေမေ"

"သဘော်ာဆိပ်ကအဆင်း ရေငတ်တာနဲ့ ဒေါ်ကြွယ်က ရေခဲချောင်းဝယ်စားတယ်၊ ကလေးမလေး တစ်ယောက်က ဗိုက်ဆာဆာနဲ့ မူးလဲသွားတယ်လေ၊ မေတ္တာရှင်ကြီး ဒေါ်ကြွယ်က အိမ်အထိ ပြန်ပို့ပေးရင်း မိဘမဲ့လေးတွေဆို တာသိခဲ့ရတယ်၊ ဘွားအေနဲ့ နေကြတဲ့ ရေခဲချောင်းသည် ညီအစ်မကို ကရုဏာပိုပြီး မွေးစားခဲ့တယ်လေ"

ဩော် စိမ်းနုတို့ ဘဝက တကယ့်ကို ဆင်းရဲနွမ်း ပါးခဲ့တာပါလား . .

"မေမေ"

"ပြော . . သား"

"သံလျှင်မှာ စိမ်းနုအဘွားရှိတယ်၊ အဲဒါ အဘွား ရင်းဖြစ်မယ်ထင်တယ်နော်"

"ဟုတ်တယ် သား အဲဒါ အဘွားအရင်းပဲ"

"စိမ်းနုနဲ့ ကျွန်တော့်ကို သဘောမတူနိုင်ဘူးလား မေမေ"

"မတူနိုင်ဘူး စိမ်းနုကို ဘယ်နည်းနဲ့မှ မင်းမယူရဘူး မင်းဟာ ငါ့ရဲ့တစ်ဦးတည်းသော အမွေစားအမွေခံသား ဆိုတာ မမေ့ပါနဲ့"





"စိမ်းနုမှာ ဘာအပြစ်ရှိလို့လဲ မေမေ"

"ဆင်းရဲတယ် မျိုးရိုးမကြိုက်ဘူး၊ သူဆင်းရဲမျိုးက ပေါက်ဖွားလာခဲ့တဲ့သူ"

"ဒါကတော့ မေမေ"

"ဒီမှာ သား . . . ဒီလောက်မှ သဘောမပေါက်ဘူး လား"

မိုးချိုငုံမလို မျက်နှာဖြင့် ငိုင်တွေနေတော့၏။

စိမ်းနုတစ်ယောက် ဘယ်လိုဖြစ်ကျန်ရစ်ခဲ့သည် ဆိုတာကို ပြန်သွားကြည့်ရဦးမည် မဟုတ်ပါလား။

"ပြန်ကြတော့မလား မေမေ"

"ရေခဲချောင်းသည်မလေးကို မင်းသေသေချာချာ ကြည့်ပြီးရင် ပြန်ကြတာပေါ့"

"အလုပ်ဟူသမျှ ဂုဏ်ရှိစွပါ မေမေ"

"တော်စမ်း"

"ပြီးတော့ ခုချိန်မှာ စိမ်းနုမေဟာ ဘွဲ့ရပညာတတ် တစ်ယောက်ပါ၊ သူ့ကို သားချစ်တယ် မေမေ၊ အထင်မသေး နိုင်ဘူး"

"မေမေ စိတ်ဆိုးအောင်ပြောမနေစမ်းပါနဲ့ သား၊ စိမ်းနုမေဟာ ဘွဲ့သုံးခုပိုင်ရှင်ဖြစ်ပါစေ သဘောမတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းဆိုဖရုံမသီးတတ်သည့် မိခင်အကြောင်းကို နားလည်သူမို့ မိုးချိုဘာမှ ထပ်မပြောဝံ့တော့ပေ။

"မင်းကို ဖတာဆိုးလေးဆိုပြီး အလိုလိုက်အကြိုက်ဆောင်ခဲ့တာတွေ၊ ဂရုစိုက်ခဲ့တာတွေ၊ ပိုးမွေးသလို တယုတယမွေးခဲ့တာတွေ မမေ့နဲ့သား"

မိဘကျေးဇူးကြီးမားလှပါသည်။

သို့သော် အချစ်ဆိုသည့် နှလုံးသားမှ အစွဲအလမ်းတစ်ခုကို မိဘကျေးဇူးက ချေဖျက်နိုင်ပါ့မလား ..

မိုးချိုကားစက်နှိုးပြီး မောင်းထွက်လာခဲ့သည်။

ရင်ထဲမှာတော့ အဆွေးကြီးဆွေးနေမိပြီ။

ဖြစ်ရလေ စိမ်းနုလေးရယ် ..

မာနကြီးလွန်းတဲ့ မောင့်ချစ်သူလေးကိုမှ စိတ်ထိခိုက်အောင် လုပ်ခဲ့မိသလို ဖြစ်ခဲ့ရတဲ့အတွက် မောင် စိတ်မကောင်းပါဘူး ..

ဝ ဝ ဝ





## အခန်း(၄)

"စိတ်မကောင်းမဖြစ်ပါနဲ့ သမီးလေးရယ်၊ သမီးကြီးနဲ့ သမီးလေးတို့နှစ်ယောက်အပေါ်မှာ မေမေအမြဲချစ်ခင်ယုယခဲ့ပါတယ်၊ သမီးရင်းတွေ မဟုတ်မှန်းသမီးတို့လဲ မှတ်မိကြပါတယ်ကွယ် .. ဒါပေမယ့် မေမေနဲ့ သမီးတွေကြားမှာ ဘာပြဿနာမှ မရှိခဲ့ကြဘူး မဟုတ်လား"

ဒေါ်သက်ချိုပြန်သွားသည့် ကိစ္စအတွက် စိမ်းနုမေ၏ ဝမ်းနည်းထိခိုက်မှုကို မိခင်ဖြစ်သူက ဖျောင်းဖျနေခြင်းပါ။

"တကယ်တော့ ငါ့သမီးလေးမှာ ဘာအပြစ်မှ မရှိပါဘူး၊ မေမေက မွေးစားခဲ့ပြီး ကျောင်းထားခဲ့တယ်၊ ပြုစုယုယခဲ့တယ် မဟုတ်လား သမီးတို့ကို မွေးစားပြီး မသက်ချိုတို့နဲ့ တစ်နှစ်လောက်ပဲ အတူတူနီးနီးနားနားနေခဲ့ကြရပြီး မေမေက လမ်း(၅၀)ဘက် ပြောင်းခဲ့တယ်၊ ဒါကြောင့် ခုမှ ပြန်ဆုံကြရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

စိမ်းနု အံကြိတ်ထားမိ၏။

မျက်ဝန်းနှစ်ဘက်မှာ မျက်ရည်တွေ ရစ်ဝိုင်းလာပေမယ့် မျက်ရည်မကျအောင် ထိန်းသိမ်းထားလိုက်သည်။

မျက်ရည်မကျဘူး . .

မျက်ရည် ကျတယ်ဆိုတာ ပျော့ညံ့သူတွေရဲ့ အလုပ်ပဲလေ။

ငါဘယ်တော့မှ မျက်ရည်မကျဘူး . . .

"စိတ်မကောင်းပါဘူးကွယ်"

"သမီးအတွက် မခံစားချင်ပါနဲ့ မေမေ၊ သမီးခံနိုင်ရည်ရှိပါတယ်၊ ဒီလောက်အဆင့်အတန်းခွဲတဲ့ မိန်းမကြီးကို ဘယ်တော့မှ ယောက္ခမ မတော်နိုင်ပါဘူး၊ မေမေစိတ်အေးအေးထားပါနော်"

မိခင်ဖြစ်သူ စိတ်ထိခိုက်နေတာကြည့်ပြီး ရင်ထဲမှာ မချိအောင်နာနေမိသည် မဟုတ်ပါလား. . .

မိုးချိုမိခင်၏ မောက်မာလွန်း ရင့်သီးလွန်းသော စကားများက နားထဲမှာ စွဲထင်ကျန်ရစ်ခဲ့လေပြီ။

အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့မှ မရတာ မကြွယ်ရဲ့၊ ကြက်မှာအရိုး လူမှာအမျိုးတဲ့ . . ရေခဲချောင်း





သည်ဘဝကလာတဲ့ ဒီလိုမိန်းကလေးမျိုးနဲ့တော့ ကျွန်မသားကို လုံးဝသဘောမတူနိုင်ပါဘူးရှင် . . .

မောင်ရယ် . .

မောင့်ကို စိမ်းနုချစ်ပါတယ် . .

ဒါပေမယ့် . .

မောင့်မေမေရဲ့ အဆင့်အတန်းခွဲခြားမှုက မောင်နဲ့ စိမ်းနုကို ကမ္ဘာခြားလိုက်ပါပြီမောင် . .

ကျွန်မအတွက် မောင့်မေမေရှေ့မှာ မောင်ရှက်ရွံ့နာကျင်ခဲ့ရတာ စိတ်ထိခိုက်ခဲ့ရတာကို ကျွန်မစာနာမိပါတယ် မောင်ရယ် . .

စိမ်းနုရင်ထဲမှ စကားသံတွေကို မောင်မကြားနိုင်ပေမယ့် ရင်ထဲမှာအခါခါပဲ့တင်ထပ်နေ၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

ကဗွီးပင်တန်းတွေက စိမ်းနုကို နှုတ်ဆက်နေသလို ရေကူးကန်ကြီးကလည်း ရင်ကွဲပက်လက်ဖြင့် . .

"ဘယ့်နှယ် ဒီနေရာလေးကို အပြီးအပိုင်ခွဲခွာသွားတော့မှာလား"

ဟု မေးနေသယောင်ထင်ရသည်။

စိမ်းနုသည် ကန်ရေပြင်ကို အဓိပ္ပာယ်မဲ့ငေးကြည့်နေမိရင်း ချစ်သူရှာခဲ့မိသည့် အဖြစ်အတွက် နောင်တရနေမိသည်။

တကယ်တော့ မာနကြီးလွန်းပြီး ဘယ်ယောကျ်ားကိုမျှ စောင်းငဲ့၍ပင် မကြည့်ခဲ့ဖူးသည့် စိမ်းနုတစ်ယောက် မောင်နှင့်တွေ့မှပင် ချစ်တတ်ခဲ့သည် မဟုတ်ပါလား . .

မောင်နှင့်တွေ့မှ အချစ်ဆိုသော အရာကို နားလည်ခဲ့ရ၏။





စိမ်းနု တစ်ယောက်တည်း တွေးနေမိ၏။

အဲသည်နေ့က မိုးရွာကြီးထဲမှာ မောင်ပြန်ရောက်လာခဲ့၏။

ကားသစ်ကြီးနှင့်တော့ မဟုတ်ပါ။

မောင်စီးနေကျကား အပြာရောင်ပါဘလစ်ကာကားလေးဖြင့် ပြန်ရောက်လာခဲ့ခြင်းဖြစ်သည်။

မောင့်ကားရပ်သံကြားလိုက်သည်နှင့် စိမ်းနုအိမ်အပေါ်ထပ်သို့ ပြေးတက်ခဲ့ပြီး အိပ်ခန်းထဲမှာ ချက်ချ၍နေပစ်လိုက်သည်။

မောင်နှစ်နာရီနီးပါးခန့် ဧည့်ခန်းမှာ ထိုင်ပြီး စောင့်နေခဲ့၏။

သို့သော် စိမ်းနုက ဆင်း၍မတွေ့။

နောက်ဆုံးတော့ မောင်ပြန်သွားခဲ့သည်။

စကားတစ်ခွန်းမှ မပြောသော နှိပ်စက်ခြင်းမျိုးဖြင့် မောင့်ကိုနှိပ်စက်ခဲ့သည့်အတွက် စိတ်နှလုံးထိခိုက်ရလွန်းပါ၏။

သို့သော် . .



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနု၏ မိန်းမမာနကို ပြချင်သည်။

မောင်နှင့်လက်မထပ်ရလျှင်တော ဘာဖြစ်မှာလဲ၊ ချစ်သူဘဝမှာ သန့်ရှင်းခဲ့ပါသည်။

ယောက်ျားတွေ အများကြီးထဲကမှ မောင့်ကို ရွေးပြီးချစ်ခဲ့မိတာပါ . .

မောင့်ကို လက်ထပ်ခွင့်မရလျှင် တစ်သက်လုံးနာကြည်းနေယုံပေါ့ . .

ဒေါ်သက်ချိုရှေ့မှာ ဒူးထောက်ပြီးတော့မှ မောင့်ကိုလက်ထပ်ခွင့်မရချင်ပါ။

ဒါ မိန်းမတစ်ယောက်ရဲ့ မာနပဲမောင်

ဒါပေမယ့်လည်းပေါ့ . .

ခံစားတတ်တဲ့ နှလုံးသား . . .

မေ့နိုင်စွမ်းမရှိတဲ့ ဦးနှောက်အသိဉာဏ်တွေရှိနေသရွေ့

မောင့်ကို စိမ်းနုအမြဲပဲ လွမ်းနေရမှာပါ . . . .

မောင့်ကို သတိရတမ်းတစိတ် . . .

မောင့်အကြောင်းကိုသာ တွေးချင်တဲ့ အသိတရား





ဒါတွေ . . . .

ဒါတွေ အားလုံးကို စိမ်းနုရပ်တန့်ပစ်လိုက်ချင်ပါဘယ်မောင် . .

ဒါပေမယ့် မဖြစ်နိုင်ပါဘူး . . .

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ဘယ်လိုဘယ်လိုမှ တွေ့ခွင့်မပေးတော့တဲ့ မောင့်အချစ်ရယ် . .

မောင်တို့နှစ်ဦး ကွဲကွာသွားခဲ့ကြတဲ့အဖြစ်ဟာ ကံကြမ္မာတရားကြောင့်လား၊ မောင့်မေမေရဲ့ ခါးသီးတဲ့ ဆက်ဆံမှုကြောင့်လား၊ ဒါမှမဟုတ် စိမ်းနုရဲ့ မာနကြောင့်လားဆိုတာ အဖြေရှာမရနိုင်ခဲ့ပါဘူး စိမ်းနု . .

နာကြည်းတဲ့ စကား၊ ပေါက်ကွဲတဲ့ စကားမျိုး တစ်ခွန်းမှ မပြောဘဲ မောင့်နှလုံးသားကို နင်းခြေရက်ခဲ့တဲ့ စိမ်းနု . . တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ မောင့်ကို တွေ့ခွင့်ပေးလိမ့်မယ်လို့ အသက်ရှင်နေသရွေ့ မျှော်လင့်နေပါတယ်။

သိပ်ချစ်ရတဲ့
မောင်





ရထားပေါ်တွင် မောင့်စာကို တစ်ခေါက်ပြန်ဖတ်ကြည့်ရင်း နှလုံးသားထဲမှာ ထိခိုက်နာကျင်နေမိသည်။

မောင်ရယ် . .

ကျွန်မကို ခွင့်လွှတ်ပါ . .

ကျွန်မ မာနကြီးခဲ့မိပါတယ် . .

အဲဒီမာနက ကျွန်မရဲ့ မကုန်ဆုံးနိုင်တဲ့ အချစ်တွေကို အသေသတ်လိုက်သလိုပါပဲ . .

စိမ်းနု နှုတ်ဖျားက ဖွင့်ဟနှုတ်မဆက်နိုင်ခဲ့တဲ့အတွက် ခွင့်လွှတ်ပါမောင် . .

ရင်ထဲက နှုတ်ဆက်ခဲ့ပါတယ် . .

နှလုံးသားက နှုတ်ဆက်ခဲ့တယ်နော် . .

မိခင်ဖြစ်သူနှင့်အတူ မန္တလေးသို့ အပြီးအပိုင်ပြောင်းရွှေ့ထွက်ခွာလာခဲ့ကြခြင်းရယ်ပါ။

နောက်ရက်တွေမှာ ပိတောက်လမ်းသွယ်သို့ မောင်ရောက်ရှိလာမည့်အချိန်တွင် စိမ်းနုတို့ အိမ်၌ တခြားအိမ်ရှင်မိသားစုများကို မြင်တွေ့ရပေတော့မည် မဟုတ်ပါလား . .

သစ်ရွက်တွေ ကြွေသလို နှစ်တွေ တရွေ့ရွေ့ကုန်ဆုံးသွားတော့မှာပါ . .



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မောင့်ကို သတိရတာမ်းတာခြင်းတွေက ဘယ်တော့မှ မကုန်ဆုံးနိုင်ပါဘူး မောင် . . .

ဝ ဝ ဝ





အခန်း(၇)

မိုးသည်းသည်းအောက်မှာ ထီးမပါ မိုးကာမပါဘဲ မိုးနှင့်အပြိုင်ငိုနေသည့် လူတစ်ယောက်။

သူက အခြားသူမဟုတ်။

မိုးချိုပင်ဖြစ်သည်။

သူသည် စိမ်းနု စိတ်ပြေလာနိုးဖြင့် စိမ်းနုအား တစ်ရက်မပြတ် ဆက်သွယ်ခဲ့၏။

သို့သော် စိမ်းနုက ပြန်လည်ဆက်သွယ်လာခြင်းမရှိခဲ့ပေ။

စိမ်းကားရက်စက်နိုင်လွန်းသည့် စိမ်းနုကို အံ့ဩခဲ့မိသည်။

ထိုရက်များအတွင်း စိမ်းနုသည် အိမ်ထဲမှာပင် ငြိမ်ကုပ်လျက် အပြင်မထွက်ဘဲ ပုန်းအောင်းနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူဘယ်လောက်ပဲ တွေ့ခွင့်တောင်းပေမယ့် မရခဲ့ပေ။

"အဲဒါ မိန်းမတစ်ယောက်ရဲ့ မာနကို ပြတာပဲ၊ မိုးချို သူ့ကိုမင်းတွေ့ခွင့်ရဖို့ မလွယ်ဘူးထင်တယ်"

သူ့အဖြစ်ကို ကြည့်ပြီး ဖေသက် ကရုဏာဖြစ်စွာ ပြောသည်။

"ငါဘာလုပ်ရမလဲ ဖေသက်"

"ငါလဲ မစဉ်းစားပေးတတ်တော့ဘူး"

"သူစိတ်ပြေမယ့်နေ့ကို စောင့်ရမလား"

"ဟုတ်တယ်"

"သူစိတ်ပြေဖို့ဆိုတာ သူကစိတ်ကောက် နေတာမှ မဟုတ်တာကွ"

"သူ ဘာဖြစ်တာလဲ"

"မင်းကို ဖြတ်သွားပြီ"

"ဘာ"

ရှုံးမဘတ်ခံစားလိုက်ရသည့် သူ့ကိုကြည့်ပြီး ဖေသက်ပါ ရှုံချင်သွားရသည်။

"မင်းငယ်တော့တဲ့ ကလေးမဟုတ်တော့ဘူး၊ စိတ်တင်းမှပေါ့ကွ"





"ငယ်တော့တဲ့ ကလေးမဟုတ်လို့ ခံစားနေရတာ ပေါ့ကွာ၊ ကလေးတစ်ယောက်ဆို မိုးရေထဲ ခုန်ပေါက်နေမှာ ပေါ့"

သူပြောတာလည်း မှန်သားပဲဟု ဖေသက်ကိုယ်ချင်းစာနာနေမိ၏။

သူငယ်ချင်းကောင်းပီသစွာ ဖျောင်းဖျနှစ်သိမ့်ခဲ့ ပေမယ့်မရ။

အစားပျက် အအိပ်ပျက်ပြီး သူဘုံးဘုံးလဲတော့၏။

"ကဲ ဟောကောင် . . မင်းတို့ကြား ငါဝင်မှဖြစ်တော့မယ် . . သူ့အတွက် မင်းစာတစ်စောင်ရေးကွာ ငါသွားပေးမယ်"

"ခါတိုက်က စာထည့်လိုက်တာ တစ်ပတ်ပဲရှိသေးတယ်ကွ ဘာမှအကြောင်းမထူးဘူး"

မိုးချို စိတ်ပျက်လက်ပျက် ပြောနေသည်။

"ခု ငါကိုယ်တိုင် သွားပေးမယ်လေ၊ ရေးမှာရေးစမ်းပါ၊ ဒါနောက်တစ်စောင်ပေါ့"

"ငါ ဘာရေးရမှာလဲ"

"ဒါတော့ မင်းရည်းစား မင်းကြိုက်တာရေးပေါ့ ကွာ၊ ငါစာစီပေးရဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



မိုးချို အိပ်ရာထဲလှဲနေရာမှ ထထိုင်ပြီး စာရေးနေ၏။ ပြီးတော့ ပြန်ဖတ်ကြည့်နေသည်။

အသည်းစားဘုရင်မကြီး မစိမ်းကားရေ

မောင့်အဖြစ်တွေကို စုံစမ်းကြည့်ပါဦး။ မောင့်မျက်နှာကို တစ်စက္ကန့်လောက်ငဲ့ကြည့်ပါဦးကွာ . .

မင်းစိတ်နဲ့ မောင်အိပ်ရာထဲဘုံးဘုံးလဲနေခဲ့ရပြီ . .

မေမေ သဘောမတူလဲ မင်းကို မောင်လက်ထပ်မှာပါ။

မောင့်ဘဝဟာ စိမ်းနုပါပဲ စိမ်းနုရယ်၊ မောင့်ကို တစ်စက္ကန့်လေးဖြစ်ဖြစ် တွေ့ခွင့်ပေးဖို့ တောင်းပန်ပါရစေ။

သိပ်ချစ်ရတဲ့
မောင်





ဖေသက်သည် သူ့စာအိတ်လေးကိုင်လျက် ကားဖြင့်ထွက်သွား၏။

မိနစ်အနည်းငယ်ကြာတော့ ပြန်ရောက်လာလေသည်။

မျက်စိမျက်နှာပါ ပျက်လာ၏။

"ဖေသက်"

ဖေသက် ခေါင်းငိုက်စိုက်ကျလျက် . .

"သွားပြီ သူငယ်ချင်း စိတ်နုတို့အိမ်ပါရောင်းပြီး ပြောင်းသွားကြပြီတဲ့"

"ဘာ"

သူ ဝုန်းခနဲထပြီး ပြေးထွက်ခဲ့မိ၏။

ဂန္ဓမာလမ်းသွယ်ရှိ စိမ်းနုတို့အိမ်ရှေ့ရောက်တော့ ပိုပြီး နားလည်သဘောပေါက်သွားရသည်။

အားလုံးအပြင်အဆင်တွေ ပြောင်းလဲသွားခဲ့ပြီ မဟုတ်ပါလား။

လူသစ်တွေရောက်နေကြပြီဖြစ်၏။

မိုးသည်းသည်းကြားမှာ သူငိုနေခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနုကို ချစ်မိလို့ ကျခဲ့ရတဲ့ မျက်ရည်တွေပါ စိမ်းနုရယ် ..

မောင်ကတော့ စက္ကန့်မပြတ်တမ်းဘနေမယ့် သူပါ။

○ ○ ○





# အပိုင်း-၄



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

တဝုန်းဝုန်းရိုက်ခတ်နေသည့် ပင်လယ်လှိုင်းလုံးကြီးတွေကို ငေးကြည့်နေရာမှ စိမ်းနုဆက်လျှောက်လာခဲ့သည်။

ရှေ့နားတွင် ချောင်းရိုးလေးတစ်ခု . .

ပင်လယ်ရေပြင်မှ ခွဲဖြာစိမ့်ထွက်လာသော ချောင်းရိုးလေးဖြစ်သည်။

ချောင်းရိုးပေါ်တွင် သစ်လုံးတံတားလေး တစ်ခု၊ တံတားအောက်မှာတော့ သောင်ခုံပေါ် ဖြတ်နေသည့် ချောင်းကလေး။

တံတားပေါ်တွင် ခဏရပ်နေခိုက်ပင်လယ်ရေပြင်ထက်တွင် ငှက်တစ်အုပ်ဝဲပျံသွားတာကို တွေ့လိုက်ရသည်။

ကမ်းမမြင် လမ်းမမြင် ဘယ်အထိခရီးဆန့်ကြမှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနုတံတားပေါ်မှ ဆင်းလာခဲ့ပြီး သောင်ပြင်ဖြူဖြူပေါ် ဆက်လျှောက်ခဲ့သည်။

ပြီးတော့ သောင်ခုံရေစပ်မှာ ရပ်လျက် ပင်လယ်ပြင်ဘက် ငေးကြည့်နေမိ၏။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

သောင်ခုံရေစပ်တွင် ရပ်နေရာမှ ကျောက်ဆွယ်တန်းများအကြား လျှောက်လာခဲ့မိသည်။

ကျောက်ဆွယ်တန်းတွေက တစ်မျှော်တစ်ခေါ်များပြားလှ၏။

ကျောက်ဆောင်တစ်ခုပေါ်တွင် အသာထိုင်ချလိုက်ပြီး ပင်လယ်လှိုင်းလုံးကြီးများရှိရာသို့ ငေးကြည့်နေမိသည်။

ကျောက်ဆောင်စုစုတွေ ရှိရာသို့ လှိုင်းလုံးကြီးများ ဦးခိုက်လာတတ်သည် မဟုတ်ပါလား . .

အတိတ် . .

အတိတ်ဆိုတာ မေ့ပစ်နိုင်ဖို့ ခက်ခဲလွန်းတဲ့အရာ တစ်ခုပါပဲ . . .





နာကြည်းမုန်းတီးဖွယ်ရာ အတိတ်မှအကြောင်းအရာများသည် စိမ်းနုနှလုံးသားကို မကြာခဏနှိပ်စက်လျက်ရှိသည်။

အတိတ်ကို အတိတ်မှာပဲ ထားခဲ့ချင်ပေမယ့် . .

ဦးနှောက်က မေ့ပစ်ခဲ့သော်လည်း နှလုံးသားက အစဉ်ထာဝရမှတ်မိခဲ့သည် မဟုတ်ပါလား . .

ပင်လယ်လေတဝူးဝူး တိုက်နေသောကြောင့် စိမ်းနုခေါင်းမှာ စည်းထားသည့် အပြာနုရောင်ပဝါလေးလွင့်နေသည်။

သည်ရွာလေးသို့ စိမ်းနုရောက်နေသည်မှာ တစ်နှစ်ခန့်ရှိနေပေပြီ။

သည်ရွာလေးက မော်တင်စွန်းခမောက်မော် အနီးတွင်ရှိပြီး ခမောက်မော်မှ ဆယ်မိုင်နီးပါးခန့်ဝေးကွာလေသည်။

ဤရွာတွင် စိမ်းနု၏ အစ်မသိမ်းနုမေက မူလတန်းကျောင်းအုပ်လုပ်နေသောကြောင့် စိမ်းနုလည်း ဆရာမအလုပ်လျှောက်ပြီး သည်ရွာသို့ ရောက်လာခဲ့ခြင်းပါ။

မေမေက မန္တလေးရှိ အစ်ကို့ထံသွားနေသောကြောင့် စိမ်းနုတာဝန် ပေါ့ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ် ဖြစ်သည်ရွာမှာ စိမ်းနုပျော်ရွှင် နေပြီဖြစ်သည်။

သည်ရွာမှာ ဆရာမလုပ်ရင်း နှလုံးသားမှ ဒဏ်ရာတွေကို ကုစားခဲ့တာ တစ်နှစ်ခန့်ရှိခဲ့ပြီမို့ စိမ်းနုတည်ငြိမ်စပြုခဲ့ပြီ။

ပင်လယ်လေက ကြမ်းလာ၏။

မကြာမီအချိန်မှာ မိုးရွာတော့မည် ထင်သည်။

ထိုစဉ် . . .

"စိမ်းနု . . စိမ်းနု"

ဆိုသည့် ခေါ်သံနှင့်အတူ သူမအန်းသို့ သိမ်းနုမေ ပြေးလာသည်။

"ဟင် အစ်မ"

"မိုးရွာရင် လှိုင်းတွေကြီးလာမယ် ခုလိုမိုးဦးကျ ကာလမှာ ကျောက်ဆောင်တန်းတွေဘက်မလာသင့်ဘူး"

သိမ်းနုမေက စိုးရိမ်ပူပန်စွာ ပြောသည်။

မိုးလယ်ကာလမရောက်မီပင် ကျောက်ဆွယ်တန်းတွေ ရေဖုံးတတ်သောကြောင့် သူစိုးရိမ်မည်ဆိုလျှင်လည်း စိုးရိမ်စရာပါ။





"လာလေ စိမ်းနု"

စိမ်းနုထိုင်နေသည့် ကျောက်ဆွယ်က အတော်မြင့်သည်မို့ ရုတ်တရက်ထရပ်လိုက်တော့ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။

"အမယ်လေး"

"ဟင် စိမ်းနု စိမ်းနု"

ကျောက်ဆွယ်စွန်းထိပ်တွင် ဖျတ်ခနဲ ထရပ်လိုက်မိသည့် စိမ်းနုကို တဝူးဝူးတိုက်ခတ်နေသည့် ပင်လယ်လေပြင်းက ရိုက်ချလိုက်သလို ခံစားလိုက်ရ၏။

"ဟင် စိမ်းနု"

"ဝုန်း"

ကိုယ်ခန္ဓာတစ်ခုလုံး ဟန်ချက်ပျက် ယိမ်းယိုင်ပြီး ဝုန်းခနဲ ပစ်ကျသွားတော့၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

သူဘာလုပ်ရမှန်း မသိလောက်အောင် တုန်လှုပ်သွားသည်။

ကျောက်ဆွယ်စွန်းတွေပေါ်မှ မိန်းမလှလေးနှစ်ဦး အနီးသို့ သူရောက်လာချိန်တွင် တစ်ယောက်က ယိမ်းယိုင်ပြီး ရေထဲသို့ ဝုန်းခနဲ ပစ်ကျသွားတာကို မြင်လိုက်ရသည်။

သူ့လက်ထဲမှ တုတ်ကောက်ကို ပစ်ချလိုက်ပြီး ကျောက်ဆွယ်စွန်းရှိရာ သူပြေးလာခဲ့မိ၏။

ပြီးတော့ ရေထဲသို့ ဝုန်းခနဲ ခုန်ချလိုက်သည်။

ရေထဲတွင် မိန်းကလေးကို လိုက်လံရှာဖွေနေမိ၏။

သူ ကိုယ်တိုင်က ရောဂါသည် တစ်ယောက်မို့ ခိုက်ခိုက်တုန်အောင် ချမ်းသွားရသည်။

သို့သော် ကံကောင်းထောက်မပြီး သိပ်အချိန်ကြာကြာရှာရန် မလိုဘဲ သူမကိုယ်လေးကို စမ်းမိခဲ့သည်။





လက်တစ်ဘက်ဖြင့် မိန်းကလေးကို ဖက်ပြီး ကျောက်ဆောင်တစ်ခုအနီးသို့ ကူးလာခဲ့သည်။

ကျောက်ဆောင်တန်းလေးရှိရာ ရောက်တော့ မိန်းကလေးကို ပွေ့ချီရန် သူမတတ်နိုင်တော့ပေ။

မောဟိုက်ပင်ပန်းပြီး ဘုန်းခနဲ ပစ်လဲသွားရသည်။

"ဟင် အမယ်လေး လုပ်ကြပါဦး ရေထဲကဆင်းဆယ်တဲ့ လူလဲခွေသွားပြီ၊ စိမ်းနု . . စိမ်းနု"

ရေစပ်နှင့် ကျောက်ဆောင်စပ် သဲပြင်ပေါ် ရောက်နေသည့် စိမ်းနုကိုယ်လေးကို သိမ်းနုက လှုပ်ပြီးနှိုးနေသည်။

"ညီမလေး စိမ်းနု"

ထိုစဉ် ကလေးတစ်စုအနီးသို့ ပြေးလာ၏။

သူတို့နောက်မှ လူတစ်ယောက်ပါလာသည်။

"ဆရာ . . ဆရာကိုရေခဲလုပ်ပါဦး စိမ်းနုရေနစ်လို့"

ကျောင်းဆရာကိုရေခဲသည် စိမ်းနုအား သောင်ပြင်ပေါ်ရောက်အောင် ပွေ့ချီခဲ့သည်။

သောင်ပြင်ပေါ်ရောက်တော့ စိမ်းနုကိုယ်လေးကို ဒူးပေါ်တွင် မှောက်လျက် ထမ်းပြီး ပြေးသည်။

သူမပါးစပ်မှ ရေတွေတဝေါဝေါ အန်ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေတွေအန်၍ ကုန်သလောက်ရှိမှ စိမ်းနုကိုယ်လေးကို သောင်ပြင်ပေါ် အသာချလိုက်ပြီး ပြောသည်။

"ဆရာမဒေါ်သိမ်းနု၊ သူ့ကိုမောက်တူမောက် လုပ်ပေးပါ"

သိမ်းနုမေက ညီမဖြစ်သူနှုတ်ခမ်းကို သူ့နှုတ်ခမ်း ဖြင့် တေ့၍အသက်ရှူနိုင်အောင် ပြုလုပ်နေသည်။

သူကရှေးဦးသူနာပြုစုနည်းကို တတ်ကျွမ်းသူတ ယောက်ရယ်ပါ ..

ပါးစပ်ချင်းတေ့ပြီး mouth to mouth နည်းဖြင့် ပြု စုပေးနေသည်။

အတန်ကြာပြုစုပေးပြီးမှ စိမ်းနုသတိရလာသည်

"သတိရပြီလား စိမ်းနု"

သိမ်းနုဝမ်းသာအားရမေးသည်။

စိမ်းနုက မျက်လုံးဖွင့်ကြည့်ပြီး ပြန်မှိတ်ထားသည်

"စိမ်းနု .. စိမ်းနု"

"အင်း .."

အနည်းငယ်ညည်းညူ၍ စိမ်းနုကိုယ်လေးလှုပ်လှု လာပြန်၏။





"စိမ်းနု .. အိမ်ပြန်ကြရအောင်"

သိမ်းနုစကားကို စိမ်းနုမကြားတစ်ချက်၊ ကြားတစ် ချက်ဖြစ်နေသည်။

"ကျွန်တော်ပွေ့ပြီး ခေါ်သွားမယ်နော် ဆရာမ"

ဆရာ ကိုရေခဲပြောလိုက်ခြင်းပါ။ ပြီးတော့ စိမ်းနု မေကိုယ်လေးကို ပွေ့ချီလိုက်၏။

သိမ်းနု ပြန်ကာနီး ကျောက်ဆောင်တန်းရှိရာ လှည့် ကြည့်လိုက်သည်။

ကျောက်ဆောင်တန်းကို မှီလျက်မောဟိုက် ပင်ပန်း ွား အသက်ရှူနေသည့် သူ့ကို မသက်မသာတွေ့လိုက်ရ သည်။

"ဟင် စိမ်းနုကို ကယ်တဲ့လူ၊ နေမှကောင်းရဲ့လား ကောနော်ကိုရေခဲ"

သိမ်းနုမေ ထိုလူအနီးပြေးလာခဲ့သည်။

"စိမ်းနုကို ကယ်တင်ခဲ့တဲ့ အသက်သခင်ကျေးဇူး င်ကို ကျေးဇူးတင်ပါတယ်ရှင်၊ ရှင်နေကောင်းရဲ့လား ကျွန်မ ာကူညီရမလဲ"

သူက ဖျော့တော့စွာ ပြုံးနေသည်။ ပြီးတော့ခေါင်း ါရမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တစ်ယောက်တည်း ရွာထဲကို ပြန်နိုင်ပါ့မလား"

"ပြန်နိုင်ပါတယ်ဗျာ"

အသံက အားလျော့နေသလို နှုတ်ခမ်းတွေက လည်း ပြာနှမ်းနှမ်းဖြစ်နေသည်။

"ဒါဖြင့် အတူတူပြန်ကြတာပေါ့ရှင်၊ ရှင့်တစ်ကိုယ် လုံး စိုနစ်နေပြီ၊ အအေးမိနေပါ့မယ်"

သိမ်းနုမေ ဆရာမပီပီ သွက်လက်ချက်ချာစွာ ပြော နေတာကို ထိုလူက ငေးကြည့်နေရာမှ . .

"ခင်ဗျားတို့ ပြန်နှင့်ပါ၊ ကျွန်တော်ဖြည်းဖြည်းမှ ပြ တော့မယ်"

ဟု ပြောသည်။

စိမ်းနုအတွက် အရေးကြီးနေသောကြောင့် ထိုလူ ဘာမှမပြောနေတော့ဘဲ ပြန်လာခဲ့ကြ၏။

"အဲဒီလူ ဒီရွာကမဟုတ်ဘူး ရန်ကုန်က ဧည့်သည် ပါ"

ဆရာကိုရေခဲက ထိုလူ့အကြောင်းပြောပြနေသည်

"ရန်ကုန်က ဧည့်သည်ဟုတ်လား၊ ဒီရွာကို ရော နေတာကြာပြီလား"





"သိပ်မကြာသေးပါဘူး၊ ဒေါ်ပုံဆောင်တို့ အိမ်မှာ တည်းကြတယ်၊ သူ့မှာတပည့်တစ်ယောက်ပါလာခဲ့တယ်"

"ဆရာကိုရေခဲက ဒီလူ့အကြောင်းအတော်သိနေ တာကိုး"

"သိတယ် သူ့အကြောင်း ကြီးတော်ပုံက ပြောပြထား တာပါ၊ ရောဂါသည်တစ်ယောက်ပဲ ပင်လယ်လေရှူဖို့ အနား လာယူတာတဲ့"

"သနားစရာပါလား ဒီလိုရောဂါသည် တစ်ယောက် က သူ့အသက်ကို မခံ့နမထားဘဲ စိမ်းနုကို ရေထဲက ဆယ် ပေးခဲ့တာ တကယ့်ကို ကျေးဇူးတင်စရာပဲနော်"

"ချီးကျူးစရာလဲ ကောင်းတယ်လေ"

"ဟုတ်ပါတယ် စိမ်းနုနေကောင်းသွားတဲ့အခါ သူ့ အသက်သခင်ကို ကျေးဇူးတင်စကားပြောခိုင်းရဦးမယ်"

စကားတပြောပြောနှင့် အိမ်သို့ပြန်လာခဲ့ကြသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

သူက ကျောက်ဆွယ်တန်းတွေရှိရာသို့ နေ့စဉ်ညနေခင်းတိုင်း လမ်းလျှောက်ထွက်လာတတ်သူပါ။

တုတ်ကောက်ကိုကိုင်ပြီး တပည့်ကျော် ဖိုးတွတ်ကို အဖော်ပြုလျက် လမ်းလျှောက်ထွက်နေကျ။

ယနေ့တော့ ဖိုးတွတ်ရွာထဲ အလည်သွားသဖြင့် တစ်ယောက်တည်း ထွက်ခဲ့ခြင်းပါ။

သူ့နာမည်က လေချို ..

သူ့မျက်နှာပေါ်တွင် အနက်ရောင် ကျဲကော်ကိုင်း မျက်မှန်ကြီးနှင့်ဆိုတော့ မူလအသက်ထက်ပိုပြီး ကြီးရင့်နေလေသည်။

အသားဖြူပြီး အရပ်မြင့်၍ သွယ်လှသော်လည်း ရောဂါသည် ဘဝမရောက်မီက တောင့်တင်းကြံ့ခိုင်သူရယ်ပါ။





ကာကီရောင် ဘောင်းဘီတို၊ စပို့ရှပ်လက်တို တို့ကို ဝတ်ဆင်ထားပြီး ကင်းပတ်အညိုရောင်ကို စီးလာခဲ့၏။

သူ့ဆံပင်တွေက မထူသောကြောင့် ကြည့်ရဆိုးနေသလို ရိတ်ပြီးကာစ ပါးမြိုင်းမွေးနှင့် နှုတ်ခမ်းမွေးများကလည်း ကျိုးတိုးကျဲတဲရယ်ပါ။

နှာတံခပ်လုံးလုံး၊ နှုတ်ခမ်းထူထူနှင့် မျက်ခုံးနက်နက် မျက်လုံးစူးစူးတွေကြောင့် ယောကျ်ားပီသသည့် ရုပ်ရည်ရူပကာ ပေါ်လွင်နေသည်။

သူသည် ကျန်းမာရေးအတွက် ပင်လယ်လေကို တဝကြီးရှူရိုက်ရင်း ကျောက်စွယ်တန်းတွေ အနီးရောက်လာခဲ့သည်။

ကျောက်ဆွယ်စွန်းတွေပေါ်မှ မိန်းမလှလေးနှစ်ဦး အနီးသို့ သူရောက်လာချိန်တွင် တစ်ယောက်က ယိမ်းယိုင်ပြီး ရေထဲသို့ ဝုန်းခနဲပစ်ကျသွားတာကို မြင်လိုက်ရသည်။

သူတုန်လှုပ်ချောက်ချားသွားပြီး ဘာမှမစဉ်းစားမိတော့ဘဲ တုတ်ကောက်ကို ပစ်ချလျက် ရေထဲခုန်ဆင်းလိုက်မိသည်။

ဖိနပ်ချွတ်ရန်ပင် သတိမရ။



www.burmeseclassic.com

www.burmeseclassic.com

ခုတော့ ဖိနပ်က စိုနစ်နေပြီ။

မိန်းကလေးကို ရေထဲက ဆယ်ယူလာခဲ့ပြီး မျက်နှာလေးကိုတော့ လှမ်းကြည့်ခဲ့မိ၏။

မျက်နှာခပ်သွယ်သွယ်ဖြစ်ပြီး မျက်နှာပေါ်တွင် အကြောစိမ်းလေးတွေ ပေါ်နေတာကို သတိပြုခဲ့မိသည်။

အတော်ချောမောလှပသည့် မိန်းကလေး၏ မျက်နှာကို သေချာကြည့်မိတော့ မယုံနိုင်လောက်အောင် အံ့သြတုန်လှုပ်ခဲ့မိသည်။

သို့သော် ထိုမိန်းကလေးကို သူရေထဲမှ ဆယ်ယုံတင် ဆယ်ယူပေးနိုင်ခဲ့၏။

သူကိုယ်သူ မဟာန်နိုင်တော့ဘဲ ပင်ပန်းမောဟိုက်စွာ ကျန်ရစ်ခဲ့သည် မဟုတ်ပါလား . .

သူတို့အုပ်စုပြန်သွားတာကို ငေးမောကြည့်ရှုရင်း ကျောက်ဆောင်ကို မှီလျှက် အတန်ကြာကြာ သူထိုင်နေခဲ့သည်။

"ဆရာ . . ဆရာ"

မှောင်ရိုပျိုးမှပင် တပည့်ကျော်ဖိုးတွတ်ရောက်လာသည်။





"ဟင် တစ်ကိုယ်လုံး စိုရွှဲနေတာပဲ ဆရာရယ်၊ ကျွန်တော်လာကြိုတာ နောက်ကျသွားတယ် ခွင့်လွှတ်ပါ"

ဖိုးတွတ်သူ့ကိုတွဲယူလိုက်မှပင် သူထိုင်ရာမှ ထဖြစ်တော့၏။

"တစ်ကိုယ်လုံး ရေတွေစိုနစ်နေတာပဲ၊ ဘာဖြစ်တာလဲ ဆရာ"

"မိန်းကလေးတစ်ယောက်ကို ငါရေထဲက ဆယ်ခဲ့တာ"

"ဗျာ"

ဖိုးတွတ်မယုံနိုင်လောက်အောင် အံ့သြသွားသည်။

"ဆရာ့ကိုယ်တောင် ဆရာအနိုင်နိုင်ရယ်၊ ရေထဲကနေ မိန်းကလေးတစ်ယောက်ကို ကယ်ခဲ့တာဆိုတော့ အံ့သြလိုက်တာ ဆရာရယ်"

"ငါ့ရှေ့မှာ ရေထဲကျသွားတာမြင်ရတော့ လူ့အသက် တစ်ချောင်းကို မကယ်ဘဲ မနေနိုင်ဘူးပေါ့၊ သူ့အသက်ချမ်းသာရာ ရသွားတယ်"

"ဆရာ့ ကျန်းမာရေးကော လာ လာကျွန်တော့်ကိုတွဲပြီးလျှောက်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ငါ့တုတ်ကောက် ရှာပေးဦးကွ"

"ဟိုမှာ"

ဖိုးတွတ်က သူ့တုတ်ကောက်ကို ယူပေးသည်။ ပြီးတော့ ကျောက်ဆောင်များဆီမှ ထွက်လာခဲ့ကြသည်။

"ရေနစ်တာ ဘယ်သူလဲဆရာ"

"ငါ မသိဘူးကွ အဲနာမည်ကတော့ သူ့အစ်ခေါ်တာ ကြားလိုက်တာ"

"ဘယ်သူတဲ့လဲ"

"စိမ်းနုတဲ့"

"ဟင် အဲဒါရွာက ဆရာမဒေါ်စိမ်းနုမဖြစ်ရမယ်"

"ဟုတ်လား"

"တစ်ရွာလုံး စိတ်ဝင်စားမိလောက်အောင် လှပချောမောတဲ့ ဆရာမလေးပဲ ဆရာ၊ ဒါပေမယ့် သူက အသည်းကွဲလာပုံရတယ်၊ ဘယ်ယောကျ်ားလေးကိုမှ စိတ်မဝင်စားဘူး"

ဖိုးတွတ်ပြောပြတာ နားထောင်နေမိရင်း ရေထဲသို့ ဝုန်းခနဲ ထိုးကျသွားသည့် အဖြစ်ကို ပြန်လည်မြင်ယောင်နေမိသည်။





"အဲဒီဆရာမလေးက သိပ်ချောတယ်ဆရာ၊ ဆရာကြိုးစားကြည့်ပါလား"

ဖိုးတွတ်စကားကြောင့် သူ့မျက်နှာကြီး တင်းသွားပြီး . .

"တော်စမ်း တွတ်၊ ငါ့ကိုယ်ငါတောင် မကျန်းမာလို့ သေချင်နေတာ၊ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားနိုင်ဘူးကွ"

"အချစ်က အချစ်၊ ဝေဒနာကလဲ ဝေဒနာပါဆရာရယ်၊ ဘာမှမဆိုင်ပါဘူး တကယ့်အချစ်စစ်နဲ့ တွေ့ရင် ဆရာ့ဝေဒနာတွေလဲ ပျောက်သွားမှာပါ"

"တော်စမ်း ဟိတ်ကောင်"

ဖိုးတွတ်ကို အော်ငေါက်လိုက်ပြီး စိတ်တိုတိုဖြင့် တွန်းဖယ်လိုက်မှပင် ဖိုးတွတ်ဘာမှ ဆက်မပြောဘဲ နှုတ်ပိတ်သွားသည်။

သို့သော် သူ့မျက်နှာပေါ်မှ လျှို့ဝှက်နက်နဲမှုတွေကို ဖိုးတွတ်အံ့ဩနေမိသည်။

သူအအေးမိပြီး အဖျားတွေတက်နေသောကြောင့် တစ်ညလုံးကောင်းစွာ အိပ်မပျော်နိုင်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံးလိုလို အိပ်မက်တွေ မက်နေခဲ့၏။

အိပ်မက်တွေထဲမှာ သူရေထဲက ဆယ်ယူကယ်တင်ခဲ့သည့် စိမ်းနုနှင့် မကြာခဏဆုံတွေ့ခဲ့ရသည်။

မျက်နှာသွယ်ပြီး မျက်နှာပေါ်တွင် အကြောစိမ်းတွေ ယှက်သန်းနေသည့် စိမ်းနု။

မိန်းကလေးအတော်များများနှင့် လက်ပွန်းတတီးအလုပ်လုပ်ကိုင်ခဲ့ရသော ပရိုဂျူဆာ တစ်ယောက်မို့ ယခုကဲ့သို့ ရင်မခုန်သင့်။

ခုတော့ အိပ်မက်မှလန့်နိုးလာရတိုင်း သူရင်ခုန်နေမိသည်။

○ ○ ○





## အခန်း(၄)

"သူ့နာမည်တောင် မမေးလိုက်မိဘူး ဟုတ်လား မမ"

စိမ်းနု မကျေမနပ်ပြောလိုက်မိသည်။

"ဟုတ်တယ် နာမည်တောင်မမေးခဲ့မိဘူး၊ သိပ်ကျေးဇူးတင်စရာ ကောင်းတဲ့လူပဲ"

"စိမ်းနုဖြင့် ကိုယ့်ကိုယ်ကို နားမလည်နိုင်တော့ဘူး၊ ကျောက်စွယ်စွန်းပေါ်ကနေ ကျသွားလိမ့်မယ်လို့ တစ်ခါမှကို မမျှော်လင့်ခဲ့မိဘူး မမရဲ့ အဲဒီနေရာလေးမှာ စိမ်းနုအမြဲလိုလို ထိုင်နေခဲ့တာ မဟုတ်လား"

"ဒါပေမယ့် လေက ဒီကနေ့ညနေကျ ပိုကြမ်းတာကွယ်၊ မိုးဦးကျစကာလဆိုတော့ လေသိပ်ပြင်းတယ်၊ လေပြင်းက ဆွဲချသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူသာမကယ်ရင် စိမ်းနုတော့ ပင်လယ်အောက်မှာ စုန်းစုန်းမြုပ်သွားမှာပဲနော်"

"မှန်တာပေါ့ သူဟာ ညီမရဲ့အသက်သခင်ကျေးဇူးရှင်ပဲ"

"သူ့ကို စိမ်းနုကျေးဇူးတင်ပါတယ်"

"သူက ရောဂါသည်တစ်ယောက်ဖြစ်ပုံရတယ် စိမ်းနုကို ရေထဲက မနိုင်မနင်းဆယ်ခဲ့ပြီး ကျောက်ဆောင်နားမှာ ပျော့ခွေကျသွားခဲ့တယ် ပြီးမှ သတိရလာပြီး ကျောက်ဆောင်ကို မှီထိုင်နေခဲ့တာလေ"

"ဖြစ်မှဖြစ်ရလေ ကရုဏာဖြစ်စရာပါပဲ"

"သူ့ကိုစိမ်းနု ကျေးဇူးတင်စကား သွားပြောရလိမ့်မယ်"

"သူ ဘယ်မှာနေတာလဲ"

"ညွှံသည်တဲ့ ဒေါ်ပုံတို့အိမ်မှာတည်းတာလို့ကိုရေခဲပြောတယ်"

"ကြီးပုံတို့အိမ် လိုက်သွားရမှာပေါ့"

"နောက်နေ့မှ သွားပေါ့"





"အခုမသွားနိုင်သေးပါဘူး . . မနက်ဖြန်ညနေမှသွားမယ်၊ ဒါနဲ့ သူ့ပုံစံကို ပြောပြပါဦး . .

"အသားဖြူပြီး အရပ်မြင့်တယ်၊ ကိုယ်လုံးက သွယ်တယ်၊ လူရည်သန့်တစ်ယောက်ပါပဲ"

စိမ်းနုသည် ရောဂါသည် တစ်ယောက်လို အင်အားချိနဲ့နေသည့် လူတစ်ယောက်က သူမကို ကယ်တင်ခဲ့သည်ဆို၍ အံ့လည်းအံ့သြ၊ ကျေးဇူးတင်မဆုံးလည်းဖြစ်နေမိ၏။

"မနက်ဖြန် မနက်ကျောင်းတက်ရမယ်၊ ညနေကျောင်းဆင်းမှပဲ သူ့ကိုတွေ့ပြီး ကျေးဇူးတင်စကားပြောမယ်"

စိမ်းနုပြောလိုက်သည်။

သိမ်းနုက ထောက်ခံ၏။

"ဒီလို စိတ်ဓာတ်မျိုးက ရှားတယ်၊ ကိုယ့်ဝေဒနာကိုမေ့ထားပြီး လူ့အသက်တစ်ချောင်းကယ်ဆယ်ခဲ့တာ ချီးကျူးစရာပေါ့"

စိမ်းနုသည် သူမကိုကယ်ဆယ်ခဲ့သည့် ထိုလူအားကျေးဇူးရှင်တစ်ယောက်အဖြစ်သာ စွဲမှတ်ယုံကြည်ထားခဲ့၏။

www.burmeseclassic.com



သူ့ဘာဝနှင့် စိမ်းနုဘယ်လိုမှ ပက်သက်လာလိမ့်မည်ဟု ကြိုတင်မျှော်လင့်မထားခဲ့မိတာအမှန်ပါ။

၀ ၀ ၀





## အခန်း(၅)

ချောင်းရိုးပေါ်တွင် တံတားလေးတစ်ခု။

တံတားအောက်မှာတော့ သောင်ခုံပေါ်ဖြတ်နေသည့် ချောင်းကလေးရယ်ပါ။

တစ်မျှော်တစ်ခေါ် သောင်ပြင်အကြားတွင် ဖြတ်တောက်ထားသည့် တံတားလေးပေါ်တွင် စိမ်းနု အသာထိုင်လိုက်မိ၏။

သည်ကနေ့ညနေ ကြီးတော်ပုံ၏အိမ်သို့ စိမ်းနုရောက်ခဲ့ပြီးပြီ။

သို့သော် ထိုလူ့ကို မတွေ့ခဲ့ရသောကြောင့် မနေ့ကကျောက်ဆွယ်စွန်းရှိရာ သွားရန် စိမ်းနုတစ်ယောက်တည်းထွက်လာခဲ့မိခြင်းပင်။

ထိုစဉ် ခြေသံတစ်သံကိုကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

စိမ်းနု ဆတ်ခနဲ လန့်သွား၏။

သက္ကလပ်အင်္ကျီအနက်ကို ဝတ်ဆင်ထားပြီး ခေါင်းတွင် ဖော့ဦးထုပ်အညိုရောင်ကို ဆောင်းထားလျက် သူ့လက်ထဲတွင် တုတ်ကောက်တစ်ချောင်းကို ကိုင်ထားသည်။

"ရှင် ဘယ်သူလဲ"

လူစိမ်းတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် မေးလိုက်မိ၏။

ပြီးတော့ စိမ်းနုထိုင်ရာမှ ထရပ်လိုက်သည်။

သူနှင့်စိမ်းနုမျက်နှာချင်းဆိုင် ရပ်လိုက်မိကြခြင်းပါ။

သူက ခပ်ပြုံးပြုံးစိုက်ကြည့်နေ၏။

အသားဖြူဖြူ အရပ်မြင့်မြင့် ကိုယ်လုံးက သွယ်လှတယ် . . .

အစ်မဖြစ်သူ စကားကို စိမ်းနုပြန်လည်ကြားယောင်မိပြီး မျက်နှာလေးအလိုလို ပြုံးသွားသည်။

သူက အကြည့်စူးစူးများဖြင့် ကြည့်နေဆဲပင်။

"ရှင့်နာမည်"

"လေချို"





သူက အလွယ်တကူပင် ဖြေလိုက်သည်မို့ စိမ်းနုကျေနပ်သွားသည်။

သို့သော် လေချိုတဲ့ . .

ဆုံရပြန်ပြီ တစ်ယောက်။

စိမ်းနုရင်ထဲမှာ မိုးချိုကို သတိရလိုက်မိသည်။

"ကျုပ်ဘယ်သူလဲလို့ မမေးဘူးလား"

သူ့စကားက တစ်မျိုးပါလား . . သူဟာ စိမ်းနုကို ကယ်တင်ခဲ့တဲ့ ကျေးရူးရှင်ဖြစ်မယ်ထင်ပါရဲ့ . .

"ရှင် ဘယ်သူလဲ"

"မိန်းကလေးကို မနေ့က ရေထဲမှာ ဆင်းကယ်ခဲ့တဲ့ လူပဲလေ"

"ရှင်"

"ဘာလဲ အံ့သြသွားတာလား"

"ကျွန်မသည်အတိုင်းပဲ ထင်နေတာ"

သူ့မျက်နှာက နူးညံ့ရိုးသားပြီး အသံကလည်း ချိုသည်။

စိတ်သဘောထားဖြူစင်ပုံရသည်။

သို့သော် အားငယ်ညှိုးနွမ်းနေသည့် သူ့မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ညိုညိုတွေကြောင့် အနည်းငယ် မျက်နှာထားတည်သယောင်ထင်ရသည်။

"မနေ့က မင်းအတွက် ကျုပ်အတော်စိုးရိမ်ပူပန်ခဲ့မိတယ်"

"ကျေးဇူးပါပဲ ဦး"

"ကျုပ်နာမည် လေချိုလေ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဦးလေချို၊ စိမ်းနုမှာ ရှင်ပေးတဲ့အသက်ပဲရှိပါတော့တယ်"

"ကံတရားက မင်းအနီးမှာရှိနေတာပါ၊ မဝေးလှဘူး"

"မနေ့က အိမ်ပြန်ရောက်ပြီး အတော်ကြာမှ ကျွန်မသတိကောင်းကောင်းရခဲ့တယ်လေ၊ မမက ကျွန်မကို ပြောပြမှ သိခဲ့ရတာ၊ ဘယ်လိုကျေးဇူးတင်မှန်းကို မသိဘူး"

"ကယ်တင်ခွင့်ရခဲ့တာကိုပဲ ကျုပ်က ကျေနပ်လှပါပြီ၊ ကျေးဇူးတင်ဖို့ မလိုဘူး"

"ဘယ်ဟုတ်မလဲ ရှင့်၊ ကျွန်မအသက်ကို ကယ်တင်ခဲ့တဲ့ သူပဲ၊ ကျေးဇူးတင်ရမှာပေါ့"

"မင်းဒီရွာကလား"





"ဟုတ်ပါတယ်"

"ကျောင်းဆရာမဆို"

"ဟုတ်ကဲ့"

"ကိုယ်က ရန်ကုန်က ရောက်လာတဲ့ ဧည့်သည်ပါ"

"ကြီးပုံတို့ အိမ်မှာတည်းတာဆိုလို့ ကျွန်မရောက်ခဲ့သေးတယ်"

"ဟုတ်လား"

"လူကြီးမင်းကို ကျေးဇူးတင်တဲ့ အကြောင်းပြောမလို့ပါ"

"ခုပြောပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့ပါ ဒါနဲ့ပင်လယ်ဘက် သွားမလို့လား"

"ပင်လယ်က မြင်နေရတာပဲ ကျောက်ဆောင်တွေဆီသွားမှာ မင်းကောဘယ်လဲ"

"ရှင့်ကို လာရှာတာ"

"ကိုယ့်ကို ကျေးဇူးတင်စကားပြောမလို့ လာရှာတာကိုး၊ ကိုယ်နားလည်ပါပြီ ဒါဖြင့် ကိုယ်နဲ့အတူကျောက်ဆောင်တန်းတွေဘက် လမ်းလျှောက်ပါလား"

သူဖိတ်ခေါ်မှုအတွက် မငြင်းသင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် စိမ်းနု၏ အသက်ကိုကယ်ခဲ့သူ။

"ကျောက်ဆောင်တွေဘက်လာပြီး ပင်လယ်လေ ရှူတာပါ"

"ကျန်းမာရေးအတွက် သင့်ပါတယ်"

ကျောက်ဆောင်တွေရှိရာသို့ နှစ်ယောက်အတူ လျှောက်လာခဲ့ကြသည်။

ကျောက်ဆောင်တွေရှိရာ ရောက်တော့ သူက ကျောက်ဆောင်တစ်ခုပေါ်မှာ ထိုင်လိုက်၏။

"ကိုယ့်နာမည်တော့ ပြောပြီးပြီ၊ မင်းနာမည်အစ အဆုံးကို သိခွင့်ရှိသလား"

"ကျွန်မနာမည် စိမ်းနုမေ"

"စိမ်းနုမေ ဟုတ်လား နာမည်လေးက လှတယ်၊ လူကပိုလှသလိုပဲ"

ပြောလိုက်ပြီး ကြည်ကြည်လင်လင်ပြုံးနေသော ကြောင့် ဘာမှမပြောဘဲ စိမ်းနုငြိမ်သက်နေမိသည်။

"တွေ့ရတာ ဝမ်းသာပါတယ် စိမ်းနု၊ မမျှော်လင့်ဘဲ တွေ့ခွင့် သိကျွမ်းခွင့်ရခဲ့ပေမယ့် ကျွန်တော်အမြဲလို အမှတ် ရနေမှာပါ"





အကြောစိမ်းများ ယှက်သန်းနေသည့် မျက်နှာလေး ကို ငေးကြည့်ပြီး ပြောနေမိသည်။

စိမ်းနုမျက်နှာလေးက သွယ်ပြီး မေးလုံးသည်၊ နှာတံ လုံးသည် ပါးမို့မို့ နှုတ်ခမ်းရဲရဲနှင့် အောက်နှုတ်ခမ်းက အပြန့် ကားပြီးပုံဖော်ထားသလို လှပနေသည်။ မျက်လုံးဝိုင်းဝိုင်း မျက်ခုံးတွေက ပန်းချီရေးထားသလို ခုံးခုံးပြေပြေရယ်ပါ။

လည်တိုင်ကျော့ရှင်းပြီး ပခုံးတွေလည်း လှပသည်။ ဆံကေသာကလည်း နက်မှောင်သည် ကိုယ်နေဟန်က လည်း လှပသူရယ်ပါ။

"ရှင်နေမကောင်းဘူးဆို အနားယူဖို့ ရောက်နေတာ ဆို . . ဟုတ်လား"

စိမ်းနုစကားကြောင့် သူငေးမောနေရာမှ ခေါင်း ညိတ်သည်။

"ကျွန်တော်က ရောဂါသည် တစ်ယောက်ပါပဲ လောကကြီးနဲ့ . . လူတွေနဲ့ . . ပတ်ဝန်းကျင်တစ်ခုလုံးနဲ့ အဆက်ပြတ်နေခဲ့တာ ကြာပါပြီ၊ အခုစိတ်အပြောင်းအလဲ လေးများရမလားလို့ ဒီအရပ်ကို ခရီးထွက်ခဲ့တာပါ"

"ရှင့်မှာ ဘာရောဂါရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူကေးမီးယား သွေးကင်ဆာပါ စိမ်းနု"

"ရှင်"

စိမ်းနု ရပ်နေရာမှ သူ့အနီးရှိ ကျောက်တုံးတစ်ခုပေါ် ထိုင်ချလိုက်မိ၏။

သူ့ကို အံ့ဩကရုဏာစိတ်ဖြင့် ငေးကြည့်နေမိသည်။

စိမ်းနုရင်ထဲမှာ သူ့အတွက် ထိခိုက်နာကျင်သွားရသည်။

"ကိုယ့်ကြောင့် စိတ်ထိခိုက်သွားပြီ ထင်တယ်၊ ဆောရီးပဲနော်"

စိမ်းနုခေါင်းညိတ်ပြီး ကြိုးစားပြုံးနေမိသည်။ ပြီးတော့ ပြောသည်။

"စိမ်းနု . . စိမ်းနုကို ကယ်ခဲ့တာ သွေးကင်ဆာဝေဒနာရှင်တစ်ယောက်ဆိုတာ စိမ်းနုသိရတော့ ရင်ထဲမှာ သိပ်ခံစားလိုက်ရတယ်၊ ရှင့်ကို ချီးကျူးပါရစေ"

"ကျွန်တော့်အတွက် စိတ်မကောင်းမဖြစ်ပါနဲ့၊ ဒီလောက်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ကို ကယ်တင်ခွင့်ရတဲ့အတွက် ကိုယ်ဝမ်းသာပါတယ်"





"သွေးကင်ဆာ ဝေဒနာရှင်တွေ အသက်ရှင်နေတာအများကြီးပဲနော် ဦးလေချို"

"ခုလို အားပေးတဲ့အတွက် ဝမ်းသာကျေးဇူးတင်ပါတယ်၊ ကျွန်တော်စိတ်ဓာတ်မကျပါဘူး . . စိတ်လဲမလျှော့ဘူးလေ"

ခုမှ သိကျွမ်းခွင့်ရခဲ့ပေမယ့် ကျေးဇူးရှင်၊ ဝေဒနာသည်တစ်ယောက်မို့ သူ့ကို စိမ်းနု ကရုဏာပို အခင်မင်ပိုနေမိသည်။

"ဒီရွာမှာ ဘယ်လောက်ကြာကြာ နေမှာလဲရှင်"

"သိပ်မကြာပါဘူး . . နောက်ထပ် ဆယ့်ငါးရက်လောက်နေပြီး ပြန်မှာပါ"

"သင်္ဘောနဲ့ပဲ ပြန်မှာလား"

"ဟုတ်တယ်"

"ပုသိမ်ရောက်ရင် သင်္ဘောပြောင်းစီးရမယ် ထင်တယ်"

"မဟုတ်ဘူး ကျွန်တော်စီးလာတဲ့ သင်္ဘောက ကိုယ်ပိုင်သင်္ဘောလေ"

"ကိုယ်ပိုင်သင်္ဘောနဲ့ လာတာဆိုတော့ ရှင်က သူဌေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဒီလောက် မချမ်းသာပါဘူး၊ ကိုယ့်ဦးလေး ဝမ်းကွဲပိုင်တဲ့ သင်္ဘောကို ပြန်ဝယ်ပြီး ပြုပြင်ထားတာပါ"

သူ့မျက်နှာကို ငေးကြည့်နေမိသည်။

ရိုးသား၍ စိတ်သဘောဖြူစင်ပုံရသည့် မျက်နှာပေါ်တွင် ဟန်ဆောင်မှုကို မမြင်ရပေ။

"ကိုယ်ဟိုဘက် သောင်ခုံပေါ်လျှောက်ဦးမယ်"

"ရှင့်ကို ကြည့်ရတာ မောနေပြီ၊ ဆက်ပြီး လျှောက်ဦးမလို့လား"

"လျှောက်နိုင်ပါတယ်"

"ဒါဖြင့်လဲ ရှင်နဲ့အတူ စိမ်းနုပါလျှောက်မယ်"

ပင်လယ်ရေတက်လာပြီး ပြန်အကျတွင် သောင်ခုံဖွေးဖွေးက တညီတညာဖြင့် ပြန်ပြူးစွာ ကျန်ရစ်ခဲ့သည် မဟုတ်ပါလား။

သောင်ခုံပေါ် လမ်းလျှောက်ရတာ စိတ်ပေါ့ပါးနေမိသည်။

"ကျွန်တော်တက္ကသိုလ်ကျောင်းသားဘဝက ဒီရွာကို ရောက်ဖူးတယ်၊ ကိုယ်တို့ 'အသုံးလုံး' စီမံချက်နဲ့ ရောက်လာခဲ့ဖူးတာ"





"ဟုတ်လား"

"ဒီရွာလေးက သိပ်သာယာတော့ ကိုယ်မမေ့ခဲ့ ဘူး၊ ဒါကြောင့် ပြန်လာခဲ့မိတာ"

"မူလတန်းကျောင်းသစ်ကို ရောက်ဖူးသလား"

"မရောက်ဖူးသေးဘူး"

"ကျွန်မနဲ့ တစ်ခေါက်လောက် အလည်လိုက်ခဲ့ပေါ့"

"ကောင်းပြီလေ"

"ရှင် ဘာလုပ်ငန်းလုပ်သလဲ"

"ပရိုဂျူဆာ"

"ဟင်"

ပရိုဂျူဆာဆို၍ စိမ်းနုအံ့သြနေမိသည်။

"ဒါဖြင့် မင်းသမီးတွေနဲ့ သိကျွမ်းရင်းနှီးတဲ့ လူတစ်ယောက်ပေါ့"

"ကျွန်တော်က တေးစီးရီးတွေ ထုတ်တဲ့ ပရိုဂျူဆာတစ်ယောက်ပါ၊ အဆိုတော်တွေ တေးရေးဆရာတွေနဲ့တော့ ရင်းနှီးကျွမ်းဝင်ပါတယ်"

"ရှင်ပြောတော့ ပတ်ဝန်းကျင်နဲ့ လူတွေနဲ့အဆက်အသွယ်ပြတ်နေခဲ့တာ ကြာပြီဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုယ့်ရောဂါစဖြစ်ခဲ့တဲ့ လွန်ခဲ့သော သုံးနှစ်ကျော်လောက်က စပြီး တစ်ယောက်တည်းပဲ နေခဲ့တယ်"

"တကယ်"

"ကိုယ့်ဝေဒနာနဲ့ကိုယ် တစ်ယောက်ထဲ အေးအေးဆေးဆေးနေချင်တယ်လေ၊ လူတွေနဲ့ သိပ်မရောချင်တော့ဘူး၊ ကိုယ်ပင်ပန်းတဲ့ အလုပ်တွေလဲ မလုပ်ဖြစ်တော့ဘူး၊ နားနားနေနေ ဖြစ်ဖို့ အမြဲကြိုးစားမိတယ်"

ဝေဒနာသည်တစ်ယောက်၏ ခံစားချက်ကို ကြားလိုက်ရသောကြောင့် ကရုဏာဖြစ်မိပြန်သည်။

"ကျွန်မက သီချင်းဆို ဝါသနာပါတယ်၊ ဒါပေမယ့် အဆိုကျော်တော့ မဖြစ်ခဲ့ပါဘူး"

"အချိန်မနှောင်းသေးပါဘူး၊ မင်းသီချင်းဆိုရင် ကိုယ်စီးရီးထုတ်ပေးပါ့မယ်"

"ရှင်ပဲ အေးအေးဆေးဆေး နေ . . နေပြီဆို"

"မင်းအတွက်ဆိုရင် ကိုယ်ကူညီမှာပါ"

ဘာကြောင့်ရယ်မသိ . .

စိမ်းနုသည် သူ့ကိုမြင်မြင်ချင်း အထိန်းသိမ်းမဲ့စွာ ခင်မင်နေမိသည်။





စိမ်းနုစိတ် စိမ်းနုနားမလည် နိုင်လောက်အောင်ပင် သူ့ကိုခင်မင်နေမိခြင်းပါ။

သူက သောင်ပြင်ကျယ်ပေါ် လျှောက်နေရာမှ ခရုခွံလေးတစ်ခုကို ကုန်းကောက်လိုက်ပြီး . .

"သောင်ပြင်ပေါ်မှာ စာရေးကြရအောင်"

ညီညာပြန့်ပြူးလှသည့် ရေကျကာစ သောင်ခုံပေါ်တွင် ခရုခွံဖြင့် သူစာရေးလိုက်သည်။

တစ်ခဏတွေ့ကြရပေမယ့် ထာဝရ မမေ့ကြေးနော်တဲ့ . .

စိမ်းနုဖတ်ကြည့်ပြီး ရယ်မောလိုက်သည်။

"စိမ်းနုလဲ တစ်ခုခုရေးပါလား"

စိမ်းနုခေါင်းခါရမ်းလိုက်သောကြောင့် သူ့မျက်နှာ ညှိုးသွားသည်။

"ဘာဖြစ်လို့လဲ စိမ်းနု"

"ဦးလေးချိုက ရေးစေချင်ရင် ရေးမယ်လေ"

အသက်သခင် ဝေဒနာရှင် တစ်ယောက်အပေါ် လိုက်လျောဆက်ဆံသင့်သည်မဟုတ်ပါလား . .

သူကမ်းပေးသည့် ခရုလေးကို လှမ်းယူလိုက်ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"အသက်ရှည်၍ ရောဂါကင်းပါစေ" ဟု ရိုးရိုးလေး ရေးချလိုက်မိ၏။

စိမ်းနုရေးသည့် စာကြောင်းလေးကို ဖတ်ကြည့်ပြီး သူအတော်သဘောကျသွားသည်။

"စိမ်းနုကို ကိုယ်ချင်မင်မှုပိုနေပြီ"

"ကျွန်မလဲ ခင်မင်တတ်တဲ့ သူပါ"

"စိမ်းနုက နူးညံ့ကြင်နာတတ်တဲ့ မိန်းကလေးတစ်ယောက်ပဲ"

စိမ်းနုတွေဝေနေသောကြောင့် သူက . .

"စိမ်းနု ကိုယ်ပြောတာ မမှန်ဘူးလား၊ ဖြေပါဦး"

ဟုပြောသည်။

"မမှန်ဘူး၊ တစ်ချိန်တုန်းကတော့ ကျွန်မဟာ အင်မတန်မာနကြီးပြီး ဘုကျခဲ့တဲ့မိန်းကလေးပဲ ဦးလေချို"

"ဖြစ်ရလေဗျာ . . ခုတော့ ဘာလို့ နူးညံ့နေတာလဲ"

"ဒီရွာမှာ ဆရာမလာလုပ်ပြီး ကလေးတွေနဲ့ နေရတာကြာလာတော့လဲ ကျွန်မရဲ့ မာနနဲ့၊ ဘုကျကျအပြုအမူတွေ ပြောင်းလဲခဲ့ရတယ် ဆိုပါတော့ရှင်"

"ပွင့်လင်းတဲ့ အပြောအဆိုလေးတွေကို လေးစားပါတယ် စိမ်းနု"





"နေဝင်တော့မယ် ကျွန်မတို့ ပြန်ကြစို့"

သောင်ပြင်ကျယ်အတိုင်း လာရာလမ်းသို့ ပြန်လျှောက်လာခဲ့ကြသည်။

"ရွာထဲရောက်တော့မယ်နော် စိမ်းနု"

"ကျွန်မတို့ ဒီနေရာလေးကနေ လမ်းခွဲကြရအောင်နော်၊ ဦးလေချိုတစ်ယောက်တည်း ပြန်လို့ဖြစ်သလား"

"ဖြစ်ပါတယ် ဒီကနေ့ကိုယ်တစ်ယောက်တည်းပဲ အေးအေးဆေးဆေးလာချင်လို့ ဖိုးတွတ်ကို နေရစ်ခဲ့ခိုင်းတာ"

"ကျွန်မကိုရေထဲက ဆယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကိုယ်ကလဲ စိမ်းနုနဲ့ သိကျွမ်းခွင့်ရခဲ့တဲ့အတွက် ဝမ်းသာပါတယ် ပြီးတော့ ကိုယ်နဲ့အေးအေးဆေးဆေး စကားပြောပေးဖော်ရတဲ့ အတွက် ကျေးဇူးတင်ပါတယ်"

စိမ်းနု ်ဂုံလှမ်းတွေ ရပ်တံ့နေမိသည်။

သူက ိမ်းနုကို အတန်ကြာစိုက်ကြည့်နေပြီးမှ . .

"ပြန်ပြီနော် စိမ်းနု"

ဟု အော်ပြောသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံသည် အော်ပြောသွားတာဖြစ်သော်လည်း သိပ်မကျယ်လှပေ။

တိုးလျှနေသည်။

သူတစ်လှမ်းချင်း ထွက်ခွာသွားတာကို မျက်စိတစ်ဆုံး ငေးကြည့်နေမိပြီးမှ စိမ်းနုအိမ်သို့ပြန်လာခဲ့သည်။

ထိုနေ့က စိမ်းနု၏ ဒိုင်ယာရီစာအုပ်လေးထဲမှာ သူ့အကြောင်းတွေ ရေးခဲ့မိသည်။

သူ့မျက်ဝန်းတွေဟာ ဝမ်းနည်းကြေကွဲနေတယ် ..

ဒါပေမယ့် ရိုးသားဖြောင့်မှန်မှုကို မဖုံးကွယ်နိုင်ဘူး။

သူဟာ လေးစားစရာကောင်းတဲ့ လူတစ်ယောက်ပါပဲ ...

○ ○ ○





## အခန်း(၆)

စိမ်းနုတစ်ယောက်တည်း သောင်ပြင်ကျယ်ပေါ်တွင် လမ်းလျှောက်ရင်း ခရုလေးတွေ ကောက်နေမိသည်။

ပင်လယ်ပြင်ကြီးကို ငေးမျှော်ကြည့်မိရင်း စိမ်းနုစိတ်က ပျံ့လွင့်သွားတတ်၏။

စိတ်ဆိုတာ ထိန်းသိမ်းရခက်တဲ့ အရာတစ်ခုပါလား။

ဒါကြောင့် စိတ်ကိုအောင်နိုင်ခြင်းဟာ ဘဝကိုအောင်နိုင်ခြင်းလို့ တချို့က ဆိုခဲ့ကြသည်။

စိမ်းနုသည် အတိတ်ကို မေ့ထားခဲ့၏။

သို့သော် သတိရတတ်သည့်အခါ သတိရနေမိသည်။

တစ်ယောက်က မိုးချို ..



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနု၏ အချစ်ဦးရယ်ပါ . . .

ခုတစ်ခါ ဆုံတွေ့ခဲ့ရသူက လေချို . . .

တကယ်တော့ လေချို(သို့) သူသည် စိမ်းနုဘဝတွင် ဒုတိယအကြိမ်မြောက် စိတ်ဝင်စားခဲ့မိသည့် လူရယ်ပါ . .

တွယ်တာစိတ် ဝင်ခဲ့မိသူဆိုလျှင် ပိုပြီး မှန်ပေလိမ့်မည် . .

ကြိုတင်တိုင်ပင်ချိန်းဆိုထားခြင်း မရှိခဲ့သော်လည်း သည်နေရာလေးသို့ သူရောက်လာမှာ အသေအချာပင် မဟုတ်ပါလား . . .

"စိမ်းနု"

ခေါ်သံနှင့်အတူ ခြေသံတစ်ခုက စိမ်းနုနှင့် တဖြည်းဖြည်းနီးကပ်လာသည်။

စိမ်းနုတမင်လှည့်မကြည့်ဘဲ နေသည်။

"စိမ်းနု"

သူက ဘောင်းဘီရှည်နက်ပြာရောင်ကို ဂျင်းကုတ် အဖြူရောင်ဖြင့် တွဲဝတ်ထားသည်။

"ကိုယ့်မျှော်လင့်ချက်တွေ ပြည့်စုံသွားပြီ"

"ဘာလဲ စိမ်းနုရောက်လာမယ် ထင်နေလို့လား"





"သိပ်သေချာတာပေါ့"

သူ့မျက်နှာကို ကြည့်ရတာ ပျော်ရွှင်နေမှန်း သိသာပါသည်။ စိမ်းနုကို တွေ့ရတိုင်း တကယ်ပင် သူပျော်ရွှင်နေသည်မဟုတ်ပါလား။

"ဒီကနေ့ ကျွန်မ ဘုရားသွားဖူးမလို့၊ လူကြီးမင်းကော လိုက်ခဲ့မလား"

တောင်ပေါ်စေတီသည် ရွှေရောင်တဝင်းဝင်းဖြင့် ဆည်းလည်းသံများ သာယာနာပျော်ဖွယ် ထွက်ပေါ်နေသည်။

တောင်ပေါ်ဘုရားရှိရာသို့ တန်ဆောင်းလှေကားတစ်တွေ အတိုင်းတက်လာခဲ့ကြရသည်။

"ဖြည်းဖြည်းပေါ့၊ ရှင်မောနေပြီ"

"မမောပါဘူး . . ကိုယ်လဲ ဘုရားဖူးချင်ပါတယ်၊ စိမ်းနုကခေါ်တော့ နှစ်ယောက်အဖော်ရတာပေါ့"

စိမ်းနုနောက်သို့ မညည်းမညူလိုက်လာခဲ့ရင်း သူပြောနေ၏။

တဖြည်းဖြည်း တက်လာခဲ့ကြရင်း စေတီတော်ရင်ပြင်ပေါ်သို့ ရောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ရင်ပြင်သည် ရှင်းလင်းသန့်ပြန့်နေ၏

စေတီတော်သည် ရွှေစေတီဖြစ်ပြီး စေတီတော်ကြီးကို ရွှေစေတီငယ်တွေ ဝိုင်းရံထားသည်။

သူက ဘုရားရင်ပြင် အောက်ဘက်နားရှိ ပန်းသည်တစ်ယောက်ထံမှ ပန်းနှစ်စည်းဝယ်ယူပြီး စိမ်းနုကို တစ်စည်းကမ်းပေးသည်။

သူပန်းကပ်ပြီး ဘုရားရှိခိုးနေသည့် နောက်ဘက်မှာထိုင်ပြီး စိမ်းနုလည်းရှိခိုးသည်။

ဘုရားဝတ်ပြုပြီးသောအခါ ရင်ပြင်တော် တစ်နေရာမှာ ရပ်ပြီး ပင်လယ်ပြင်ဘက် ငေးမျှော်ကြည့်နေမိကြ၏။

"ဘာတွေ ဆုတောင်းသလဲ စိမ်းနု"

"ဆုတောင်းတာ သမရိုးကျပါပဲ၊ ကျန်းမာပါစေ . . အန္တရာယ်ကင်းပါစေပေါ့"

"ကိုယ်ကတော့ နောင်ဖြစ်လေရာ ဘဝတိုင်းမှာကျန်းမာပါစေလို့ ဆုတောင်းခဲ့မိတယ်"

"အို သည်လောက်လဲ အားမလျှော့ပါနဲ့၊ ဦးလေးကျန်းမာလာမှာပါ"

"ကိုယ့်ဘဝမှာ ပထမဦးဆုံး ခင်မင်တွယ်တာခဲ့တဲ့ မိန်းကလေးဟာ စိမ်းနုပဲ၊ ဒါကိုတော့ ယုံပါဗျာ"





သူ့ကို စိမ်းနုအံ့သြတွေဝေစွာ ငေးကြည့်နေမိသည်။

"စိမ်းနုနဲ့ ဆုံခဲ့ရပြီးမှ ကိုယ့်စိတ်တွေ အင်အားပြည့်လာသလိုပဲ စိမ်းနု၊ အရင်တုန်းကဆို ဝေဒနာခံစားနေရမယ့်အစား ကိုယ်မြန်မြန်သေချင်နေခဲ့တယ်"

"စိတ်မကောင်းပါဘူး"

"ခုတော့ ကိုယ်မသေချင်တော့ဘူး၊ အသက်ရှင်ချင်သေးတယ်"

သူ့စကားကြားရတော့ ကရုဏာစိတ်၊ အံ့သြစိတ်များနှင့်အတူ ရင်ထဲမှာ လှုပ်ခနဲ ခံစားလိုက်ရသည်။

"ဦးလေးချို တက္ကသိုလ်တက်ခဲ့တဲ့ အချိန်တုန်းကဂဲလ်ဖရင့်တွေ ရှိခဲ့ဖူးမှာပေါ့"

စိမ်းနုစကားကြောင့် သူရယ်သည်။

ပြီးတော့ ပြောသည်။

"ကိုယ်က စာသိပ်ကြိုးစားတာ၊ အားကစားဘက်လဲ ထူးချွန်တယ်လေ ကိုယ့်ဘဝမှာ အားကစားနဲ့ ကျောင်းစာပဲရှိခဲ့တယ်၊ ဒါကြောင့် ဘယ်မိန်းကလေးနဲ့မှ မတွဲဖြစ်ခဲ့ဘူး"

သူပြောနေတာ အမှန်တွေဖြစ်ကြောင်း သူ့မျက်နှာက သိသာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ကျောင်းပြီးတော့ အိမ်က ထုတ်ပေးတဲ့ငွေနဲ့ ပရိုဂျူဆာလုပ်ခဲ့တယ်၊ ရောဂါဖြစ်လာတဲ့ အချိန်ကစပြီး လူတွေနဲ့ အဆက်ပြတ်သွားခဲ့တယ်၊ ပတ်ဝန်းကျင်ကို ကျော ခိုင်းခဲ့တယ်ဆိုပါတော့၊ ဒီနေရာကိုရောက်ခဲ့ရတာက ကိုယ့် ဆရာဝန်က တိုက်တွန်းလို့ ခရီးထွက်ခဲ့မိတာ၊ စိတ်အပြောင်း အလဲဖြစ်စေချင်လို့တဲ့ . . ခုတော့ ကိုယ်စိတ်ပြောင်းသွားပြီ"

သူအားတက်သရော ပြောနေတာကိုကြည့်ပြီး စိမ်းနု ရင်ထဲမှာ ကရုဏာဖြစ်နေမိသည်။

"ကိုယ် ရန်ကုန်ပြန်တဲ့နေ့ သင်္ဘောပေါ်ကို လိုက် ပို့ပေးရမယ်နော် စိမ်းနု"

"ကောင်းပါပြီ စိမ်းနုလိုက်ပို့ပါ့မယ်"

စိမ်းနုပြောလိုက်သည်။

ဘာကြောင့်ရယ်မသိ။

စိမ်းနုရင်ထဲမှာ ဟာသွားမိသည်။

○ ○ ○





## အခန်း(၇)

သူပြန်သွားသည့်နေ့မှစ၍ ပင်လယ်ကမ်းခြေနှင့် ကျောက်ဆောင်တန်းသည် ပိုပြီး ပျင်းရိငြီးငွေ့ဖွယ်ကောင်း နေသည်ဟု စိမ်းနုထင်မြင်မိသည်။

သူ့ကို မေ့ဖျောက်နေသည့်ကြားမှ မကြာခဏ သတိရနေမိသည်။

တကယ်တော့ သူဟာ သနားစရာလူတစ်ယောက် ပါပဲ . .

သေခြင်းတရားနှင့် တိုက်ပွဲဝင်နေရသူ ရယ်ပါ . .

သနားခြင်းနှင့် ချစ်ခြင်းကိုတော့ ခွဲခြားထားရမည် မဟုတ်ပါလား . .

"ညီမရေ သတင်းစာ ဖတ်ကြည့်ပါဦး"

အစ်မဖြစ်သူ သိမ်းနုပေးသည့် သတင်းစာကို စိမ်းနု ဖတ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမတစ်ဦး အလိုရှိသည်

လျှောက်ထားသူသည် သူနာပြုလက်မှတ်ရရှိထားပြီး အသက်အစိတ်ပြည့်ရမည်။

လူကိုယ်တိုင်လာရောက်တွေ့ဆုံပါ။

(လေချို)

ခြံအမှတ် (×××)၊ လေဆိပ်အနီး၊ တောင်ဝိုင်း
မော်လမြိုင်မြို့။

"ဦးလေချိုက မော်လမြိုင်ပြောင်းသွားတာကိုး"

"တမင်အနားယူဖို့ သွားတာဖြစ်မှာပေါ့၊ ရန်ကုန်မှာ သူ့အိမ်ရှိတာပဲ"

ညီအစ်မနှစ်ဦး ဝေဖန်နေကြရင်း သူ့အကြောင်းတွေပြောနေမိသည်။

"သူနာပြုဆရာမ အလိုရှိတယ်ဆိုတော့ အတော်မကျန်းမမာ ဖြစ်နေသလား မသိဘူး"

စိမ်းနု စိုးရိမ်ပူပန်စွာ ပြောမိသည်။

"ဟုတ်တယ် စိမ်းနု ကူညီသင့်တယ် စိမ်းနုမှာ သူနာပြုလက်မှတ်မရှိတာက ခက်တယ်နော်"





ထိုကြော်ငြာလေး သတင်းစာထဲတွင် ဆယ်ရက်နီးပါးခန့်အဆက်မပြတ်ပါနေခဲ့သည်။

"ဒီလူစိတ်တိုင်းကျတဲ့ သူနာပြုဆရာမကို မရသေးဘူး ထင်ပါရဲ့၊ ဒါကြောင့် ကြော်ငြာဆက်တိုက် ထည့်နေတာဖြစ်မှာ"

သိမ်းနုမေ ဝေဖန်နေသည်။

"မမ"

"ပြော စိမ်းနု"

"သူ ပြန်သွားတာ လပေါင်းအတော်ကြာခဲ့ပြီနော်၊ ဘာလိုလိုနဲ့ နွေတောင်ရောက်တော့မှာ"

"ဟုတ်တယ် ဒါပေမယ့် ညီမက သူ့ကိုမကြာခဏ သတိရနေဆဲပဲ မဟုတ်လား"

"ဟုတ်တယ် စိမ်းနုမညာချင်ဘူး၊ သူ့ကို သတိရနေမိတယ်"

သိမ်းနုမေ ရယ်မောလိုက်၏။

"ဟိုတစ်ယောက်အတွက်နဲ့ သူ့ဆီကရောက်လာတဲ့ စာနဲ့လက်ဆောင်တွေကို ဥပက္ခာပြုခဲ့တာ မဟုတ်လား"

သည်အမေးစကားကို အလွယ်တကူမဖြေနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မမပြောတာ မှန်သလား စိမ်းနု ဖြေပါဦး"

"ဟိုတစ်ယောက်နဲ့သူ ဘာမှ မသက်ဆိုင်ပါဘူး၊ မမသိမ်းနု"

"ညီမရဲ့ အချစ်ဦးက မိုးချို၊ သူက လေချို၊ နာမည်လေးတွေက ခပ်ဆင်ဆင်ရယ် . . ဒါပေမယ့် လူချင်းတူ အသက်ရှူချင်းကွဲဆိုသလိုပေါ့ . . ညီမနဲ့ ကိုလေချို အဆင်ပြေမှာပါ"

"သူက ဝေဒနာသည်လေ"

"ဒါကြောင့်လဲ သူ့စာထဲမှာ ညီမအချစ်ကို ဘယ်တော့မှ မမျှော်လင့်ပါဘူး သူချစ်နေရရင် ပြီးတာပဲလို့ ရေးခဲ့တာပေါ့"

စိမ်းနု တွေဝေနေမိသည်။

တကယ်တော့ လေချို့ကို ဥပေက္ခာပြု စိမ်းကားရက်စက်ခဲ့မိတာ မိုးချိုကြောင့်မဟုတ်ပါ။

အချစ်နှင့် ပတ်သက်ပြီး ကံတရားကို မယုံကြည်နိုင်ခြင်းပင်။

မိုးချိုဆိုတဲ့ လူတစ်ယောက်ကို ချစ်ခဲ့မိလို့ အသည်းနာခဲ့ရဖူးတယ် . .





လေချိုဆိုတဲ့ သူဌေးတစ်ယောက်ကို ချစ်ခဲ့မိရင်လည်း အသည်းမကွဲဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ . .

"သူဟာ သေခြင်းတရားနဲ့ နပမ်းလုံးနေရတဲ့ လူတစ်ယောက်ပဲ၊ အနည်းဆုံးတော့ မသေခင် သူစိတ်ချမ်းသာမှုရအောင် အားပေးသင့်တယ်"

စိမ်းနုရင်မှာ ကြေကွဲနေမိပြီ။

သူ့ထံမှရောက်လာသည့် စာတွေကို တစ်စောင်မှ မပြန်ဖြစ်ခဲ့ပါ။

သူပို့ပေးခဲ့သည့် လက်ဆောင်ပစ္စည်းတွေကိုလည်း လက်မခံခဲ့။

နောက်တော့ သူလက်လျှော့သွားသည်။

စာအလာကျဲသွားပြီး နောက်ဆုံးစာတစ်စောင် စိမ်းနုထံ ပေးပို့ခဲ့သည်။

"စိမ်းနု သူ့ကို နင်ပစ်မထားသင့်ဘူး"

"သူက ခုလောက်ဆို စိမ်းနုကို မေ့နေလောက်ရောပေါ့"

"သူမမေ့ပါဘူး၊ သူမေ့လိမ့်မယ်လို့ မမ မထင်မိဘူး စိမ်းနု"



www.burmeseclassic.com

www.burmeseclassic.com



"နွေရာသီ ကျောင်းပိတ်ရက်ရောက်ရင် သူဆီ စိမ်းနုအလည်သွားမယ်လေ"

"သိပ်ကောင်းတဲ့ စိတ်ကူးလေးပဲ၊ စိမ်းနုကို သူအမြဲ တမ်းတနေမှာပါ၊ သူ့စိတ်ကို မမခန့်မှန်းမိတယ်"

"မမက သူ့ကိုမဲအပြည့် ပေးနေတာလား"

"မဲအပြည့်ပေးချင်လို့ ပေးနေတာမဟုတ်ပါဘူး၊ သူဆီက ရောက်လာတဲ့ နောက်ဆုံးစာကို ဖတ်ကြည့်လေ"

စိမ်းနုခေါင်းညိတ်လိုက်သည်။

ပြီးတော့ စိမ်းနုစားပွဲ အံဆွဲလေးထဲတွင် သိမ်းထားခဲ့သည့် သူ့စာလွှာလေးကို ယူပြီး ဖွင့်ဖတ်လိုက်၏။

ဝ ဝ ဝ





## အခန်း(၈)

ပုလဲရောင် စာအိတ်လေးထဲမှ ပုလဲရောင်စာရွက်လှလှများက သင်းပျံ့မွှေးကြိုင်နေဆဲပင်။

အသက်နဲ့ ထပ်တူမြတ်နိုးရတဲ့ စိမ်း . .

စိမ်းကို ကိုယ်အမြဲပဲ သတိရနေပါတယ်၊ တစ်ခါတလေတော့လဲ တွေးမိတယ် စိမ်း . . စိမ်းနဲ့ ကိုယ်ကျောက်ဆွယ်တန်းမှာ မဆုံခဲ့မိကြရင်ကောင်းမှာပဲလို့၊ ခုတော့ လွမ်းနေရပြီ။

ကိုယ်သတိရသလို စိမ်းလဲ သတိရနေမှာပါ . . သဲသောင်ဖွေးဖွေးပေါ် လမ်းလျှောက်မိတိုင်း စိမ်းကိုချစ်ခဲ့မိတဲ့ လူတစ်ယောက်အကြောင်း သတိရနေမှာပဲဆိုတာ ကိုယ်စဉ်းစားမိပါတယ် . .



www.burmeseclassic.com

www.burmeseclassic.com



စိမ်းကိုချစ်တဲ့ အကြောင်း၊ လက်ထပ်ခွင့်ပြုဖို့ အကြိမ်ကြိမ်စာနဲ့ တောင်းဆိုခဲ့ပေမယ့် စိမ်းထံမှ ယနေ့အထိ ပြန်စာတစ်စောင်မှ မရခဲ့ပါဘူး စိမ်း၊ ဒါကြောင့် ကိုယ့်မျှော်လင့်ချက်တွေ ပျောက်ဆုံးခဲ့ရတယ် . . .

တကယ်တော့ ကိုယ်သိပ်စိတ်ကူးယဉ်ခဲ့မိတာပါ။ ကိုယ့်လို သေခြင်းတရားကို ထိုင်စောင့်နေရတဲ့ ဝေဒနာသည်တစ်ယောက်ကို စိမ်းဘယ်ချစ်ဝံ့ လက်ထပ်ဝံ့ပါမလဲနော် ဆောရီးပဲစိမ်း၊ ကိုယ့်စကားတွေ ခံစားချက်တွေကို ဖွင့်ဟခဲ့မိတဲ့အတွက် တောင်းပန်ပါတယ်၊ ပြီးတော့ ပြန်လည်ရုတ်သိမ်းပါတယ် . .

ဒီစာကို စိမ်းဖတ်နေတဲ့အချိန်မှာ ကိုယ့်နှလုံးသားနဲ့ ဝိညာဉ်က စိမ်းအနီးကို ရောက်နေမှာပါ . .

စိမ်းကိုအမြဲချစ်၊ အမြဲလွမ်းနေတဲ့
လေချို

တကယ်တော့ သူ၏နောက်ဆုတ်သွားခဲ့ခြင်းသည်





သူ့ဝေဒနာကြောင့် လက်လျှော့နောက်ဆုတ်သွားခဲ့ခြင်းပါလား . .

စာဖတ်ပြီး စိမ်းမျက်ရည်ဝဲနေမိသည်။

အသက်နဲ့ ထပ်တူမြတ်နိုးရတဲ့ စိမ်းတဲ့ . . သူ့ စာရောက်လာတိုင်း သည်အတိုင်းရေးခဲ့သည်။

စုစုပေါင်း စာအစောင်သုံးဆယ်ကျော်ခဲ့၏။

သည်လောက် အံ့သည်းမာခဲ့သည့် စိမ်းနုက သူ့ထံ လုံးဝ စာမပြန်ခဲ့ပေ။

"တကယ်လို့များ စိမ်းနုဘဝမှာ မိုးချိုဆိုတဲ့ လူတစ်ယောက်နဲ့ မပတ်သက်ခဲ့ရင် လေချိုဆိုတဲ့ သနားစရာလူတစ်ယောက်ရဲ့ အချစ်ကို လက်ခံခဲ့မိမှာ အသေအချာပါ၊ ခုတော့ မိုးချိုနဲ့ ချစ်ခဲ့ပြီးမှ လွဲခဲ့ရတဲ့ အဖြစ်ကြောင့် ခံမှန်ဖူးတဲ့စာသူငယ်လို ထိတ်လန့်ကြောက်ရွံ့ပြီး ရှောင်ဖယ် ဥပေက္ခာပြုခဲ့တာ မဟုတ်လား"

သိမ်းနုမေက ညီမဖြစ်သူ၏ နှလုံးသားထဲတွင် ရှိခဲ့သည့် ဒဏ်ရာ ဒဏ်ချက်ကိစ္စကြောင့် လေချို့အပေါ် ဥပေက္ခာပြု စိမ်းကားခဲ့မိသည့် အကြောင်းကို တဖွဖွပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနုမငြင်းနိုင်တော့ပါ။

မမပြောတာတွေ အားလုံးအမှန်တွေချည်းမို့ မတုန်မလှုပ် နားထောင်နေမိသည်။

"သူရေးခဲ့တဲ့ စာတွေက ငိုလောက်တယ် ညီမရဲ့၊ ညီမနှလုံးသားက မခံစားချင်တော့လို့ ဥပေက္ခာပြုနိုင်ခဲ့တာပါ၊ မမဖြင့် ကြားကနေ သိပ်သနားတာပဲ"

စိမ်းနုသည် အိမ်ပေါ်မှ ပြေးဆင်းလာခဲ့မိ၏။ ပြီးတော့ ပင်လယ်ကမ်းစပ် ကျောက်ဆောင်တွေဘက်သို့ တစ်ယောက်တည်းထွက်လာခဲ့မိသည်။

သောင်ပြင်ကျယ်အတိုင်း လျှောက်လာခဲ့ရင်း လေချို့အကြောင်းတွေ စဉ်းစားလာမိ၏။

တရွေ့ရွေ့ ဆက်လျှောက်လာခဲ့ရင်း တစ်ခါက သူစာရေးခဲ့သည့် သောင်စပ်နေရာလေးအနီး ရောက်လာခဲ့သည်။

သည်နေရာလေးမှာပေါ့။

သူစာတွေ ရေးခဲ့တာ . .

တစ်ခဏတွေ့ကြရပေမယ့် ထာဝရမမေ့ကြေးနော်တဲ့။





သူပြန်သည့်နေ့ စိမ်းနုတို့ညီအစ်မ သင်္ဘောပေါ်အထိလိုက်ပို့ခဲ့ကြသည်။

သင်္ဘောထွက်ကာနီးမှပင် ဘောတံတားပေါ် ဆင်းခဲ့ကြ၏။

ဘောတံတားထိပ်မှာ ရပ်နေမိရင်း သင်္ဘောထွက်ခွာသွားတာကို မျက်စိတစ်ဆုံး ငေးမောကြည့်ရှုခဲ့ကြသည်။

သူသည် သင်္ဘောလက်ရမ်းကို မှီရပ်လျက် မှုန်ရီနေသည့် မျက်နှာထားဖြင့် တွေဝေစွာပါသွားခဲ့သည်။

အချစ်ဆိုတဲ့အရာဟာ ဆန်းကြယ်လွန်းပါတယ်။

တကယ်တော့ စိမ်းနုနဲ့သူ ဆုံတွေ့ခဲ့ကြရတဲ့ ရက်တွေမများလှဘူး။

သူဘာကြောင့်များ စိမ်းနုကို ချစ်သွားခဲ့တာပါလိမ့်။

စိမ်းနုကကော ဘာဖြစ်လို့ ဘွယ်တာ သံယောဇဉ်ပိုခဲ့ရတာလဲ . . .

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

မိုးချိုဆိုသည့် လူတစ်ယောက်ကို ဇွတ်အတင်း ေ
ပစ်ခဲ့ပြီးမှ ..

လေချိုဆိုတဲ့ လူတစ်ယောက်ကို ချစ်မိခဲ့တယ်ဆ
ရင် တရားမျှတပါ့မလား ..

မိုးချိုက ဘယ်လိုယူဆလေမလဲ ..

အို .. တစ်ချိန်က စိမ်းနုဟာ မောင်ဆိုတဲ့ လူတစ
ယောက်ကို သိပ်ချစ်ခဲ့မိတယ် ..

ဒါပေမယ့် သူ့မိခင်ရဲ့ မောက်မောက်မာမာဆက်ဆံ
မှုကြောင့် ချစ်သူနှစ်ဦး ကွေကွင်းခဲ့ကြရတယ် ..

သူ့အပေါ် ဘယ်လောက်များ ချစ်ခဲ့မိသလဲဆိုရင်
မောင်နှင့်သာလွဲခဲ့လျှင် တစ်သက်လုံးနာကြည်းဆွေးမြေ့
ရတော့မှာပါပဲဟု စိမ်းနု မှတ်ထင်ယုံကြည်ခဲ့၏။





ခံစားတတ်တဲ့ နှလုံးသား

မေ့နိုင်စွမ်းမရှိတဲ့ ဦးနှောက်အသိဉာဏ်တွေ ရှိနေ
သရွေ့ အမြဲပဲ လွမ်းနေရဦးမည်ထင်ခဲ့သည် ..

သို့သော် သည်ခံစားချက်တွေကို အချိန်ဆိုသည့်
သမားတော်က ကုစားခဲ့ပြီးပြီ။

မောင်နှင့် ပတ်သက်ခဲ့သမျှ ခံစားချက်တို့ အနယ်
ထိုင် တည်ငြိမ်သွားခဲ့ပြီ မဟုတ်ပါလား။

မောင့်ကို သတိရဆဲဖြစ်သော်လည်း နှလုံးသားမှာ
ငြင်းထန်ပူလောင်ခြင်းမရှိတော့ပါ။ အေးစက်ခဲ့ရပြီ ..

မောင်(သို့)မိုးချိုဆိုသည့် လူတစ်ယောက်ကို စိမ်းနု
ဝထဲသို့ ဘယ်တော့မှ ပြန်ခေါ်တော့မှာ မဟုတ်တာ သေ
ပါသည်။

တကယ်တော့ မောင်နှင့်စိမ်းနု စိတ်ကောက်ခဲ့ကြ
တာမှ မဟုတ်ဘဲ။

မောင့်မိဘ၏ အဆင့်အတန်းခွဲခြားမှု၊ မောက်မာ
များကြောင့် အပြီးအပိုင် လမ်းခွဲခဲ့ကြခြင်းပင်။

မိုးချိုသည် စိမ်းနုဆိုသည့် မိန်းမတစ်ယောက်၏
ဝထဲ ဘယ်တော့မှ ဝင်လာခွင့်ရတော့မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါက စိမ်းနု၏ ပြတ်သားသော ဆုံးဖြတ်ချက်ပင်။

သည်လိုဆိုရင် မိုးချိုကို ချစ်ခဲ့မိတဲ့အတွက် မိမိကိုယ်မိမိ ပြစ်ဒဏ်ခတ်နေမိတာ မှန်ကန်ပါရဲ့လား . .

နှလုံးသားဆိုတာ မာကျောခက်ထန်တဲ့ ကျောက်ဆိုင်ကျောက်သားမှ မဟုတ်တာ . .

ဦးလေချိုဆိုတဲ့ လူကကော . .

ငါ့ကို မြင်ရင် ဘယ်လိုပြောမလဲ . .

သူသိပ်ဝမ်းသာမှာလား . .

ဦးလေချိုကို ကူညီရင်း ငါ့ရဲ့ ပျင်းရိငြီးငွေ့စရာ အချိန်တွေကို ကုန်ဆုံးပစ်ရရင် ကောင်းမယ်ထင်ပါရဲ့ . .

"စိမ်းနု"

သိမ်းနုမေလိုက်လာခဲ့ခြင်းရယ်ပါ။

ကျောက်ဆွယ်တန်းတစ်ခုပေါ် ထိုင်နေရာမှ လှည့်ကြည့်လိုက်သည်။

"မမ"

"ဘာတွေ စဉ်းစားနေတာလဲ"

"ဩော် လေချိုဆိုတဲ့ လူတစ်ယောက်ကို ကူညီရင်း စိမ်းနုရဲ့ ပျင်းရိငြီးငွေ့စရာ အချိန်တွေကို ကုန်ဆုံးပစ်ရင် ကောင်းမလားလို့"





"သိပ်ကောင်းတာပေါ့"

"ဒါပေမယ့် စိမ်းနုက မိန်းကလေးလေ၊ တစ်ယောက်တည်း သွားလို့သင့်တော်ပါ့မလား"

"သင့်တော်တယ် သူနာပြုတစ်ယောက်လို သူ့ကို ပြုစုဖို့ သွားမှာမဟုတ်လား"

"သင့်တော်မတော် စိမ်းနုတွေးနေမိတာပါ"

"မကြောက်နဲ့ စိမ်းနု၊ သူဟာ သနားစရာကောင်းတဲ့ လူတစ်ယောက်ပါ၊ ပြီးတော့ စိမ်းနုရဲ့ အသက်သခင် ကျေးဇူးရှင်လေ စိမ်းနုလိပ်ပြာသန့်ဖို့ပဲ လိုပါတယ်"

"ကောင်းပြီ မမ၊ နွေရာသီကျောင်းပိတ်ရက် မြန်မြန်ရောက်ဖို့ စိမ်းနုဆုတောင်းပါတယ်"

"ကဲမှောင်တော့မယ် ပြန်ကြစို့၊ လေချိုကို လွမ်းတိုင်း ဒီနေရာလေးမှာ လာမှိုင်နေတာများ မသိတာမှတ်လို့"

သိမ်းနုနောက်ပြောင် ကြည့်စယ်နေသောကြောင့် စိမ်းနုပါ ရယ်မောလိုက်မိသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

နွေရာသီကျောင်းပိတ်ရက်သို့ ရောက်လာခဲ့သည်နှင့် စိမ်းနုမေ ရွာကို ကျောခိုင်းခဲ့၏။

ရန်ကုန်သို့ ထွက်ခွာလာခဲ့သည်။

ရန်ကုန်ရောက်တော့ သူ့စာထဲမှ လိပ်စာအတိုင်း ခရေပင်လမ်းရှိ သူ့အိမ်နှင့် ခြံကြီးဆီသို့ လိုက်လာခဲ့သည်။

"မောင်လေချို ပြန်မရောက်သေးပါဘူး"

ခြံစောင့်အဘိုးကြီးစကားကြောင့် မော်လမြိုင်သို့ လိုက်သွားရန် ဆုံးဖြတ်ချက်ချခဲ့မိသည်။

ဦးလေချို

ရှင်ကတော့ စိမ်းနုအပေါ် ဘယ်လိုယူဆနေမလဲ မသိဘူး။ စိမ်းနုကတော့ ရှင်ရှိနေမယ့် နေရာကို တစ်ဆင့်ပြီး တစ်ဆင့် လိုက်လာခဲ့မိပြီ ..





ရထားစီးလာခဲ့ရင်း စိမ်းနုစိတ်သည် ရွာနှင့်ပင်လယ်ကျောက်ဆွယ်တန်းများဆီသို့ ပြန်ရောက်သွားတတ်သည်။

ဘုရားပေါ်မှာ သူပြောခဲ့သည့် စကားတွေကို ကြားယောင်နေမိ၏။

ကိုယ်ကတော့ နောင်ဖြစ်လေရာ ဘဝတိုင်းမှာ ကျန်းမာပါစေလို့ ဆုတောင်းခဲ့မိတယ် ..

အို သည်လောက်လဲ အားမလျှော့ပါနဲ့၊ ဦးလေချို ကျန်းမာလာမှာပါ ..

စိမ်းနုနဲ့ ဆုံခဲ့ရပြီးမှ ကိုယ့်စိတ်တွေ အင်အားပြည့်လာသလိုပဲ စိမ်းနု၊ အရင်တုန်းကဆို ဝေဒနာခံစားနေရမယ့်အစား ကိုယ်မြန်မြန်သေချင်တယ်၊ ခုတော့ ကိုယ်မသေချင်တော့ဘူး၊ အသက်ရှင်ချင်သေးတယ် ...

အချိန်ကာလတိုတိုအတွင်းမှာသာ တွေ့ဆုံရင်းနှီးခဲ့ရသည့် လူတစ်ယောက်အပေါ် သည်လောက်သံယောဇဉ်ထားနေမိတာ ဘာကြောင့်များပါလိမ့် ..

သူ့အပေါ် ချစ်ခဲ့မိပြီလား ..

ဒါမှမဟုတ် ကရုဏာစိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ သံယောဇဉ်လား ..



www.burmeseclassic.com

www.burmeseclassic.com



ချစ်တာနဲ့ သနားတာကို ခွဲခြားဖို့တော့ လိုတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သနားတာ ပျောက်ကွယ်သွားရင် အချစ်လဲ ပျောက်ကွယ်သွားတတ်ကြလို့ပဲ . .

ဘာပဲဖြစ်ဖြစ် မကြာခင်အချိန်အတွင်းမှာ လေချို နှင့် တွေ့ရပေတော့မည်။

တဂျုံးဂျုံးခုတ်မောင်းနေသည့် ရထားကြီးကို မြန်သည်ဟု မထင်။

နှေးသည်ဟုပင် ထင်မြင်နေမိလေသည်။

မုတ္တမရောက်တော့ သံလွင်မြစ်ကို ဇက်ဖြင့် ကူးပြီး မော်လမြိုင်သို့ လာခဲ့၏။

○ ○ ○





# အပိုင်း-၅



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

တောင်ဝိုင်းတောင်ခြေသည် စိမ်းညို့လျက် သာယာလှပစွာ ဆီးကြိုနေ၏။

သူ့ခြံကျယ်ကြီးသည် အုတ်တံတိုင်းများ ကာရံထားလျက် ကြီးမားကျယ်ဝန်းလှသည်။

အုတ်တိုက်အနီရောင်ကြီးသည် ရေးဆန်စွာ ခံ့ထည်နေ၏။

နှစ်ထပ်တိုက်ကြီးရှိရာ ခြံကျယ်ကြီးထဲ ဝင်လာခဲ့ရင်း အံ့သြနေမိသည်။

တစ်ခြံလုံး ငုပင်၊ ပိတောက်ပင်နှင့် အင်ကြင်းပင်တွေကို မြင်ရသည်။

ဝေဆာလှပစွာ ဖူးပွင့်နေပုံက မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

ခြံစောင့်အဘိုးအိုက ဆီးကြိုမေးသည်။

"ဦးလေချို"

"မောင်လေချို ဟုတ်လား၊ သူနာပြု ဆရာမတော့ မဖြစ်နိုင်ဘူး၊ လွန်ခဲ့တဲ့ သုံးရက်ကပဲ ဆရာမဌားလိုက်ပြီလေ"

စိမ်းနုရင်ထဲမှာ ဝမ်းနည်းအားငယ်သွားမိသည်။

"သူနာပြု ဆရာမ . . မဟုတ်ပါဘူး ဘဘရယ်"

"သြော်ဒါဖြင့် မောင်လေချို့မိတ်ဆွေများလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ခဏနေဉ်း မောင်လေချိုကို အကျိုးအကြောင်း သွားပြောလိုက်ဦးမယ်"

ခြံစောင့်ကြီးကပြောပြီး အိမ်ကြီးထဲ လှည့်ဝင်သွားသည်။

ခဏသာကြာသည်။

ခြံစောင့်ကြီးနှင့်အတူ သူ့ကိုမြင်တွေ့လိုက်ရ၏။

"စိမ်း"

သူ့အသံသည် တစ်ခြံလုံး ဟိန်းသွားလောက်အောင်ပင် ကျယ်လောင်လွန်းလှသည် မဟုတ်ပါလား . . .





"စိမ်း စိမ်းလိုက်လာတယ်နော်"

မယုံနိုင်အောင် အံ့သြနေသည့် အသံကြီးဖြင့် သူပြောလိုက်ပြီး စိမ်းနုထံ ပြေးလာသည်။

"ဖြည်းဖြည်း ကိုလေချို . . ဖြည်းဖြည်း"

သူ့နောက်မှ သူနာပြုမိန်းကလေးက အော်ဟစ်တားဆီးနေ၏။

"စိမ်း"

စိမ်းနုအနီးရောက်တော့ မမျိုသိပ်နိုင်တော့သလို စိမ်းနုကိုယ်လေးကို ဖက်ပွေ့ထားလိုက်သည်။

"ကျွန်မ ဒီရောက်လာတာ သူနာပြုတစ်ယောက်လို ကူညီဖို့ပါ"

သူ့ရင်ခွင်ထဲမှ ရုန်းထွက်ရင်း ပြောလိုက်မှပင် သူသတိဝင်သလို စိမ်းနုကို ဖက်ပွေ့ထားရာမှ လွှတ်လိုက်၏။

သူနာပြု မိန်းကလေးနှင့် ခြံစောင့်အဘိုးကြီး အံ့အားသင့်နေသည်။

"ကိုယ် . . ကိုယ့်အိပ်မက် မက်နေတာမဟုတ်ပါဘူးနော်၊ စိမ်းနုတကယ်ရောက်လာတာ သေချာသလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် သိပ်အံ့သြနေလို့ပါ"

စိမ်းနုစကားအဆုံးမှာ သူကျေနပ်ရွှင်လန်းစွာ ပြုံးနေသည်။

"လာ စိမ်း . . အိမ်ထဲဝင်ကြရအောင် စိမ်းကို ပြောပြချင်တာတွေ ရင်ထဲမှာ အများကြီးပဲ"

စိမ်းနု လက်တစ်ဘက်ကို ညင်သာစွာဆုပ်ကိုင်ပြီး အိမ်ကြီးထဲ ခေါ်ဆောင်လာခဲ့သည်။

အလွန်ကျယ်ဝန်းသော ဧည့်ခန်းကျယ်ကြီးထဲသို့ စိမ်းနုကို ခေါ်ဆောင်လာခဲ့ခြင်းပါ။

"ဒီပန်းချီကားကို ကြည့်ပါဦး၊ ကိုယ် ပျင်းပျင်းရှိတိုင်း ဆွဲခဲ့တာ"

ပန်းချီကားချပ်ကြီးကား ပင်လယ်ကမ်းစပ် ကျောက်ဆွယ်တန်းများပေါ်တွင် ထိုင်နေသည့် မိန်းကလေးတစ်ယောက်၏ ပုံရယ်ပါ . .

ထိုမိန်းကလေးသည် အခြားသူမဟုတ်။ စိမ်းနုပင်ဖြစ်လေသည်။

"ဒီကားချပ်ကို မော်လမြိုင်ရောက်မှ ကိုယ်ဆွဲခဲ့တာ"





"မော်လမြိုင်ရောက်တာ ဘယ်လောက်ကြာပြီလဲ"

"သုံးလပြည့်တော့မယ်"

"ဦးလေချို ဝေဒနာသက်သာရဲ့လား"

"ဒီလိုပါပဲ စိမ်း"

"ကျွန်မအလုပ်လာဝင်တာလေ၊ ဦးလေချိုကို ကူညီဖို့"

"သူနာပြုလက်မှတ်ပါခဲ့လား စိမ်း"

သူ တမင် အရွှန်းဖောက်နေခြင်းပါ။

"သတ်မှတ်ထားတဲ့ အရည်အချင်းတွေ မပြည့်စုံတဲ့အတွက် စိမ်းနုကို အလုပ်မခန့်ရင်လဲ ရပါတယ်"

"စိမ်းကို ကိုယ်အခုပဲ အလုပ်ခန့်လိုက်ပြီလေ"

သူ့ကို စိမ်းနုငေးကြည့်နေမိသည်။

သူသည် အနက်ရောင် ဘောင်းဘီရှည်နှင့် ခေါင်းစွပ်ဆွယ်တာ အဝါနုကို ဝတ်ထားသည်။

စကားပြောနေပုံက ဝေဒနာသည် လူနာတစ်ယောက်နှင့်မတူတော့ဘဲ အသက်နှစ်ဆယ်နီးပါး လူရွယ်တစ်ယောက်လို သွက်လက်ရွှင်လန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနုကို အားလုံး အံ့ဩတကြီး ကြည့်နေကြသည်။

သူနာပြု မိန်းကလေးက စိတ်အနှောင့်အယှက် ဖြစ်စွာ သက်ပြင်းရှိုက်နေ၏။

"ကဲ စိမ်းအနားယူပါဦး၊ မိညို ညည်းသည်အတွက် အခန်းလိုက်ပြပေးပါ"

အိမ်ဖော်မလေး မိညိုက စိမ်းသေတ္တာကို ဆွဲပြီး အခန်းကျယ်ကြီး တစ်ခုထဲ ခေါ်ဆောင်လာခဲ့၏။

စိမ်းနုနေထိုင်ရမည့် အခန်းက အသင့်အတင့်သာ ကျယ်ဝန်းသည်။

သို့သော် လေချို့အခန်းနှင့် မျက်နှာချင်းဆိုင်ဖြစ်သောကြောင့် လေချို့ကို ကောင်းစွာ ပြုစုကူညီနိုင်သည် မဟုတ်ပါလား . .

အခန်းထဲတွင် ပရိဘောဂအပြည့်အစုံ၊ ရေခဲသေတ္တာ၊ တီဗွီအပြင် တယ်လီဖုန်းကိုပါတွေ့ရသည်။

"ဒီအခန်းက ရေချိုးခန်း တွဲလျက်ပါတယ်မမသဘောကျရဲ့လား"

"အဆင်ပြေပါတယ်"





မိညိုထွက်သွားတော့ စိမ်းနုပါလာခဲ့သည့် အဝတ်သေတ္တာနှင့် အလှပြင်ပစ္စည်းလေးများကို နေရာချနေသည်။

ပြီးတော့ ရေချိုးသည်။

ဘာပဲဖြစ်ဖြစ် ကောင်းသော ပြန်လည်တွေ့ဆုံချင်းသာဖြစ်ပါစေဟု စိမ်းနုဆုတောင်းနေမိသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

စိမ်းနုနှင့်မျက်နှာချင်းဆိုင်အခန်းက သူ့အခန်းဖြစ်၏။

"မမ . . အန်ကယ်လေးချိုက သူ့ကိုလာတွေ့ဖို့ ပြောပါတယ်"

သူနာပြုမိန်းကလေးသည် မကြည်လင်လှသော မျက်နှာဖြင့် သူ့ကိုလာခေါ်သည်။

"သူ ဘယ်မှာလဲ"

"သူ့အခန်းထဲမှာပါ"

နံနက် လက်ဖက်ရည်သောက်ရန် ထမင်းစားခန်း ရှိရာသို့ သူဘာကြောင့် ရောက်မလာတာပါလိမ့်ဟု တွေးပြီး သူနာပြုမိန်းကလေးနောက်မှ လိုက်လာခဲ့သည်။

သူ့အခန်းက အခန်းကျယ်ကြီးဖြစ်ပြီး အညိုရောင် ဆိုဖာများဖြင့် သန့်ရှင်းထည်ဝါနေ၏။





"လာ စိမ်း၊ စိမ်းကို လက်ဖက်ရည်ဝိုင်းမှာ လာ မတွေ့နိုင်တဲ့အတွက် ဆောရီးပဲ"

"ကိစ္စမရှိပါဘူး ဦးလေးချို"

အခန်းတစ်ခုလုံးကို စိမ်းမျက်လုံးဝေ့ကြည့်လိုက်မိသည်။

အခန်းကျယ်ကြီးထဲ၏ လက်ယာဘက်တွင် သူ၏ ခုတင်၊ ခုတင်ဘေးတွင် နံရံကပ်စာအုပ်ဗီရိုရှိပြီး စာအုပ်စင် ပေါ်တွင် မီးအုပ်ဆောင်းလှလှတစ်ခုကို တွေ့ရ၏။

ခုတင်ခြေရင်းဘက် ခပ်လှမ်းလှမ်းတွင် အညိုရောင် ဆိုဖာများရှိပြီး ဆိုဖာများနှင့် ခပ်လှမ်းလှမ်းတွင် ဘေစင် နိမ့်နိမ့်တစ်ခုရှိ၏။

အခန်း၏ ခေါင်းရင်းဘက်တွင် မှန်ကြီးကြီးတစ်ခု ကို နံရံမှာ ကပ်ထားသည်။ မှန်အောက်ဘက်တွင် အဖြူ ရောင် တောက်ပနေသည့် မှန်တင်ခုံကြီးတစ်ခု၊ အနီးတွင် ကက်စက်တစ်လုံးရှိသည်။

"ဒီနေ့ကိုယ် *Blood Transfusion* (သွေးသွင်း)လုပ် ရမယ် စိမ်း"

"ဟင် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံသွားရမှာလေ စိမ်းလိုက်ခဲ့မှာလား"

"လိုက်ခဲ့မှာပေါ့"

"ကားအဆင်သင့်ဖြစ်ပါပြီ ဆရာ"

ဒရိုင်ဘာလာပြောသောအခါ သူက ရှေ့မှထွက်သွားသည်။

သူ့နောက်မှ သူနာပြုက လိုက်ပါသွားသည်။

ပြီးတော့မှ စိမ်းနုလိုက်လာခဲ့၏။

သူက ဒရိုင်ဘာအနီးတွင် မထိုင်ဘဲ ကားနောက်ခန်းတွင် စိမ်းနုနှင့်အတူ လာထိုင်၏။

ကားက ပါကဲ့ရိုးတာဘို အမျိုးအစား ပုလဲရောင်ဖြစ်၍ ချောင်ချောင်ချိချိ ထိုင်နိုင်၏။

"သူနာပြုဆရာကို စူပါဆလွန်းနဲ့ လိုက်ပို့ခိုင်းလိုက်ပါ ဦးအိုက်ဖော"

"ကောင်းပါပြီ သူဌေး"

သူနာပြု မိန်းကလေး ကားပေါ်မတက်ဖြစ်တော့ပေ။

နောက်ကားဖြင့် သူ့နောက်သို့ လိုက်ပါရန် သူပြောခဲ့တာကြောင့် နောက်ကားဖြင့်သာ လိုက်ပါခွင့်ရလေသည်။





ကားစထွက်သောအခါ သူဖြည်းဖြည်းချင်းပြောနေသည်။

"ဒီရောဂါကို ကိုယ်ခံစားခဲ့ရတာလေးနှစ်နီးပြီပေါ့၊ မကြာခဏ ခုလိုပဲ သွေးသွင်းခဲ့ရတဲ့ အကြိမ်ပေါင်းမနည်းတော့ဘူး၊ ကိုယ့်လက်မောင်းမှာ အပ်ရာတွေချည်းပဲ"

စိမ်းနုရင်ထဲမှာ ထိခိုက်သွားမိသည်။

"ငွေကြေးချမ်းသာတဲ့ လူမို့တော်သေးတာပေါ့ ဦးလေချိုရယ်"

"ဘုရားက ပေးသနားထားတဲ့ ကြွယ်ဝချမ်းသာမှုတစ်ခုကြောင့် ကိုယ်ကကောင်းနေတာပါ၊ နို့မဟုတ်ရင် ဒီလောကကြီးထဲမှာ ကိုယ်မရှိတော့တာ ကြာလှပြီ"

"စိတ်ထိခိုက်စရာတွေ မပြောဘဲ ခဏမေ့ထားပါလား ဦးလေချို"

"ဒီရောဂါကို စပြီးခံစားခဲ့ရတဲ့ အချိန်တွေတုန်းကတော့ သိပ်စိတ်ပျက်ခဲ့မိတယ်၊ သွေးသွင်းနေမယ့် အစားသေပစ်လိုက်ချင်တယ်၊ ကြာတော့လဲ ရိုးစင်းသွားပါပြီလေ"

သူပြောသမျှ နားထောင်နေရင်း သနားကရုဏာစိတ်တွေ ဖိတ်လျှံနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ ကိုယ်ပြောင်းလဲသွားပြီ စိမ်း"

"အရှုံးမပေးချင်စမ်းပါနဲ့၊ ဘဝဆိုတာ တိုက်ပွဲ တစ်ခု ပါပဲ၊ ဦးလေးချို ကျန်းမာလာမှာပါ"

စိမ်းစကားကို နားထောင်ရင်း စိမ်းမျက်နှာလေးကို ငေးမောနေမိရင်း သူ့ရင်ထဲမှာ အားအင်တွေပြည့်တင်းလာသည်ထင့်။

သူ့မျက်နှာကြီးတစ်ဖြည်းဖြည်း ပြုံးလာသည်။

ဆေးရုံရောက်ပြီး သူသွေးသွင်းနေစဉ် သူ့ခုတင်အနီးမှာ စိမ်းရပ်စောင့်နေမိသည်။

သူ့ကို ကြည့်ပြီး ရင်ထဲမှာ နင့်နေမိ၏။

သူသွေးသွင်းပြီးသောအခါ ကားရှိရာသို့ တွဲခေါ်လာခဲ့ရသည်။

အလာတုန်းကလို သူ့မျက်နှာ မလန်းဆန်းလှပေ။

အခန်းထဲရှိ ခုတင်ပေါ်မှာ သူလှဲနေသည်။

"အတော်နေရခက်သလားဟင်"

သူဘာမှ မဖြေ၊ ခေါင်းခါရမ်းနေ၏။

ခဏကြာတော့ သူလူးလဲထလိုက်ပြီး ခုတင်ခြေရင်းဘက် ဘေစင်မှာ အန်နေသည်။





အားပါးတရ အန်လိုက်ပြီးမှ ခုတင်ပေါ် ပစ်လှဲချလိုက်သည်။

အဖျားတက်သလို ချမ်းတုန်နေသည့် သူ့ကို သူနာပြုက စောင်တွေ အထပ်ထပ်ခြုံပေးပြီး ထားပစ်ခဲ့သည်။

စိမ်းတစ်ယောက်သာ စောင့်ကြည့်ရင်း ခုတင်အနီးမှာ ကျန်ရစ်ခဲ့၏။

ခဏကြာတော့ သူအန်ပြန်သည်။

စိမ်း ရင်ထုမနာကြည့်ရင်း ဟျာယာခတ်နေတော့၏။

သူ့ဝေဒနာက မသက်သာလှပါလား . .

တစ်နေ့လုံး သူအန်နေသည်။

စိမ်းက ပရိတ်ခွေဖွင့်ပေးပြီး နားထောင်ရန် ပြောတော့ သူပြုံး၍ ခေါင်းညိတ်သည်။

ထိုနေ့က အတော်ညဥ့်နက်မှပင် သူအိပ်ပျော်သွားလေသည်။

သူအိပ်ပျော်သွားသောအခါ သူ့ခုတင်အနီးမှ ခွာလာခဲ့ပြီး သူ့အခန်းနံရံများပေါ်တွင် ချိတ်ဆွဲထားသည့် ဓာတ်ပုံများကို လျှောက်ကြည့်နေမိသည်။

သူငယ်စဉ်ဘဝက အဘိုးအဘွားနှင့် ရိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် ဓာတ်ပုံများ၊ သူ မဟာသိပ္ပံဘွဲ့ယူစဉ်က ရိုက်ထားသည့် ပုံများ၊ ဘောလုံးပြိုင်ပွဲတွင် အနိုင်ရရှိသည့် သူတို့အသင်း၏ အမှတ်တရဓာတ်ပုံများကို ငေးကြည့်ပြီး စိမ်းရင်ထဲမှာ ထိခိုက်နာကျင်နေမိသည်။

သူဟာဘက်စုံ ထူးချွန်ပြီး ထက်မြက်တဲ့ လူတစ်ယောက်ပါပဲ . .

ဒါပေမယ့် အခုတော့ . .

သူ့အတွက် စိမ်းဝမ်းနည်းပြီး ကြိတ်၍ မျက်ရည်ကျနေမိသည်။

စိမ်းအခန်းထဲသို့ ပြန်ရောက်တော့ အဆင်သင့်စောင့်နေသည့် သူနာပြုကို တွေ့လိုက်ရသည်။

"ဪ မမ"

"မအိပ်သေးဘူးလား မငယ်"

သူနာပြုနာမည်က ထွေးငယ်ဖြစ်ပြီး အရပ်ပု၍ နှာခေါင်းပြားလေသည်။

"မမကို စောင့်နေတာပါ"

"ကျွန်မကို ပြောစရာရှိလို့လား"

"ဟုတ်ကဲ့ ဦးလေးချိုကို မမက တစ်ဆင့်ပြောပေးဖို့ပါပဲ၊ မနက်ဖြန်မနက် ကျွန်မအလုပ်ထွက်ပြီး ပြန်တော့မယ်"





"ဟင်"

စိမ်း အံ့သြနေသည်။

အမှန်က စိမ်းရောက်လာသည့်အဖြစ်ကို မကျေမနပ်ဖြစ်ပြီး သူနာပြုအလုပ်ထွက်ခြင်းရယ်ပါ။

"မမက သူဌေးကို ပြုစုဖို့ ရောက်လာတဲ့သူပဲ၊ ကျွန်မအလုပ်လုပ်စရာမလိုတော့ဘူး မဟုတ်လား"

မကျေမနပ်ပြောနေပုံက ပြောင်ပြောင်တင်းတင်းပင်။

"သည်လိုလုပ်ပါလား၊ ကာယကံရှင်ဆီမှာ ခွင့်ပြုချက်ယူပြီးမှ ထွက်သွားသင့်တယ်"

စိမ်းစကားကို သူကသရော်ပြုံးပြုံးသည်။ ပြီးတော့ပြောသည်။

"သူဌေးအိပ်ရာက နိုးချိန်အထိ ကျွန်မမစောင့်နိုင်တော့ဘူး မမ၊ ကျွန်မဒီမှာ အလုပ်ဆက်လုပ်ချင်စိတ်လဲ မရှိတော့ဘူး"

တားဆီးရန် မသင့်တော့မှန်း စိမ်းနားလည်မိသည်။ ထို့ကြောင့် သူနာပြုအား ဘာမှမပြောတော့ပေ။

ငါရောက်လာတဲ့အတွက် သူ့မှာစိတ်အနှောင့်အယှက် အတော်ဖြစ်သွားပါလား . .



www.burmeseclassic.com

www.burmeseclassic.com



သူ့အစားငါပြန်သွားသင့်သလား . .

သူ့ကို ထားပစ်ခဲ့ရင် သူပိုပြီး အားငယ်သွားမှာပေါ့၊ ထားရစ်ခဲ့ဖို့ အင်အားတွေ ငါ့မှာ မရှိပါဘူးလေ . .

စိမ်းတစ်ယောက်တည်း တွေးပြီး အတော်ညဉ့်နက်မှပင် အိပ်ပျော်ခဲ့ရသည်။

ဝ ဝ ဝ





အခန်း(၃)

စိမ်းနုအိပ်ရာမှ စောစောနိုးလာခဲ့သည်။

သူ့အတွက် နံနက်စာကို ကိုယ်တိုင်ပြင်ဆင်နေသည်။

"ဒီရောဂါစဖြစ်ကာစက အန်ကယ့်အနားမှာ နာ့စ်တွေ တစ်ယောက်ပြီးတစ်ယောက် ထားခဲ့သေးတယ်၊ ဒါပေမယ့် ရက်ကြာလာတဲ့အခါ သိပ်ဂရုမစိုက်ချင်ကြဘူး၊ နောက်တော့လဲ ဘယ်သူနာပြုမှ မငှားတော့ဘဲ သူဘာသာကြိတ်မှိတ်ခံခဲ့တာလေ၊ မမရောက်မလာခင် ရောဂါသည်းလာလို့ သူနာပြုခေါ်ခဲ့တာ၊ မမရောက်လာတော့ သူနာပြုက ထွက်သွားခဲ့တယ်၊ မမက သံယောဇဉ်နဲ့ စေတနာပါတော့ သူနာပြုတွေထက်သာပါတယ်လေ"

သူ့တူမ ဝမ်းကွဲဖြစ်သူ နုနုက သူနှင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘများမရှိကြတော့သည့် နုနုနှင့် လှခိုင်မောင်နှမ နှစ်ယောက်ကို သူကခေါ်ယူမွေးစားခဲ့သည် မဟုတ်ပါလား။

"အန်ကယ် သွေးသွင်းတဲ့နေ့တိုင်း မမသိပ်ပင်ပန်း မှာပဲနော်"

"မပင်ပန်းပါဘူး သွေးသွင်းတဲ့နေ့တွေမှာ ပင်ပန်း တာ သူပဲလေ၊ တစ်နေ့လုံး အန်တတ်တယ်"

သူ့အတွက် ကမ္ဘလာရည်၊ လိုင်ချီးစ်၊ ဟောလစ်နှင့် ကြက်ဥကြော်၊ ပေါင်မုန့်များကို လင်ပန်းကြီးထဲထည့်ပြီး ပြင် ဆင်၍ ယူလာခဲ့သည်။

အခန်းထဲမှ ထွက်လာသည့် သူနှင့် ဧည့်ခန်းအလွန် တွင် ဆုံကြ၏။

"ဩော် စိမ်း"

"ဦးလေးချို ဧည့်ခန်းထဲမှာ ထိုင်မလို့လား"

"ခြံထဲမှာ ပန်းတွေပွင့်နေတာ သိပ်လှတာပဲ စိမ်း၊ ကိုယ်အံ့ဩနေမိတယ်၊ ဒီအိမ်နဲ့ ခြံကို စိမ်းရောက်လာခဲ့တာ ငါးလကျော်ခဲ့ပြီ၊ ဒီကာလအတွင်း အားလုံးပြောင်းလဲသွား ခဲ့တယ်"

"ခြံထဲမှာ ပန်းတွေပွင့်နေတာ ဦးလေးချိုသွားကြည့် ချင်ရင် ခြံထဲဆင်းပါလား"





သူစဉ်းစားနေသည်။

သူက ခြံထဲသို့ မဆင်းဖြစ်တာများသည်။

ဆေးရုံသို့သွားပြီး သွေးသွင်းရသည့်နေ့တွေမှာ ဆိုလျှင် ခြံထဲရောက်သည်နှင့် ကားပေါ်တက်ပြီး ထွက်လာ လေ့ရှိ၏။

အပြန်တွင်လည်း ကားပေါ်မှ ဆင်းပြီးသည်နှင့် အိမ်ပေါ်သို့ တက်သည်။

"ကိုယ်စာဖတ်ရင် ကောင်းမလားလို့"

သူက စာအုပ်တွေနှင့်သာ အချိန်ကုန်နေတတ်ပြီး ခြံထဲ မဆင်းတတ်သောကြောင့် ဇဝေဇဝါစဉ်းစားနေခြင်း ရယ်ပါ။

"တစ်ခါတစ်ရံ အညောင်းအညာပြေ လမ်းလျှောက် ပြီး လေကောင်းလေသန့် ရှူဖို့ စိမ်းတိုက်တွန်းချင်တယ်"

"ကောင်းပြီလေ ကိုယ်ခြံထဲဆင်းမယ်"

ခြံကျယ်ကြီးထဲသို့ နှစ်ယောက်အတူ ဆင်းလာခဲ့ကြ ၏။

နုနုက နောက်မှ စားစရာဘမ်းကို ကူသယ်ပြီး လိုက် လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်းပါဦး တစ်ခြံလုံး အင်္ဂလိပ်နှင်းဆီနဲ့ ဒေါင်းဖလ်ဝါတွေ ပွင့်နေလိုက်တာ၊ ကညွတ်တွေကလဲ အရောင်စုံလိုက်တာဗျာ၊ ရင်ထဲမှာ ကြည်နူးနေတာပဲ"

"ဦးလေချို နံနက်စာစားဖို့ ခဏထိုင်ပါဦး"

မြက်ခင်းစိမ်းစိမ်း အလယ်ရှိ ပလပ်စတစ် ဆက်တီခုံမှာ ဝင်ထိုင်လိုက်ကြသည်။

"သုံးဆောင်ပါဦး"

"စိမ်းကော"

"စားမှာပေါ့"

နံနက်စာနှင့် ညနေစာကို စိမ်းနှင့်အတူ စားလျှင် ပိုဝင်သည်ဆို၍ သူ မပျင်းအောင် သူနှင့်အတူလိုက်၍ စားပေးနေရသည် မဟုတ်ပါလား . .

နံနက်စာ စားပြီး ခြံထဲမှာ လမ်းလျှောက်ဖြစ်ကြသည်။

"ခုလို ခြံထဲဆင်းပြီး လမ်းလျှောက်တော့ စိတ်ထဲမှာ တစ်မျိုးပဲ စိမ်း"

"ဦးလေချို စိတ်လန်းဆန်းနေမှာပေါ့"

"ကိုယ် ခြံထဲဆင်းရတာ ပျော်ပါတယ် စိမ်း၊ မနက်တိုင်း ဆင်းမယ်လေ၊ မိုးမရွာတဲ့နေ့ပေါ့"





စိမ်း ခေါင်းညိတ်ပြီး ကျေးနေမိသည်။

ဦးလေချို တောင်းဆိုမှုကြောင့် ဆရာမအလုပ်ကို စွန့်လွှတ်လိုက်ရ၏။

သူ့ကျန်းမာရေးအတွက် သူ့အနီးမှာပင် ပြုစုနေခဲ့သည်။

ဘာလိုလိုနှင့် ငါးလပြည့်ခဲ့ပြီ။

မိုးရာသီပင် ကုန်ဆုံးတော့မည်။

"ဟေး . . စိမ်း"

"ပြောပါ ဦးလေချို"

"ငိုင်သွားပါလား ဘာတွေစဉ်းစားနေသလဲ"

"ဩော် ရွာကိုလွမ်းသလို ခံစားရလို့ပါ၊ ခုချိန်ဆို ပင်လယ်လှိုင်းတွေ ငြိမ်စပြုနေပြီပေါ့"

"ဒါတွေ မေ့လိုက်ပါ၊ ကိုယ့်အနားမှာ တစ်သက်လုံး နေမယ်ဆို"

စိမ်းဘာမှ ပြန်မပြော၍ သူမျက်မှောင်ကုပ်ပြီး . .

"စိမ်းကို ကိုယ်လက်ထပ်ဖို့ အခါခါပြောပြီးပြီနော်၊ စိမ်းက ခုထိ ခေါင်းမညိတ်သေးဘူး၊ ကိုယ်က ဝေဒနာသည်ဆိုတော့ စိမ်းလက်တွဲဖို့ မဝံ့မရဲဖြစ်နေတာ မလွန်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သညီလိုမဟုတ်ပါဘူး၊ ဦးလေချိုအပေါ်မှာ စိမ်း သံယောဇဉ်မရှိဘဲ စိမ်းဒီမှာသောင်တင်နေပါ့မလား"

"ဒါဆို တစ်သက်လုံးနေဖို့ ဆုံးဖြတ်လိုက်ပါလား စိမ်း"

သူ့မျက်နှာက လန်းဆန်းနုပျိုနေသည် မဟုတ်ပါလား။

ဝ ဝ ဝ





## အခန်း(၄)

"ကိုယ့်ကို လက်ထပ်ပါလို့ ပြောရင် ကိုယ့်ဘက်က တရားပါ့မလားဟင် စိမ်း"

စိမ်းသည် သူနှင့်အတူ နံနက်စာ စားနေရာမှ သူ့ကို အံ့သြစွာ ကြည့်လိုက်မိ၏။

"ဆောရီးပဲ စိမ်း၊ ကိုယ့်စကားတွေဟာ သိပ်ပြီး အဓိပ္ပာယ် မရှိဘူးဆိုတာ ကိုယ်နားလည်ပါတယ်၊ ဒါပေမယ့် မပြောဘဲလဲ မနေနိုင်ပါဘူး"

သူ့ကို သနားကြင်နာခြင်းများစွာဖြင့် ငေးကြည့်နေမိသည်။

"စိမ်း"

"ဦးလေချို"

"ကိုယ့်ကို ဦးလေချိုလို့ ခေါ်မယ့်အစား အခေါ် အဝေါ်တစ်မျိုး ပြောင်းပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ခေါ်ရမှာလဲ"

"ကိုကိုပေါ့"

ရှက်ပြုံးဖြင့် တွေဝေနေသည့် စိမ်းမျက်နှာလေးကို သူက အကဲခတ်ကြည့်နေရာမှ . .

"ကိုယ့်လို မျှော်လင့်ချက်ကုန်ဆုံးနေတဲ့ လူတစ်ယောက်ကို လက်မထပ်နိုင်ပေမယ့် ကိုယ့်အချစ်ကို နားလည်ပေးမယ်ဆိုရင် ကျေနပ်ပါပြီစိမ်း၊ ကိုယ့်ရင်ထဲက အချစ်တွေ စေတနာတွေအားလုံး စိမ်းကို ပေးခဲ့ချင်တယ်"

စိမ်းဘာမှ ပြန်ပြောသံ မကြားရသောအခါ အားမလိုအားမရဖြစ်သွားပြီး စိမ်းမျက်နှာလေးကို ဆွဲမော့လိုက်သည်။

"ဖြေလေစိမ်း၊ ကိုယ့်ကို ချစ်သလားလို့"

စိမ်းရက်တရက်မဖြေ။

ဆို့နင့်ကြေကွဲနေမိ၏။

"ဘာဖြစ်လို့လဲ စိမ်း၊ ကိုယ့်ဘဝက"

"သည်လို မထင်ပါနဲ့ ကိုလေချို"

ပြောရင်း မျက်ရည်တွေ ရစ်ဝဲလာမိ၏။

သူ့အပေါ် ကရုဏာစိတ်ကြောင့် ရစ်ဝဲလာရသည့် မျက်ရည်တွေရယ်ပါ။





"စိမ်း"

"ပြောပါ"

"ကိုယ်တောင်းပန်ပါတယ် ကိုယ့်အပေါ် စေတနာသန့်သန့်နဲ့ ကူညီနေတဲ့ မိန်းကလေးကို ကိုယ်စိတ်အနှောင့်အယှက်မပေးသင့်ဘူး"

"စိမ်းကို စိတ်မဆိုးပါနဲ့"

"စိမ်းကို စိတ်မဆိုးပါဘူး၊ ကိုယ့်ဘဝကိုယ်မေ့နေမိလောက်အောင် စိမ်းကို ချစ်ခဲ့မိတဲ့ ကိုယ့်ကိုသာ ခွင့်လွှတ်ပါ ကိုယ်မှားနေပြီထင်တယ်"

"ကိုကိုမမှားပါဘူး၊ အချစ်ကို မှားတယ်လို့ မပြောပါနဲ့လား ကိုကို၊ အချစ်မှာ မျက်စိမှမရှိတာ ဒါကြောင့် တစ်ချို့က *love is blind* လို့ ပြောခဲ့ကြတာပေါ့၊ ဝေဒနာသည် တစ်ယောက်ရဲ့ ရင်ထဲမှာ အချစ်မရှိဘူးလို့ ဘယ်သူကမှ မတားဆီးနိုင်ပါဘူး ကိုကို၊ ဒါပေမယ့်"

စိမ်းစကားကို ရပ်ထားလိုက်သောကြောင့်

"ဆက်ပြောပါ စိမ်း"

"ကိုကိုကို စိမ်းလက်ထပ်ဖို့ မစဉ်းစားဝံ့ဘူး"

"ဘာဖြစ်လို့လဲ စိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဟာ အလွန်ပြည့်စုံချမ်းသာတဲ့ လူတစ်ယောက်ပါ၊ ကိုကို့မိဘတွေက အမေရိကားမှာ နေထိုင်ကြတယ်ဆိုတာ စိမ်းသိခဲ့ရတယ်၊ မကြာခင်ပြန်ရောက်လာကြပြီး ကိုကို့ကို ကြည့်ကြလိမ့်မယ်၊ စိမ်းကို အပိုင်ကြံတဲ့ မိန်းမလို့ ပြောကြမှာပေါ့"

"ကိုကို့မိဘတွေသည်လောက် မရိုင်းပါဘူး စိမ်း"

"မိုးနဲ့မြေကြီးလို ကွာခြားလှတဲ့ ဘဝနှစ်ခုကို ပေါင်းစပ်ဖို့ဆိုတာ ပတ်ဝန်းကျင် အသိုင်းအဝိုင်း ရှိပါသေးတယ် ကိုကို"

"ကိုကို့မိဘတွေက သဘောတူကြမှာပါ၊ သွေးကင်ဆာကြောင့် ပါးလျပြောင်ရှင်းသွားတဲ့ ကိုယ့်ဆံပင်တွေပြန်နက်ပြီး ထူလာတာကိုမြင်လိုက်ရရင် ဖေဖေနဲ့မေမေသဘောပေါက်ကြမှာပါစိမ်း"

သူ့ရောဂါက အံ့သြစရာ ကောင်းလောက်အောင်ပင် သက်သာလာခဲ့၏။

သွေးသွင်းရသည့် ရက်တွေ စိပ်ရာမှ ကျဲလာရ၏။ မျက်နှာပြင်မှာ သွေးရောင်လွှမ်းလာသည်။

ပြီးတော့ သူ့ကိုကြည့်ရတာ အမြဲလိုလို ရွှင်လန်းတက်ကြွနေတတ်သည်။





"စိမ်း"

သူကစိမ်းထိုင်နေသည့် ကုလားထိုင်လက်တန်းပေါ်မှာ အသာလာထိုင်ပြီး စိမ်းကိုယ်လေးကို ဖွဖွဖက်ထားသည်။

"စိမ်းရဲ့ နှုတ်ခမ်းပြင်လေးကို နမ်းခွင့်ပြုပါလားဟင်"

စိမ်းက အလွယ်တကူ ခွင့်မပြုသောကြောင့် သူသက်ပြင်းရှိုက်လိုက်ပြီး . .

"ချစ်တာ အပြစ်ရှိလား စိမ်း"

"အို စိမ်းမသိဘူး"

"ကိုယ်ဟာ သေမင်းကို စောင့်နေရတဲ့ လူတစ်ယောက်ပါ၊ စိမ်းအချစ်ကို မရနိုင်ပေမယ့် စိမ်းကိုချစ်တာတော့ သိစေချင်တယ်"

စိမ်း တိတ်ဆိတ်ငြိမ်သက်နေသည်။

"ကိုယ့်ကို အထင်မလွဲပါနဲ့ စိမ်း"

စိမ်းမျက်နှာလေးကို လက်နှစ်ဘက်ဖြင့် ပင့်ပြီး သူမချိတင်ကဲ စိုက်ကြည့်နေသည်။

"သေခြင်း တရားက အဝေးကြီးမှာပါ ကိုကို၊ သေခြင်းတရားရောက်မလာခင် မသေချင်ပါနဲ့၊ သေမင်းကိုစောင့်နေရတဲ့ လူဆိုတဲ့ စကားမျိုး စိမ်းကိုမပြောပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အရှုံးတစ်ယောက်လို စိမ်းအော်ပစ်လိုက်မိ၏။

"ကိုယ့်ကို တစ်ယောက်တည်း ထားမသွားပါနဲ့ အချစ်ရယ်"

"ဘယ်တော့မှ ခွဲမထားခဲ့ဘူး စိတ်ချ"

"စိမ်းအတွက် ကိုယ်အသက်ရှင် နေခဲ့တာပါ"

"စိမ်းနားလည်ပါတယ် ကိုကို၊ စိတ်တန်ခိုးဆိုတာ ဆန်းကျယ်ပါတယ်ကိုကို၊ စိတ်ကြောင့် ကိုကိုနေကောင်းလာခဲ့ပြီပဲ နောင်အမြဲ ကျန်းမာလာမှာပါ"

"ကိုယ့်ကို အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် စိမ်း"

"ကဲ ဆင်းဒဝစ်ချ်လေးစားပြီး လက်ဖက်ရည်ပူပူလေးသောက်လိုက်ပါဦး"

သူစိတ်မပါသလို စားသောက်နေတာကြည့်ပြီး . .

"ဂရုတစိုက် စားသောက်မှပေါ့ကိုကိုရဲ့ ကျန်းမာစပြုလာပြီဆိုပြီး အစားအသောက်ကို ဂရုမစိုက်ရင် အားအင်တွေ လျော့ပါးလာမယ်"

ထိုစဉ် မိုးဖွဲဖွဲရွာလာသောကြောင့် . .

"မိုးရွာလာပြီ ကိုကို၊ အိမ်ထဲဝင်ကြပါစို့"





"ဟင့်အင်း မိုးရေထဲမှာ နေရတာ ကိုယ်သိပ်ပျော်နေမိပြီ၊ ဒီမှာပဲ တစ်နေ့လုံး ထိုင်နေမယ်"

ကလေးတစ်ယောက်လို သူပြောနေသည်။

"ကိုကိုကလေးတစ်ယောက်လို မဆိုးချင်စမ်းပါနဲ့ ပြောမရရင် စိမ်းပြန်တော့မယ်"

"အမယ်လေး မလုပ်လိုက်ပါနဲ့ ဗျာ၊ စိမ်းမငြိုငြင်အောင် စိမ်းပြောသမျှ နားထောင်မယ့်သူပါ စိမ်းရယ်"

"စိမ်း စေတနာတွေကို ဥပေက္ခာပြုခဲ့ရင် စိမ်း ထွက်သွားတော့မယ်"

"တကယ်လား စိမ်း"

သူက ထိုင်ရာမှထရပ်ပြီး စိမ်းပခုံးကို သိုင်းဖက်လျက် နဖူးပြင်ထက်ရှိ ဆံနွယ်စလေးတွေကို အသာငုံ့နမ်းလိုက်သည်။

"ဟန်ဆောင်မနေပါနဲ့တော့ အချစ်ရယ်"

စိမ်းက သူ့လက်မောင်းတစ်ဘက်ကို ဆုပ်ကိုင်ပြီး အိမ်ကြီးရှိရာသို့ ခေါ်လာခဲ့၏။

အိမ်ကြီးထဲရောက်တော့ သူက စိမ်းလက်မောင်းတစ်ဘက်ကို ဆုပ်ကိုင်ထားလျက် . .



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချစ်တယ် စိမ်း၊ စိမ်းကို ချစ်တဲ့စိတ်နဲ့ ကိုယ်အသက်ရှင်နေဦးမယ်လို့ ယုံကြည်နေမိတယ်"

"ကိုကို့ဘဝ ထာဝရ ရှင်သန်ပါစေ"

စိမ်းကိုးတိုးလေး ပြောလိုက်မိသည်။

o o o





အခန်း(၅)

ကိုလေချို

ကိုလေချို . .

သူ့ကို စိမ်းနု သိပ်သံယောဇဉ်တွယ်တာနေမိခဲ့ပြီ။

တကယ်တော့ ငါ့သံယောဇဉ်တွေဟာ သနားကြင်နာမှုကနေ ပေါက်ဖွားလာခဲ့ရတာပါလား . .

သနားခြင်းဆိုတာ ချစ်ခြင်းရဲ့အစပဲလေ . .

သူ့ကို စိမ်းနု ချစ်ခဲ့ တွယ်တာမြတ်နိုးခဲ့မိပြီ . .

သူဟာ စိမ်းနုဘဝမှာ မရှိရင် မဖြစ်တော့လောက်အောင် . . သူ့အပေါ် သံယောဇဉ် ရစ်ပတ်နှောင်ဖွဲ့မိပြီ။

နီးစပ်မှုဆိုတာ သံယောဇဉ်ရဲ့အစတဲ့ . .

သူ့အပေါ် သံယောဇဉ်တွယ်တာခဲ့ပြီးမှ သေကွဲ ကွဲကြရမယ်ဆိုရင် . .



www.burmeseclassic.com

www.burmeseclassic.com



အို သူမသေရဘူး . . မသေရဘူး . .

အရူးတစ်ယောက်လို စိမ်းနု အော်ဟစ်နေမိသည်။

အတော်ညဉ့်နက်သည်အထိ အိပ်မပျော်သောကြောင့် သူ့အခန်းသို့ လာခဲ့မိ၏။

သူတစ်ယောက်တည်း နေမကောင်းဖြစ်နေမလား ဟု စိုးရိမ်ပူပန်စိတ်ဖြင့် လာခဲ့မိခြင်းပါ။

သို့သော် သူကနှစ်ခြိုက်စွာ အိပ်ပျော်နေလေသည်။

သူမပိတ်ရသေးသည့် အဲကွန်းခလုတ်ကို စိမ်းပိတ်လိုက်သည်။

သူ့စားပွဲအံဆွဲပွင့်နေသောကြောင့် အံဆွဲအနီးလျှောက်လာခဲ့ပြီး အံဆွဲကို ဆွဲပိတ်ပေးလိုက်သည်။

စားပွဲပေါ်မှ ဒိုင်ယာရီစာအုပ်က ဖွင့်ထားလျက်မို့ငုံ့ကြည့်လိုက်တော့ မှင်နီဖြင့် စားလုံးခပ်ကြီးကြီးတွေ ရေးထားတာ တွေ့လိုက်ရသည်။

အချစ်ဆိုတဲ့အရာက သေခြင်းတရားကို ဟန့်တားနေခဲ့တယ် အံ့သြစရာပါပဲ . .

ကိုယ့်ဘဝမှာ စိမ်းသာမရှိတော့ရင် ကိုယ်ဟာ သေခြင်းတရားနောက် ကောက်ကောက်ပါသွားတော့မှာ အသေအချာပါပဲ . .





စာကြောင်းလေးတွေ ဖတ်ကြည့်ပြီး ရင်ထဲမှာ နင့်နေမိသည်။

"ဪ ကိုလေးချစ်ရယ်" ဟု တိုးတိုးလေးညည်းမိသည်။

သူ့အိပ်ခန်းထဲမှ ဘယ်လီဖုန်းလေးဖြင့် မိညိုကို ကော်ဖီတစ်ခွက်ဖျော်လာရန် လှမ်းပြောလိုက်သည်။

ကော်ဖီပန်းကန် ရောက်လာတော့ ကော်ဖီသောက်ရင်း သူ့ကို စောင့်ကြည့်နေမိသည်။

ဘာပဲဖြစ်ဖြစ် သူ့ကို ပြုစုစောင့်ရှောက်ခွင့် ရခဲ့သည့် အဖြစ်ကိုပင် ကျေနပ်နေမိသည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

လေချို့မိဘတွေ နိုင်ငံခြားမှ ပြန်ရောက်လာကြသည်။

မော်လမြိုင်တောင်ဝိုင်းရှိ ခြံကျယ်ကြီးထဲသို့ လိုက်လာခဲ့ကြသည်။

သားဖြစ်သူကို မြင်တော့ အံ့သြဝမ်းသာနေကြသည်။

"ဖေဖေ . . မေမေ ကျွန်တော်ကျန်းမာလာအောင် ပြုစုကူညီခဲ့တဲ့ ကျွန်တော့်ရဲ့ စိမ်းနုပါ"

စိမ်းနုနှင့် မိတ်ဆက်ပေးသည်။

သူ့ဖခင်သည် အမေရိကားတွင် သွားရောက်နေထိုင်ခဲ့တာ ကြာပြီမို့ အနောက်တိုင်းဆန်သူဖြစ်၏။

သူ့ကိုယ်ရေးကိုယ်တာကို သိပ်ဝင်မစွက်ပေ။ မိခင်ကတော့ စပ်စပ်စုစုနိုင်လှသူပင်။





"စိမ်းနုတဲ့လား . . ဒီနာမည်လေးကြားဖူးသလိုပဲ၊ အရင်က ကျောင်းဆရာမနော် သားပြောပြတဲ့ စကားအရ ဆရာမအလုပ်ကိုတောင် စွန့်လွှတ်ပြီး သားအနားမှာ မညည်းမညူပြုစု ကူညီခဲ့တာဆိုတော့ ချီးကျူးပါတယ်"

သူ့မိခင် လွန်လွန်ကဲကဲ ဝေဖန်မှာ သူ စိုးရိမ်နေပုံရသည်။

"ကဲစိမ်း အနားယူပါဦး၊ ဖေဖေနဲ့မေမေကို ကျွန်တော် ရင်ဖွင့်စရာတွေရှိနေတယ်"

စိမ်းနုသည် အလိုက်သိစွာဖြင့် သူတို့သုံးဦးအနီးမှ ထွက်လာခဲ့သည်။

သူ့မိခင်မျက်နှာထားက သိပ်လိုလိုလားလား မရှိကြောင်း ပေါ်လွင်နေသဖြင့် သက်ပြင်းရှိုက်နေမိသည်။

စိမ်းနုအနားမှ ထွက်သွားသောအခါ လေချို ရင်ဖွင့်ပြောပြတော့၏။

"ကျွန်တော့် ဘဝဟာ စိမ်းပါပဲ ဖေဖေနဲ့မေမေ၊ စိမ်း မရှိရင် ကျွန်တော်အသက်မရှင်နိုင်တော့ပါဘူး၊ သူ့ကို ကျွန်တော်သိပ်တွယ်တာပါတယ်"

မိခင်က မျက်နှာတင်းသွားသော်လည်း ရွှေဝါ



www.burmeseclassic.com

www.burmeseclassic.com



သည် တစ်ဦးမို့ စိတ်အနှောင့်အယှက်ဖြစ်စေမည့် စကားမျိုးကို မပြောပေ။

ဖခင်က ခပ်ပြုံးပြုံးပြောသည်။

"ငါ့သား ရောဂါဖြစ်ပြီး တစ်နှစ်အကြာမှ ဖေဖေ ပြန်ရောက်လာတော့ သားကို ကြည့်ပြီးအတော်စိတ်ခါတ်ကျခဲ့မိတယ်သား၊ ဆံပင်တွေအားလုံးကျွတ်ပြီး ကင်ဆာရောဂါကို အလူးအလဲခံစားနေရတာကို မြင်ရတော့ ကယ်မယ့်သူ တစ်ဦးတစ်ယောက် ပေါ်ပေါက်လာပါစေလို့ ဆုတောင်းမိတယ်"

သူ့ဖခင် ဦးမြင့်မြတ်သည် စိတ်သဘောထားပြည့်ဝသူ ပီပီ သူ့ရင်ထဲက ဆန္ဒကို ထုတ်ဖော်ပြောပြနေ၏။ မိခင်ဖြစ်သူ ဒေါ်သစ္စာက ငြိမ်နေသည်။

"ခုလို ကယ်တင်မယ့်သူ ပေါ်လာတော့ သိပ်ဝမ်းသာမိတယ်သား၊ ခုဆို မင်းရဲ့ ဆံပင်တွေ ထူထဲနက်မှောင်လာပြီ၊ မျက်ခုံးတွေလဲ ထူထဲနက်မှောင်နေပြီလေ၊ မင်းရဲ့ ဖြူရော်နေတဲ့ မျက်နှာနဲ့ နှုတ်ခမ်းမှာ သွေးရောင်လွှမ်းနေခဲ့ပြီ၊ ဒါကြောင့် သည်မိန်းကလေးဟာ ငါ့သားရဲ့ အသက်သခင်ကျေးဇူးရှင်ပဲသား၊ သူ့ကို အမြန်ဆုံးလက်ထပ်လိုက်ပါ"





ဖခင်စကားကြောင့် အံ့သြဝမ်းသာခြင်း ပီတိတွေ သူ့မျက်နှာတစ်ခုလုံး ပြည့်လျှံသွားပါတော့သည်။

"မေမေကော သဘောတူသလားဟင်"

"သဘောတူတယ်သား"

မိခင်ဖြစ်သူကလည်း အတွေးမှန်ကန်သူရယ်ပါ။

သေမင်းလက်မှ လွတ်အံ့ဆဲဆဲ သားဖြစ်သူ စိတ်ချမ်းသာပျော်ရွှင်ရေးသာ အဓိကမဟုတ်ပါလား . .

"ကျွန်တော်သိပ်ဝမ်းသာတယ် ဖေဖေ မေမေ စိမ်းကို ကျွန်တော်ပြောပြလိုက်မယ်နော်"

သားဖြစ်သူ ဝမ်းမြောက်ပျော်ရွှင်နေပုံကို ကြည့်ပြီး မိဘနှစ်ဦးဝမ်းသာနေကြ၏။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

သူနှင့်လက်ပွန်းတတီး ရင်းနှီးစွာ နေထိုင်ခဲ့ကြရသည့် ရက်တွေကြာလာသည်နှင့်အမျှ သူ့အပေါ် ယုံကြည်လေးစားမှုတွေ ပိုလာခဲ့မိ၏။

စိမ်းကို မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် သူအချစ်ကြီးချစ်ခဲ့သလို စိမ်းကလည်း သူ့ကို စိတ်မချနိုင်သဖြင့် သူ့အနီးမှာ အမြဲလိုလို ရှိနေခဲ့တတ်၏။

စိမ်းကိုနမ်းတိုင်း နဖူးပြင်လေးကိုသာ နမ်းတတ်သည်မို့ သူ့အချစ်ကို လေးစားတန်ဖိုးထားမိသည်။

လက်ထပ်မည့် ကိစ္စစိမ်းဘက်မှ ခေါင်းမညိတ်သေးသဖြင့် သူ့မိဘများ မစောင့်နိုင်တော့ဘဲ နိုင်ငံခြားသို့ ပြန်သွားကြသည်။





သူသည် စိမ်းနှင့်အတူ ပျော်ရွှင်ကြည်လင်နေလေသည်။

သည်လိုနှင့် နွေရာသီသို့ ရောက်လာခဲ့သည်။

သကြိန်ကျကာနီး ရက်တစ်ရက်တွင် စိမ်းအိပ်ရာမှ နိုးနိုးချင်း စိမ်း ခေါင်းရင်းစားပွဲပုလေးပေါ်မှ တယ်လီဖုန်းမြည်လာသည်။

အိမ်ထဲတွင် ပြောရန် ဆက်သွယ်ထားသည့် ဖုန်းဖြစ်သောကြောင့် သူ့ထံမှ တစ်ခုခုအရေးတကြီးပြောမည်အထင်ဖြင့် စိမ်းဖုန်းခွက်ကို ကောက်ကိုင်လိုက်၏။

"ဟဲလို"

"စိမ်းနိုးပြီလား"

"နိုးပါပြီ မောနင်းကိုကို၊ နေကောင်းသလားဟင်"

"အိုကေပါတယ် စိမ်း"

"ဘာပြောမလို့လဲ"

"ဩော် စိမ်း ဒီကနေ့မနက် အလှပြင်ပြီးမှ ခြံထဲဆင်းလာဖို့ ပြောချင်လို့ပါ ကိုယ်စောင့်နေမယ်"

"ရှင်"

"စိမ်းအလှပြင်ပြီး ခြံထဲဆင်းခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီလေ"

စိမ်း အံ့ဩရင်း သူပြောသည့်အတိုင်း လှလှပပ ပြင်ဆင်ဝတ်စားနေမိ၏။

ရွှေအိုရောင် ထဘီပျော့ပျော့မှိုင်းမှိုင်း၊ စကားဝါရောင် အင်္ကျီလက် တို ဝတ်ဆင်လိုက်ပြီး မျက်နှာပေါ်တွင် သနပ်ခါးပါးကွက်လေးများနှင့် ချစ်စရာလှပနေလေသည်။

နက်မှောင်သော ဆံပင်များကို ကျစ်ဆံမြီး ကျစ်ပြီး ဝိုက်၍ထုံးထားသည်။

စိမ်း၏ အချိုးကျလှပသော ကိုယ်လုံးနှင့် ချပ်ရပ်သော ခါးအလှများကြောင့် မြန်မာဝတ်စုံနှင့် ပို၍ လိုက်ဖက်လှ၏။

မှန်ရှေ့တွင် ရပ်နေရာမှ ကျောခိုင်းလိုက်ပြီး အိမ်ကြီးပေါ်မှ ဆင်းလာခဲ့သည်။

သူ့ကိုမြင်တော့ စိမ်းအံ့ဩသွားမိ၏။

"ဟင် ကိုကို"

သူ့လက်ထဲမှာ ပိတောက်ပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့် မဟုတ်ပါလား . .

"ဒီနေ့ ပိတောက်တွေ ပွင့်တယ်စိမ်း၊ စိမ်းပန်ဖို့





ပိတောက်ပန်းတွေ ကိုယ်ကိုယ်တိုင် တံချူနဲ့ ခူးလာခဲ့တာပါ"

သူ့အသံက တက်ကြွလန်းဆန်းပြီး အနည်းငယ်တုန်နေသည်။

"ဘယ်အချိန်ကတည်းက ခြံထဲဆင်းလာတာလဲဟင်၊ စိမ်းအိပ်ရာထနောက်ကျသွားတယ်"

"စောစောကပါ"

"ကိုကို ခူးပေးတဲ့ပန်းတွေ စိမ်းပန်လိုက်မယ်နော်"

"ကိုယ်တိုင် ပန်ပေးချင်တယ်"

သူက စိမ်း၏ ဆံကေသာတွင် ပိတောက်ခက်များ ပန်ပေးပြီး စိမ်းကို မျက်တောင်မခတ်ငေးကြည့်နေသည်မို့

"ဘာဖြစ်လို့ သည်လောက် ကြည့်နေရတာလဲ ကိုကို"

"စိမ်းပြင်ဆင်ထားတာလှလို့ပါ"

မြန်မာဆန်ဆန်လှပနေသည့် စိမ်းအလှကား ကြည့်မဝအောင် ဖြစ်ရသည်။

"ခဏလေးနော် စိမ်း၊ ကိုယ်ကင်မရာသွားယူဦးမယ် စိမ်းကို ဓာတ်ပုံရိုက်ပေးချင်လို့"

"စိမ်းသွားယူပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"နေ . . နေကိုယ်သွားယူမယ် ခဏကြာမယ် ဟုတ်လား"

သူအိမ်ကြီးထဲ ပြန်ဝင်သွားသည်။

စိမ်းသည် ပိတောက်ပင်ကြီးအောက်ရှိ ဒန်းကလေးပေါ်ထိုင်ပြီး သူ့ကို စောင့်နေသည်။

ထိုစဉ် . .

ပိတောက်ပင်နောက်မှ လူတစ်ယောက်ထွက်လာသည်။

"စိမ်းနု"

"ဟင် . . . ရှင်"

စိမ်းနု တစ်ကိုယ်လုံး ထူထူပူပူဖြစ်ပြီး အံ့ဩနေမိသည်။

"ဟုတ်တယ် မောင်ပါပဲ စိမ်းနု . . စိမ်းနု မှတ်မိတယ် မဟုတ်လား"

သူ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် အံ့ဩမယုံနိုင်လောက်အောင် တုန်လှုပ်ချောက်ချားနေမိခြင်းရယ်ပါ။

"စိမ်းနုရယ် . . မောင်ကတော့ စိမ်းနုကို တစ်နေ့





တွေ့ရနိုးနဲ့ ရှာလိုက်ရတာ . . မင်းကတော့ ဒီမှာလာပြီး အချစ်ကဗျာတွေ ရေးနေတာကိုး"

"တိုးတိုးပြောပါရှင့်"

စိမ်းနုတားဆီးလိုက်သည်။

"မောင့်ကို မင်းကမေ့ထားနိုင်ပေမယ့် မောင်ကတော့ နေ့ရှိသရွေ့ အမြဲတမ်းတနေမိတယ်၊ ရှာခဲ့မိတယ် စိမ်းနု ယုံပါနော်"

စိမ်းနု ဘာလုပ်ရမှန်းမသိ။

သူခြံထဲပြန်ရောက်လာလျှင် မိုးချို(သို့) မောင်နှင့် တွေ့ကြပေတော့မည်။

"ရှင် အခုထွက်သွားပါ၊ စိမ်းနုကို ရှင်မရှာပါနဲ့တော့ ကိုမိုးချို"

"စိမ်းနုက သိပ်မေ့ပစ်လွယ်တာကိုး၊ ကိုယ်က စိမ်းနုလို အသည်းမမာဘူးကွ နားလည်လား"

"ရှင်နဲ့ ကျွန်မဘာမှ မပတ်သက်တော့တာကြာခဲ့ပါပြီ၊ ဘာဖြစ်လို့ လာနှောင့်ယှက်နေရတာလဲ"

စိမ်းနု ဒေါသဖြင့်ပြောလိုက်သည်။

"မောင့်နဲ့ ပြန်ဆုံတွေ့ရတဲ့ ခုလိုအချိန်မျိုးမှာ စိမ်းနု



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ပြတ်သားလိမ့်မယ်လို့ မထင်ခဲ့မိဘူး စိမ်းနု၊ ခု တော့ မင်းက မောင်ထင်တာထက်တောင် စိမ်းကားနေပါ လား၊ ဪ ဘဝသစ်စနေပြီကိုး၊ ငါကတော့ အသည်းဒဏ် ရာကြီးနဲ့"

သူအသည်းကွဲနေသည့် အသံဖြင့် အော်ပြောနေ သောကြောင့် စိမ်းနုဘာလုပ်ရမှန်းမသိဘဲ ချာခနဲ လှည့်ထွက် ခဲ့သည်။

"စိမ်းနု စိမ်းနု ခဏနေပါဦး"

"ရှင်ပြန်ပါတော့၊ ရှင်နဲ့ စကားကြာကြာပြောနေရင် တခြားလူတွေ အထင်လွဲကုန်မယ်ရှင့်"

စိမ်းနုအသံက စိုးရိမ်စိတ်ဖြင့် တုန်ရင်နေသည်။

"ဘာလဲ ကိုလေချို အထင်လွဲမှာစိုးလို့လား၊ သူ့ကို ကိုယ်လာတွေ့တာပဲ စိမ်းနု"

"ဘာ"

သူ့စကားကြောင့် စိမ်းနုအံ့သြထိတ်လန့်သွား၏။

"ဟုတ်တယ် သူ့မော်လမြိုင်ရောက်နေခဲ့တာ ကြာ ပြီမဟုတ်လား ကိုလေချိုက ကိုယ့်အစ်ကိုတစ်ဝမ်းကွဲလေ၊ သူ့မိဘတွေ နိုင်ငံခြားပြန်ထွက်ကာနီး မှာသွားလို့ လာတွေ့





တာ၊ စိမ်းနုနဲ့ ကိုလေချိုအကြောင်း ကိုယ်အားလုံးသိပြီး ပါပြီ"

"ဒါဖြင့် ဘာလို့ရောက်လာရသေးလဲ၊ ရှင်မလာသင့် ဘူး၊ ရှင်အနှောင့်အယှက်မပေးသင့်ဘူး"

စိမ်းနုပြောပြီး မျက်နှာလွှဲပစ်လိုက်သည်။

"မောင်က စိမ်းနုကို အလျှင်ချစ်ခဲ့ရတဲ့ သူပါ စိမ်းနု၊ မောင့်မေမေကြောင့် မောင်ကိုသစ်စိမ်းချိုး ချိုးသွားတာတော့ ဘယ်ကောင်းမလဲ"

"ဒါတွေ ကျွန်မမသိချင် မကြားချင်တော့ဘူး၊ ဒီမှာ ရှင်သိထားဖို့က ဦးလေချို ဟာ ဝေဒနာသည်တစ်ယောက် ပါ၊ သူ့အပေါ် ရှင်စာနာသင့်တယ်"

"မောင့်အတွက်ကော ဘယ်သူစာနာမှာလဲ စိမ်းနု၊ မောင့်ရင်ထဲက အကြောင်းတွေကို စိမ်းနုနားလည်လို့လား၊ စိမ်းနုခြေရာ ပျောက်သွားကာစရက်တွေမှာ မောင်အိပ်ရာထဲ ဘုံးဘုံးလဲခဲ့ရတယ်"

အရူးတစ်ယောက်လို ပြောနေသည့် သူ့ကို စိမ်းနု ငေးကြည့်နေရာမှ . .



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ ကိုလေချိုလာနေပြီ၊ ရှင့်ကို စိမ်းနုတောင်း ပန်ပါတယ်၊ ရှင် ဘာမှထပ်မပြောပါနဲ့တော့"

"ဟင် ညှော်သည်ရောက်နေတာကိုး"

"ခုနကပဲ ရောက်လာပါတယ် ကိုကိုလေချို၊ ကိုကို့ကို ကျွန်တော်လာမကြည့်ဖြစ်တဲ့အတွက် ခွင့်လွှတ်ပါ"

"အခုကော ဘာစိတ်ကူးပေါက်ပြီး ရောက်လာတာလဲ မိုးချို"

"အန်ကယ်ဦးမြင့်မြတ်နဲ့ အန်တီဒေါ်သစ္စာက တကူးတကမှာခဲ့လို့ အားပေးဖို့ ရောက်လာတာပါ၊ ကိုကိုသက်သာနေပြီထင်တယ်"

လန်းလန်းဆန်းဆန်းဖြစ်နေသည့် သူ့ကိုကြည့်ပြီး မိုးချိုပြောလိုက်သည်။

"အတော်လေး သက်သာလာပြီဆိုရမှာပေါ့ကွာ"

"ဝမ်းသာပါတယ် ကိုကို၊ ပြုစုတဲ့ သူနာပြုဆရာမကြောင့် ကိုကိုကျန်းမာရွှင်လန်းလာတာ ထင်ပါရဲ့"

အရွန်းဖောက်၍ ပြောနေသည်အထင်ဖြင့် လေချိုခမြာ ခေါင်းတညိတ်ညိတ်နှင့် ရယ်မောနေမိသော်လည်း မိုးချိုက တစ်စက်မှ မရယ်ပေ။





သူ့အကြည့်တွေက စိမ်းနုသည်မဟုတ်ပါလား။

"မင်းရောက်လာတော့လဲ မိတ်ဆက်ပေးရဦး မယ်၊ ဒါကိုကို့ စိမ်းနုလေ၊ ကိုကို့အနီးကပ် နာ့စ်ဆိုရင်လဲ မမှားဘူး"

စိမ်းနုက ခေါင်းငုံ့ထားသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာမ"

သူ့အရွဲ့တိုက်ပြီး ပြောနေမှန်း စိမ်းနု နားလည်ပါသည်။

"ကိုကို စိမ်းနုအိမ်ပေါ်တက်တော့မယ် ကိုကို့အတွက် နေ့လည်စာပြင်ဆင်ရဦးမယ်"

နှစ်ယောက်ကြား ဗျာများပြီး မနေတတ်၊ မထိုင်တတ်ဖြစ်နေရမည့်အစား ရှောင်နေတာကမှ စိတ်သက်သာရာ ရဦးမည်မို့ စိမ်းနုလှည့်ထွက်လာခဲ့သည်။

လေချိုသည် ဒန်းကလေးပေါ်တွင် သူတင်ထားခဲ့သည့် ကက်စက်သေးသေးလေးကို လှမ်းယူပြီး ပွင့်နေသည့် 'ပလေး'ခလုတ်လေးကို ပိတ်လိုက်၏။

ပန်းခူးနေစဉ်က သူအမှတ်တမဲ့ နှိပ်ခဲ့မိသည့် 'ပလေး'ခလုတ်လေးကို ယခုမှပင် သူပြန်ပိတ်လိုက်မိခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"လာ မိုးချို၊ အေးအေးဆေးဆေးမှ ပြန်မယ်မဟုတ်လား"

မိုးချိုပခုံးကို တရင်းတနှီးဖက်ပြီး အိမ်ကြီးပေါ်သို့ ခေါ်ဆောင်လာခဲ့လေသည်။

၀ ၀ ၀





အခန်း(၈)

လေချိုပြင်းပြင်းထန်ထန် ခံစားလိုက်ရသည်။

စိမ်းနုနှင့် ချစ်ခဲ့ဖူးသူသည် သူ့ညီတစ်ဝမ်းကွဲမိုးချိုဖြစ်နေသည် မဟုတ်ပါလား . .

သဝန်တိုခြင်း၊ မနာလိုခြင်းတွေက သူ့ရင်နှင့်မမျှလောက်အောင် ပြည့်လျှံနေတော့၏။

သည်ကနေ့ စိမ်းနုတစ်ယောက်မျက်စိမျက်နှာပျက်နေသလို ဧည့်သည်ကိုမိုးချိုတစ်ယောက်လည်း မျက်နှာမကောင်း။

စိမ်းနုသူ့အခန်းထဲလာပြီး စကားမပြောဖြစ်သလိုဆေးလည်းမတိုက်ဖြစ်ခဲ့ပေ။

အမှန်က မိုးချိုနှင့် မျက်နှာချင်းမဆိုင်ချင်သောကြောင့် စိမ်းနုအခန်းအောင်းနေခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနု သူ့အနီးရောက်မလာသဖြင့် လေချို့ရင်ထဲမှာ ဟာနေမိသည်။

ညနေက ထမင်းပွဲမှာ တွေ့ခဲ့ရတဲ့ စိမ်းနုအမူအရာတွေက တစ်မျိုးကြီးပဲ . .

မိုးချိုရောက်လာတာနဲ့ ဒီလောက်မှုပျက်နေတာ တစ်မျိုးပါလား . .

မိုးချိုနဲ့ စိမ်းနုသိကျွမ်းခဲ့ဖူးကြသလိုပဲ။

မိုးချိုလည်း မျက်နှာမကောင်းလှဘူး . .

မိုးချိုကို အိမ်အပေါ်ထပ်တွင် တည်းခိုရန် နေရာချပေးစေခဲ့၏။

မိုးချိုအိပ်ရာဝင်ရန် ထွက်သွားသောအခါ သူတစ်ယောက်တည်း ပျင်းပျင်းရှိသည်နှင့် ကက်စက်လေးကို ဟိုနှိပ်၊ သည်နှိပ်လုပ်နေမိသည်။

ဒါက သူနေ့စဉ် လုပ်နေကျပါ။

ဤကက်စက်လေးတစ်လုံးကို ဖွင့်လိုက်၊ ပိတ်လိုက်နားထောင်လိုက်ဖြင့် သူတစ်နေ့လုံး ကလိနေတတ်သည်။

ယခုလည်း ဟိုနှိပ်၊ သည်နှိပ် လုပ်နေရာမှ အသံတချို့ထွက်ပေါ်လာတာကို ကြားလိုက်ရသည်။





ကက်စက်က အကောင်းစား တန်ဖိုးကြီးကြီးမို့ မိုးချိုနှင့် စိမ်းနုတို့ အသံတွေကို အော်တိုမက်တစ် ဖမ်းမိထားသည်။

စိမ်းနုရယ် မောင်ကတော့ စိမ်းနုကို တစ်နေ့တွေ့ရနိုးနဲ့ ရှာလိုက်ရတာ၊ မင်းကတော့ ဒီမှာလာပြီး အချစ်ကဗျာတွေ ရေးနေတာကိုး . . .

မောင့်ကို မင်းကမေ့ထားနိုင်ပေမယ့် မောင်ကတော့ နေ့ရှိသရွေ့ အမြဲတမ်းတနေမိတယ်၊ ရှာခဲ့မိတယ် စိမ်းနု ယုံပါနော် . . .

ရှင် အခုထွက်သွားပါ၊ စိမ်းနုကို ရှင်မရှာပါနဲ့တော့ ကိုမိုးချို . . .

စိမ်းနုက သိပ်မေ့ပစ်လွယ်တာကိုး၊ ကိုယ်က စိမ်းနုလို အသည်းမမာဘူးကွ နားလည်လား . . .

ရှင်နဲ့ ကျွန်မဘာမှ မပတ်သက်တော့တာကြာခဲ့ပါပြီ၊ ဘာဖြစ်လို့ လာနှောင့်ယှက်နေရတာလဲ . . .

မောင်နဲ့ ပြန်ဆုံတွေ့ရတဲ့ ခုလိုအချိန်မျိုးမှာ စိမ်းနု ဒီလောက်ပြတ်သားလိမ့်မယ်လို့ မထင်ခဲ့မိဘူး စိမ်းနု၊ ခုတော့ မင်းက မောင်ထင်တာထက်တောင် စိမ်းကားနေပါ



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဩော် ဘဝသစ်စနေပြီကိုး၊ ငါကတော့ အသည်းဒဏ်ရာကြီးနဲ့ . . .

ဒါတွေ ကျွန်မမသိချင် မကြားချင်တော့ဘူး၊ ဒီမှာ ရှင်သိထားဖို့က ဦးလေချို ဟာ ဝေဒနာသည်တစ်ယောက်ပါ၊ သူ့အပေါ် ရှင်စာနာသင့်တယ် . . .

ဆက်လက်နားထောင်နိုင်စွမ်း မရှိတော့သလို ကက်စက်ခလုတ်လေးကို သူပိတ်ပစ်လိုက်သည်။

ကိုယ့်အတွက် အမြဲတမ်းစာနာပေးခဲ့တဲ့ အကြင်နာသခင်မလေးရယ် . . မင်းလေးကို ကိုယ်အမြဲတမ်း လေးစားနေမှာပါ . .

တကယ်တော့ မင်းနဲ့ မိုးချိုဟာ သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူတွေပါလား၊ ကိုယ့်ပယောဂကြောင့် မိုးချိုကို မင်းမုန်းသွားခဲ့တာပေါ့နော်၊ ကိုယ်ဟာ မင်းတို့နှစ်ဦးကြားက တံတိုင်းကြီး တစ်ခုလို အနှောင့်အယှက် အဖျက်အဆီးကြီး တစ်ခုပါပဲ စိမ်းရယ် . . သည်အတွက်ကိုယ်စိတ်မကောင်းပါဘူး . .

စိမ်းအရွယ်ဟာ နုနယ်သေးတယ် . . ကိုယ့်လို ဝေဒနာသည်တစ်ယောက်အတွက် အချိန်တွေမဖြုန်းနေသင့်ဘူး၊ စိမ်းချစ်တဲ့သူနဲ့ ဘဝခရီးကိုအတူဖြတ်သန်းကြဖို့





အချိန်တွေရှိပါသေးတယ် စိမ်း . . ၊ ခုတော့ ကိုယ့်အတွက် စိမ်းဘဝခြောက်သွေ့နေရတာ ကိုယ်စာနာမိပါပြီ၊ စိမ်းနုနဲ့ ဝေးရာကို သွားပါတော့မယ် စိမ်းနုရယ် . .

ကိုယ့်ကို လက်ထပ်ဖို့ဘယ်တော့မှ ခေါင်းမညိတ်ခဲ့ဘူး မဟုတ်လား . . ဒါတွေအားလုံးကိုယ်သဘောပေါက်နားလည်ခဲ့ရပြီ . . စိမ်းကို အမြဲတမ်းမျှော်လင့်စောင့်ကြိုနေမယ့် ရှင်သန်တဲ့အချစ်တစ်ခုဟာ စိမ်းရင်ထဲမှာ အစဉ်ထာဝရတည်ရှိနေလို့ပေါ့ . .

သူ့ရင်ထဲမှာ မခံမရပ်နိုင်ဖြစ်လာပြီး အန်ချင်လာသောကြောင့် ခုတင်ခြေရင်းဘေစင် အနီးလျှောက်လာခဲ့သည်။

သူအန်နေစဉ် အခန်းထဲသို့ စိမ်းနုပြေးဝင်လာ၏။

"ကိုကို သိပ်အန်နေသလား"

သူ့ကျောပြင်ကို ဖိပေးပြီး ကြင်နာစွာ မေးနေသည်။

သူအားရအောင် အန်နေသည်။ သက်သာသွားသည်နှင့် အော်ဟာစ်တော့၏။

"ကျုပ်ကို ထားရစ်ခဲ့ပါစိမ်း ထားရစ်ခဲ့ပါတော့ ကျုပ်အတွက် မင်းသိပ်ပင်ပန်းနေရပြီ"



www.burmeseclassic.com

www.burmeseclassic.com



နာကျင်ထိခိုက်စွာ အော်ဟစ်နေသည့် သူ့မျက်နှာကို မကြည့်ရက်သလို တုန်ရင်မောဟိုက်နေသည့် အသံကို မကြားရက်တော့ပါ။

"စိမ်းကို ခွင့်လွှတ်ပါနော် . . ကိုကို့ကို စိမ်းပစ်မထားပါဘူး"

"တောင်းပန်ပါတယ်၊ ကိုယ့်အနားက ထွက်သွားပေးပါစိမ်း၊ ကိုယ်တစ်ယောက်တည်း အေးအေးဆေးဆေးနေပါရစေ"

စိမ်းမျက်ရည်တွေ ပါးပြင်နှစ်ဘက်ပေါ် စီးဆင်းကျလာသည်။

သူ့ကိုမကြည့်ရက်တော့သလို လှည့်ထွက်လာခဲ့မိ၏။

သူမအခန်းထဲပြန်ရောက်တော့ ဆောက်တည်ရာမရသလို ငိုချလိုက်မိသည်။

သူ . . ရိပ်မိသွားပြီ ထင်ပါရဲ့ . .

ငါနဲ့ မိုးချိုအကြောင်းကို ရိပ်မိသွားပြီလား . . ဒါမှမဟုတ် မိုးချိုက ဖွင့်ဟပြောပြလိုက်တာလား . .





ငါ့အပေါ်မှာ ယုံကြည်မှုတွေ လျော့နည်းသွားပြီဆိုရင် ငါအမြန်ဆုံး ထွက်သွားတာပဲ ကောင်းပါတယ်လေ။

စိမ်းရုတ်တရက် အိပ်မပျော်နိုင်။

မိုးလင်းကာနီးမှပင် အိပ်ပျော်သွားခဲ့သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

နောက်တစ်နေ့နံနက်တွင် စိမ်းနု အတော်နေမြင့်မှပင် အိပ်ရာမှ နိုးလာသည်။

စိမ်းနုအိပ်ရာမှ နိုးလာချိန်တွင် သူမရှိတော့ပေ။

"မမစိမ်းနု အန်ကယ်လေချို မရှိတော့ဘူး ထွက်သွားပြီ"

နုနုနှင့် မိညိုတို့ ပြောစကားကြောင့် စိမ်းနုထိတ်လန့်တုန်ရင်သွားရသည်။

"သူ ဘယ်သွားလို့လဲ"

"မနက်စောစော မိညိုနိုးတော့ အန်ကယ်က အိမ်တံခါးမကြီးကို သော့လှည့်ဖွင့်နေတယ်လေ၊ အန်ကယ်ဘယ်သွားမလဲလို့ မေးတော့ ခရီးထွက်မလို့တဲ့၊ ငါ့အတွက်စိတ်မပူကြနဲ့၊ ငါရက်အတော်ကြာကြာ ခရီးသွားမယ်လို့





ပြောသွားခဲ့တယ်၊ မမစိမ်းနုကို လာနိုးမလို့ဘဲ၊ အန်ကယ်က မနိုးရဘူးတဲ့ ဒါကြောင့် . . "

မိညိုစကားကို နားထောင်ပြီး ရင်ထဲမှာ ထိခိုက်နာကျင်နေမိသည်။

ကိုကိုရယ် . .

တကယ်ဆို စိမ်းကိုပြောသွားသင့်ပါတယ်။

စိမ်းဟာ ကိုကို့အနားမှာ မညည်းမညူတစ်ရက်မပြတ်စောင့်ရှောက်နေတဲ့ သူပါ ကိုကို . .

ခုတော့ ကိုကို့လုပ်ရပ်က စိမ်းကားဥပေက္ခာပြုလွန်းပါတယ် . .

သူ့ရင်ထဲ တစ်ခုခုထိခိုက် နာကျင်သွားတာ ဖြစ်ရမည် . .

အိမ်မှာ ပျော်ရွှင်ချမ်းမြေ့စွာ အချိန်မပြတ်ရှိနေခဲ့သည့် သူက ယခုလို ထွက်ခွာသွားသည်ဆိုတော့ . .

စိမ်းနုနားလည်ရပါပြီ . .

မိုးချိုကြောင့် သူထွက်ခွာသွားတာ ဖြစ်ရမည် . .

စိမ်းနု သူ့အခန်းထဲသို့ ပြေးဝင်ခဲ့တော့ အခန်းကပုံစံမပျက်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲ ထူးခြားသည်။

အဝတ်ဗီရိုကို သူပြန်မပိတ်ခဲ့။

အဝတ်တွေ အတော်လျော့နေတာ ကြည့်ပြီး ငိုချင်သွားမိ၏။

သူရက်အတော်ကြာကြာ ပြန်မလာတော့ဘူးဆိုတာ သေချာနေပြီ မဟုတ်ပါလား . .

သူ့ခုတင်ဘေးစားပွဲပေါ်ရှိ သူ့ဒိုင်ယာရီစာအုပ်ကို ရှာတော့ အလွယ်တကူ မတွေ့ရ။

သေချာရှာမှ မွေ့ရာအောက်က တွေ့ရလေသည်။

ဒိုင်ယာရီထဲမှာ သူရေးသွားခဲ့သည့် စာပိုဒ်များက စိမ်းနုအသည်းကို တစ်ဖဲ့ချင်းခြွေနေသည်။

ကိုယ့်အတွက် အမြဲတမ်းစာနာပေးခဲ့တဲ့ အကြင်နာသခင်မလေးရယ် . . မင်းလေးကို ကိုယ်အမြဲတမ်း လေးစားနေမှာပါ . .

တကယ်တော့ မင်းနဲ့ မိုးချိုဟာ သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူတွေပါလား၊ ကိုယ့်ပယောဂကြောင့် မိုးချိုကို မင်းမုန်းသွားခဲ့တာပေါ့နော်၊ ကိုယ်ဟာ မင်းတို့နှစ်ဦးကြားက တံတိုင်





ကြီး တစ်ခုလို အနှောင့်အယှက် အဖျက်အဆီးကြီး တစ်ခုပါပဲ စိမ်းရယ် . . သည်အတွက်ကိုယ်စိတ်မကောင်းပါဘူး . .

စိမ်းဆက်မဖတ်နိုင်တော့ပေ။

သူ့ကိုရှာဖွေရန် အိမ်မှကားကိုယူ၍ သင်္ဘောဆိပ်သို့ လိုက်လာခဲ့သည်။

မမီတော့ပါ။

နံနက်စောစော ရထားဖြင့် မုတ္တမမှ ရန်ကုန်သို့ သူလိုက်ပါသွားပြီထင်သည်။

ရထားဘူတာရုံမှာ မတွေ့ရတော့သဖြင့် မော်လမြိုင် ပြန်လာကာ ကားဂိတ်နှင့်လေယာဉ်ကွင်းမှာ ရှာရပြန်သည်။

ဘယ်မှာမှ မတွေ့ရပေ။

အိမ်ပြန်ရောက်တော့ ညနေသုံးနာရီကျော်နေပေပြီ . .

စိတ်ပျက်လက်ပျက် ထိုင်မှိုင်နေသည့် မိုးချိုကို တွေ့လိုက်ရသည်။

"ကိုလေချိုကို ရှာမတွေ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မတွေ့ခဲ့ဘူး"

"သူ့အပေါ် စိမ်းနုသိပ်ချစ်နေပြီကိုး၊ မောင့်ကြောင့် အခုလို စိတ်သောကရောက်ကြရတဲ့အတွက် စိတ်မကောင်းပါဘူး စိမ်းနုရယ် . . ဆိုးဆောရီးပဲ"

"ရှင်ဟာ ဝေဒနာသည် တစ်ယောက်ရဲ့ ဘဝကို မညှာမတာ ဖျက်ဆီးခဲ့တဲ့ လူပဲ၊ ရှင့်ကို ကျွန်မသိပ်မုန်းတယ် သိလား"

စိမ်းနုခါးခါးသီးသီး ပြောလိုက်မိသည်။

"မုန်းနိုင်ပါတယ်ဗျာ မုန်းပါ၊ မေ့ပါ၊ ရက်စက်ပါ၊ မောင်ကလဲ စိမ်းနုကို တွေ့လိုက်ရတော့ မောင့်ချစ်သူစိတ် ပြန်လည်လာမလားလို့ ရူးမိုက်စွာပြောခဲ့မိတဲ့ စကားတွေ အတွက် တောင်းပန်ပါတယ်"

သူတကယ် စိတ်ထိခိုက်နေမှန်းသိသာ ပေါ်လွင်နေပါသည်။ သို့သော် စိမ်းနု ဂရုမစိုက်နိုင်ပါ။

"မလိုပါဘူး ရှင်တောင်းပန်နေလဲ ဦးလေးချိုက ပြန်ရောက်မလာတော့ဘူးလေ၊ သူပြန်လာတဲ့နေ့အထိ ကျွန်မ စောင့်နေမယ်"





သူမ ရဲရင့်ပြတ်သားစွာ ပြောလိုက်သည်။

"ကိုယ့်အတွက်ကော မစဉ်းစားတော့ဘူးလား"

စိမ်းနုရယ်မောလိုက်သည်။ နာကြည်းသည့် ရယ်မောသံရယ်ပါ။

"ရှင့်အမေက သဘောမတူဘူး ပြောလာကတည်းက ရှင့်ကို ကျွန်မဖြတ်ခဲ့ပြီးပြီ၊ နောက်ထပ်မပတ်သက်ချင်တော့လို့ အိမ်ပါရောင်းပြီး ထွက်ပြေးပုန်းရှောင်ခဲ့တာ ရှင်နားမလည်ဘူးလား"

"ဟုတ်ကဲ့ နားလည်ပါပြီ"

စိမ်းနုရင်ထဲမှာ နာကျင်ကြေကွဲနေမိသည်။

မိုးချိုအပေါ် စာနာရကောင်းမှန်း မသိလောက်အောင် လေချိုအတွက် ပူပန်စိုးရိမ်မှု ပိုနေလေသည်။

"အချစ်ရယ် နေ့စဉ် နာရီကွဲခဲ့တဲ့ မနက်ခုနစ်နာရီလေးဆယ့်ငါးမိနစ် အချိန်ရောက်တိုင်း ချစ်ဆုံးလေးကို မောင် သတိရမိခဲ့တာ တစ်ရက်မပြတ်ပါဘဲ . . ခုတော့ မောင်နားလည်ပါပြီ"

သူကြေကွဲဆို့နင့်စွာ ပြောပြီး စိမ်းနုမျက်နှာကို ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနု သူ့ကို တောင်းပန်သလို ကြည့်နေပြီးမှ တစ်ခွန်းချင်းပြောနေမိ၏။

"စိတ်တန်ခိုးဆိုတာ ဆန်းကျယ်ပါတယ် ကိုမိုးချို၊ ကျွန်မကြောင့် အံ့ဩဖွယ်ကောင်းလောက်အောင် ရောဂါပျောက်ကင်းနေပြီဖြစ်တဲ့ ကိုလေချိုကို ကျွန်မ ပစ်မထားနိုင်ဘူးဆိုတာ နားလည်ပေးပါ"

"ကိုယ်ရောက်လာခဲ့တဲ့အတွက် အခုလို ကြေကွဲဝမ်းနည်းစရာတွေ ဖြစ်ခဲ့ရတာပါစိမ်း၊ ကိုယ့်ကို ခွင့်လွှတ်ပါနော်၊ ကိုယ်ပြန်တော့မယ်"

စိမ်းခေါင်းညိတ်လိုက်ပြီး အခန်းထဲပြေးဝင်ခဲ့မိသည်။

အိပ်ရာပေါ် ပစ်လှဲချပြီး ငိုရှိုက်နေမိ၏။

ပြီးတော့ ရန်ကုန်သူ့အိမ်သို့ ဖုန်းဆက်လိုက်မိသည်။

သူရောက်လာသလားဟု . .

သူရောက်မလာကြောင်း ကြားသိရသောအခါ စိမ်းရှိုက်ကြီးတငင် ငိုချလိုက်မိသည်။

ကိုကိုတစ်ယောက်နေလို့မှ ကောင်းပါလေစ။





တစ်ယောက်တည်း ကျောခိုင်းထွက်ခွာသွားတာ ဘယ်နေ့ဘယ်အချိန်မှများ ပြန်လာပါ့မလဲ ကိုကိုရယ် . .

ဟု တမ်းတနေမိ၏။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

တစ်ပတ်ခန့်ကြာသောအခါ စိမ်းနုရွာသို့ ပြန်လာခဲ့သည်။

ရွာမှာ ကိုကိုနှင့် ဆုံတွေ့ရမည်ဟု မျှော်လင့်ချက်ကြီးစွာ ထားခဲ့မိလေသည်။

ရွာနှင့် ပင်လယ်၊ ကျောက်ဆောင်တန်းတို့သည် မပြောင်းမလွဲ တည်ရှိနေဆဲပင်။

ကျောက်ဆောင်စုစုတွေကို ဖြတ်ကျော်ခဲ့ပြီး သောင်ပြင်ကျယ်ပေါ် တစ်ယောက်တည်း လျှောက်နေမိသည်။

တစ်ခါက သူခရုချွန်ဖြင့် ရေးခဲ့သည့် စာကြောင်းလေးတွေကို မြင်ယောင်နေမိသည်။

တစ်ခဏတွေ့ကြရပေမယ့် ထာဝရမမေ့ကြေးနော်တဲ့။





သူနှင့်တွေ့ဆုံခဲ့ကြသည့် ညနေခင်းလေးတွေကို တမ်းတနေမိသည်။

အခုလို ရွာပြန်ရောက်တော့ မလွမ်းဘဲနေပါ့ မလား၊ တသိမ့်သိမ့်တွေးပြီး တိတ်တိတ်လေး လွမ်းနေမိသည်ပေါ့။

တောင်ပေါ် စေတီမှ လွင့်ပျံ့လာသည့် ဆည်းလည်းသံသာကို ကြားလိုက်ရသည်။

ရင်ထဲမှာ ပိုပြီး လွမ်းဆွေးတမ်းတစွာ ခံစားလိုက်ရ၏။

ကျောက်ဆောင်တွေပေါ် တက်လာခဲ့မိသည်။

ဟော ဟိုနေရာလေးပေါ့ စိမ်းနုရေထဲထိုးကျသွားခဲ့တာ သူကယ်တင်ခဲ့တဲ့ နေရာလေးပါလား . .

စိမ်းနုနဲ့ ဆုံခဲ့ရပြီးမှ ကိုယ့်စိတ်တွေ အင်အားပြည့်လာသလိုပဲ စိမ်းနု၊ အရင်တုန်းကဆို ဝေဒနာခံစားနေရမယ့်အစား ကိုယ်မြန်မြန်သေချင်မိတယ် . . . ခုတော့ ကိုယ်မသေချင်တော့ဘူး၊ အသက်ရှင်ချင်သေးတယ် . .

ကိုယ်ကျောင်းပြီးတော့ အိမ်ကထုတ်ပေးတဲ့ ငွေနဲ့ ပရိုဂျူဆာလုပ်ခဲ့တယ်၊ ရောဂါဖြစ်လာတဲ့ အချိန်ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



လူတွေနဲ့ အဆက်ပြတ်သွားခဲ့တယ်၊ ပတ်ပန်းကျင်ကို ကျောခိုင်းခဲ့တယ်ဆိုပါတော့၊ ဒီနေရာကိုရောက်ခဲ့ရတာက ကိုယ့်ဆရာဝန်က တိုက်တွန်းလို့ ခရီးထွက်ခဲ့မိတာ၊ စိတ်အပြောင်းအလဲဖြစ်စေချင်လို့တဲ့၊ ခုတော့ ကိုယ်စိတ်ပြောင်းသွားပြီ။

သူ့စကားသံတွေ နားမှာဝေနေ၏။

ဘယ်လိုမှ မေ့ဖျောက်လို့ မရနိုင်ပါလား . .

သူသည် မေ့ပစ်သင့်သူတစ်ယောက် မဟုတ်ပါ။ စိမ်းဘဝမှာ သူ့ကို အချစ်ဆုံးပင်ဖြစ်ခဲ့သည်။

သူတစ်ယောက် ရွာနှင့်ပင်လယ် ကျောက်ဆွယ်တန်းတွေဆီ ရောက်လာလိမ့်မည် အထင်ဖြင့် ရွာပြန်လာခဲ့ပြီး စိမ်းနုစောင့်မျှော်နေခဲ့သည်။

သို့သော် သူကရောက်မလာပါ။

သည်လိုနှင့် တစ်လခန့်ကြာသွားခဲ့သည်။

"သူ ရန်ကုန်ပြန်ရောက်ချင် ရောက်နေမှာပေါ့၊ ဒါမှ မဟုတ် မော်လမြိုင် ရောက်ချင်ရောက်နေမယ်၊ စိမ်းနုပြန်ပြီးသွားကြည့်ရင် ကောင်းမယ်"

မမသိမ်းနုမေ စိတ်မကောင်းဖြစ်စွာ ပြောခဲ့သည်။

"သူနဲ့ မတွေ့ရင် စိမ်းနုဒီကို ပြန်လာရမှာလား၊ စောင့်နေရမှာလား"





"ဟိုမှာပဲ စောင့်နေပေါ့၊ သူ ရွာရောက်လာတဲ့နေ့ ညီမဆီကို မမကြေးနန်းရိုက်မယ်လေ ဘယ်လိုလဲ၊ မမက ဒီရွာမှာ တစ်သက်လုံးနေမယ့်သူဆိုတော့ သူပြန်လာမယ့်နေ့ မမရှိနေမှာပါ"

ကျောင်းဆရာကိုရေခဲနှင့် အိမ်ထောင်ကျသဖြင့် ကိုရေခဲဇာတိ ဤရွာမှာပင် တစ်သက်လုံးနေဖြစ်တော့မည့် သိမ်းနုမေ ပြောနေသည်။

တစ်လပြည့်ပြီး နောက်တစ်နေ့မှာပင် ရွာမှ စိမ်းနု ထွက်လာခဲ့၏။

သို့သော် မော်လမြိုင်ရောက်တော့ ရင်မောရပြန်သည်။

ရန်ကုန်အိမ်မှာလည်း သူရှိမနေပါ။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း-၆

နဝရတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

နေခြည်တစ်စုံ မှန်ပြတင်းကတစ်ဆင့် ကျွန်မမျက်နှာပေါ်ကို ဖြာကျလာတဲ့ အချိန်မှာ ကျွန်မဖျတ်ခနဲ လန့်နိုးသွားခဲ့ရတယ် . .

အိပ်ရာက နိုးနိုးချင်း ပထမဆုံး သူ့ကို ကျွန်မသတိရပါတယ် . .

အိပ်နေရာက လူးလဲထလိုက်ပြီး ပြတင်းတံခါးရှိရာ ကျွန်မလျှောက်လာခဲ့မိတယ် . .

ပြီးတော့ မှန်ပြတင်းကို တွန်းဖွင့်လိုက်ပြီး အနီရောင်မြေနီလမ်းလေးရှိရာ လှမ်းမျှော်ကြည့်လိုက်မိပါတယ် . .

ဒါက ကျွန်မရဲ့ နေ့စဉ်လုပ်နေကျ အလုပ်တစ်ခုပါ။

ခြံကျယ်ကြီးရဲ့ အလယ်က မြေနီလမ်းကလေး . .

သည်လမ်းကနေ သူထွက်ခွာသွားခဲ့တာ သုံးနှစ်တိတိ ရှိခဲ့ပါပြီ . .



www.burmeseclassic.com

www.burmeseclassic.com



သူတစ်နေ့ပြန်လာနိုးနဲ့ ရက်ပေါင်းများစွာ မရေမတွက်နိုင်လောက်အောင် ကျွန်မမျှော်နေခဲ့ရတာလည်း မောလှပြီပေါ့ . .

ဒါပေမယ့် သူတစ်ယောက်ကဖြင့် သည်နေ့အထိ ပြန်ရောက်မလာသေးပါဘူး . .

သေချာတာ တစ်ခုကတော့ တစ်နေ့သူပြန်ရောက်လာမှာပါ . .

အပြာရောင် ငှက်ကလေးတစ်စုံ ကျွန်မအနီးက ဖြတ်သန်းပျံဝဲသွားကြတယ် . .

လှောင်ချိုင့်ထဲက အဖြူရောင်ခိုလေးတွေကတော့ ကျွန်မကို စောင့်နေကြပြီ ထင်ပါရဲ့ . .

ညအိပ်ဂါဝန်ဖားဖားနဲ့ပဲ ခြံကျယ်ကြီးထဲ ကျွန်မပြေးဆင်းခဲ့မိတယ် . .

ခြံထောင့်မှာရှိတဲ့ ခိုလှောင်အိမ်ထဲက အဖြူရောင်ခိုတစ်ကောင်ကို ယူလာခဲ့ပြီး အိမ်ကြီးပေါ်ပြန်တက်ခဲ့ပါတယ်။





ပြီးတော့ အိမ်ကြီးရဲ့ အနောက်ဘက်ဝရံတာမှာ ကျွန်မအတန်ကြာရပ်နေမိတယ် . .

ညက ကျွန်မရေးခဲ့တဲ့ အဝါရောင်ရေမွှေးစာရွက်လေးက စာရေးစားပွဲပေါ်မှာ ထင်ပါရဲ့၊ ဒါမှမဟုတ် ခေါင်းအုံးဘေးမှာရှိနေလိမ့်မယ် . . .

အိပ်ခန်းရှိရာ တစ်လှမ်းချင်းလျှောက်လာခဲ့ပြီး စာရွက်ခေါက်လေးကို ရှာနေမိတယ် . .

ခုတင်ဘေးမှာကျနေတဲ့ စာရွက်လေးကို ကျွန်မကောက်ယူခဲ့ရတယ် . .

ပြီးတော့ အနောက်ဘက်ဝရံတာရှိရာ ပြန်လာခဲ့ပြီး စာရွက်ခေါက်လေးကို ခိုလေးရဲ့ ကိုယ်မှာ တွဲလောင်းချည်လိုက်ပါတယ် . . ဖဲကြိုးရှည်ကြီး မဟုတ်ပါဘူး . . ချည်လို့ရယုံ၊ ကြည့်ကောင်းယုံပါပဲ . .

ပြီးတော့ ခိုလေးမျက်နှာနားကပ်ပြီး တိုးတိုးလေး ပြောလိုက်မိတယ် . .

ခိုလေးရေ . .



www.burmeseclassic.com

www.burmeseclassic.com



သူရှိတဲ့ အရပ်ကိုရှာပြီး ဒီစာလွှာလေးရောက်အောင် ပို့ပေးပါကွယ် ..

အမြန်ဆုံးပြန်လာခဲ့ဖို့ အမှာစာလေးပါ ..

ခိုဖြူလေးကို ကျွန်မလွှတ်လိုက်တာနဲ့ ဖျတ်ခနဲ ရှန်းပြီးအဝေးကို ပျံသန်းသွားပါတော့တယ် ..

ဒါပါနဲ့ဆိုရင် စုစုပေါင်း ခိုဆယ်ကောင်ရှိပြီပေါ့ ..

ဘာဖြစ်လို့လဲ မသိဘူး ..

သည်ရက်တွေ အတွင်းမှာခိုနဲ့ စာပို့ချင်နေမိတယ်။

ကျွန်မရဲ့ စာလွှာလေးတွေ သူ့ဆီအရောက်ပို့ပေးနိုင်ကြပါ့မလား ..

ချစ်သူဆီ ခိုနဲ့စာပို့ရင် ရောက်တတ်သတဲ့ ..

ဒါကြောင့် ကျွန်မရဲ့ စာလွှာလေးတွေ သူ့ဆီရောက်အောင် ခိုလေးတွေနဲ့ တစ်ဆင့်ပို့ခဲ့မိတယ် ..

သူ့ထံ ကျွန်မရဲ့ စာလွှာလေးတွေ အမြန်ဆုံးရောက်နိုင်ပါစေ ..

သူထွက်ခွာသွားခဲ့တဲ့နေ့ကစပြီး သည်ကနေ့အထိ လုံးဝပြန်ရောက်မလာသေးပါဘူး ..





ဒါပေမယ့် ..

သူ့ကို တစ်ရက်မပြတ် ကျွန်မစောင့်နေခဲ့မိပါတယ်။

စိတ်တန်ခိုးဆိုတာ ဆန်းကျယ်တယ်တဲ့ ..

ကျွန်မကြောင့် အံ့သြဖွယ်ကောင်းလောက်အောင် ရောဂါပျောက်ကင်းခဲ့တဲ့ သူဟာ ကျွန်မ မပါဘဲ သူဘဝဆက်လက်ရှင်သန်နေနိုင်ပါ့မလား ..

သူ့အသက်ရှင် ရပ်တည်လျက် ရှိနေပါတော့မလား ရယ်လို့ ကျွန်မ .. မကြာခဏ ပူဆွေးသောက ရောက်ခဲ့ရတာလည်း အခါခါပါပဲ ..

ဒါပေမယ့် ကျွန်မမျှော်လင့်နေမိပါတယ် ..

ယုံကြည်မှုတော့ မဟုတ်ဘူး ..

ကျွန်မအတွက် သူ မျှော်လင့်ချက်ထားနေသေးတယ်ဆိုရင် ကျွန်မကို ချစ်တဲ့စိတ်တစ်ခုထဲနဲ့ သူအသက်ရှင်နေဦးမှာပါ ...

မနက်ဖြန်ရောက်ဖို့ကို ကျွန်မအမြဲလိုလို စိတ်စောနေမိတယ် ..



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ မြေနီလမ်းလေးကနေ သူပြန် လာမလားလို့ပေါ့ . . .

စာဖတ်ပရိသတ်များအား လေးစားချစ်ခင်

ကျေးဇူးတင်ပါသည်။

စာရေးတဲ့

စုလှဖြူ

BURMESE CLASSIC .com
www.burmeseclassic.com